

www.burmeseclassic.com
သိန်းမင်းစာပေ
BURMESE CLASSIC
လုံးချင်းဝတ္ထုသစ်
မြသားသွင်
ပြိုအက်သွားသောမျှော်လင့်တံတား
မန်းချိုသိန်းရွှေကြည်
2007
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၂၇၀၄၀၇
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၇၁၆၀၆၀၇

ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ်
အုပ်ရေ ၅၀၀

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
ခုတ် ၆/၃၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

**တန်ဖိုး ၁၀၀ ကျပ်**

**ကွန်ပျူတာ**
**Dream City**

# ပြိုအက်သွားသော မျှော်လင့်တံတား

## မြသားသွင်

www.burmeseclassic.com

www.burmeseclassic.com

# မြသားသွင်

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သိန်းမင်းစာပေ

BURMESE CLASSIC

# အပိုင်း (တစ်)

www.burmeseclassic.com

www.burmeseclassic.com

မောင်...

အချစ်ဆိုတဲ့အရာကို မေးဆပ်စွန့်လွှတ် ခြင်းဖြင့် မဆောင်ယူလို...

ရယူခြင်းဖြင့်သာ ပိုင်ဆိုင်လိုသူကို တစ်ကိုယ်ကောင်း ဆန်လွန်းသူ အတ္တကြီးလွန်းသူ ရယ်လို့ သတ်မှတ်သင့်ပါသလား...



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရောက်လာလို့ အချစ်ဆိုတဲ့အရာကို ခံစားနားလည်လာတတ်ကြတဲ့ လူသားတိုင်းမှာ သတ်မှတ်ချက် စံရယ်လို့ အတိအကျမရှိဘဲ သိပ်ကိုလှပတဲ့ စိတ်ကူးယဉ်တံတားလေးတစ်ခု တည်ဆောက်ပြီး ကိုယ့်နှလုံးသားနဲ့ ထပ်တူမြတ်နိုးရတဲ့ ချစ်ရတဲ့ ချစ်သူနဲ့အတူ ယှဉ်တွဲပြီး သာယာငြိမ်းချမ်းတဲ့ ချစ်ကမ္ဘာလေးကို ဖန်းတီးတည်ဆောက်နိုင်ကြဖို့ လွတ်လပ်မျှော်ရှင်ခြင်းတွေ ကြီးစိုးနေတဲ့ မျှော်လင့်တံတားလေးကို ဖြတ်သန်းလျှောက်လှမ်း ချင်ကြမှာပါ...။

လှပတဲ့ ပန်းချီကားလေးအဖြစ် သက်ဝင်လှုပ်ရှားလာနိုင်ဖို့ ကြိုးစားပမ်းစား ရေးချယ်ပြီး အောင်မြင်သွားကြတဲ့ ချစ်သူများစွာ ဘဝများစွာအတွက် သူတို့တစ်တွေ ကျေနပ်ပျော်ရွှင်နေကြတဲ့ အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပင်ပင်ပန်းပန်း တည်ဆောက်ထားခဲ့ရတဲ့ စိတ်ကူးလှလှလေးနဲ့ အိပ်မက်တံတားလေးကတော့ မွန်းကျပ် ပိတ်လှောင်နေတဲ့ ခံစားချက် ဝေဒနာတွေကြားမှာ လွတ်လပ်မှု တွေ ဆုံးရှုံးလို့ မိုးသိပ်ချုပ်တည်းခြင်းဆိုတဲ့ အရာနဲ့ အပြီးတိုင် ပြိုအက်သွားခဲ့ရပြီ ဆိုရင်တော့

အဲသည့် ပြိုအက်သွားတဲ့ မျှော်လင့်တံတား ပိုင်ရှင်ရဲ့ ရင်ထဲ နှလုံးသားထဲက သောကဝေဒနာတွေကို ရှင်တို့အားလုံး ထပ်တူထပ်မျှ မဟုတ်ခဲ့ရင်တောင်မှ အနည်းနဲ့ အများတော့ စာနာနားလည်နိုင်ကြလိမ့်မည် ထင်ပါသည်ကွယ်...။

* * *





စိတ်ချဉ်မြိမ်ခြင်းများ ကြီးစိုးမင်းမူနေသည့် ပတ်ဝန်းကျင်မှ တီးတိုးစကားပြောသံ သဲ့သဲ့ကို တစ်ခါတရံ ကြားရ၏။ ဆေးနံ့ ထုံသော လေထုသည် မွန်းကျပ်သယောင်ရှိသည်။ တောက်ပ ခြင်း ကင်းမဲ့နေမည့် မျက်ဝန်းညိုများသည် အခန်းနံရံကို ငေးစိုက်ကြည့်နေသည်မှအပ ဘာကိုမှ မြင်တွေ့ပုံမရပါ။

သည်နေ့သည် သူမ ဆေးရုံသို့ ရောက်ခဲ့ပြီးနောက် ဆဋ္ဌမမြောက်နေ့ ဖြစ်၏။ မွန်းကျပ်ခက်ခဲစွာ၊ ပင်ပန်းဆင်း ရဲစွာ၊ အသက်ရှူနေရခြင်းကို ဆက်လက်ရင်ဆိုင်ရန် သူမတွင် ဆန္ဒမရှိတော့ပါ။ သေးသွယ်ပါးလှပ်သည့် သူမ ခန္ဓာကိုယ်အနှံ့ ထိုးစိုက်ခြင်းခံရသည့် အပ်ပေါင်းများစွာအတွက် နာကျင် မှုသည် သူမနှင့် မည်သို့မျှ မသက်ဆိုင်တော့ဟု ထင်သည်။ ထို့အတူ သူမ ခံစားခဲ့ရသည့် ဝေဒနာများစွာ သောကများစွာ



www.burmeseclassic.com

www.burmeseclassic.com



လွမ်းဆွတ်သတိရခြင်း များစွာတို့သည်လည်း တိ ာကဆိတ် ငြိမ်းဆုံးကွယ်ပျောက် သွားရတော့မည်မှာ သေချာသည်။

ထိုအတွက် သူမတွင် ဝမ်းနည်းမှုမရှိ ဝမ်းသာမှုလည်း ဖြစ်ထွန်းမလာခဲ့ပါ။ အရာရာအတွက် သူမသည် ပေးဆပ်သူ သက်သက်ဖြင့်သာ ပြီးဆုံးခဲ့ရသူပဲ ဖြစ်လိမ့်မည်။ သူမဘဝ သူမ နှလုံးသားအတွက် စစ်မှန်သည့် ဆန္ဒများစွာ စကား များစွာကို သူမနှင့်အတူ ယူဆောင်သွားသည်မှအပ မည်သူကိုမှ သိအပ်စေမည် မဟုတ်ခဲ့ပါ ချစ်သူရယ်...။

'ဖြစ်နိုင်ပါ့မလား' ဆိုသည့် အကြောင်းအရာတွေ မရှိတော့တာ သေချာသည့် အရပ်တွင် သူမအတွက် ငြိမ်းချမ်းမှု တစ်စုံတစ်ရာ ရှိနိုင်လိမ့်မည်ဟု ယုံကြည်သည်။

ထားရစ် စွန့်ပစ်ခြင်းတွေ မရှိသည့်နေရာ...။

အတ္တ၊ မာနတွေ ပျောက်ဆုံးနေသည့်နေရာ။

အငြိုးဖွဲ့၍ ရက်စက်မည့်သူများ မရှိသည့်နေရာ...။

အဲသည့်နေရာသစ် တစ်ခုရှိရာ အရပ်ကို ကျွန်မသွားဖို့ ဆုံးဖြတ်ခဲ့ခြင်းအတွက် ရှင် ဘယ်သောအခါမှ ဝမ်းမနည်းပါနဲ့ ခိုးရယ်။ အပြီးတိုင် ခွဲခွာကြရမယ့် အဲဒီဝေးကွာခြင်း အရပ်မှာ





ရှင် မြတ်နိုးသူတစ်ယောက် ငြိမ်းချမ်းစွာ ရှိနေပြီဆိုတဲ့ အသိနဲ့ ကြေကွဲမဲ့ မျက်ရည်စက်တွေကြားက အားတင်းလို့ မင်း ပြုံးထားစမ်းပါကွယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဘဝတစ်ခု ဖြစ်လာနိုင်ဖို့အတွက် ကျန်တဲ့ဘဝတွေကို မဖျက်စီးစေချင်ဘူး၊ အထူးသဖြင့် တင်တင်ဟာ မေပန်းချီရဲ့ ကျေးဇူးရှင်မိခင်ပဲ မဟုတ်လား... ကျေးဇူးမဆပ်နိုင်ရင်တောင်မှ သူ့ဘဝအတွက် ကျေးဇူးသိ ငဲ့ညှာသင့်တယ်"

စကားသံတွေ...

နံရံတွေကိုများ ထိုးဖောက်လွင့်မျောပြီး ရောက်ရှိလာသလားဟု ထင်ရအောင်ပင် သူမ ဝန်းကျင်တွင် ပဲ့တင်ထပ်နေ၏။ ရွှေတိုက်စိုးကို ချစ်ခဲ့မိသည့်အတွက် ဘဝများစွာပျက်စီးသွားနိုင်သည်ဟု သူမအတွက် မထင်တတ်ခဲ့ပါ။ စိုးကို ချစ်ခဲ့သည့်အတွက် သူမတွင် သိပ်ကိုကြီးမားသည့် အပြစ်ဖြစ်လာလိမ့်မည်ဟုလည်း မယုံကြည်ခဲ့။

အခုတော့ သူမတွင် ထင်မြင်ယူဆချက်တို့ ပျက်ပြယ်





လုနီး သံသယ ရိပ်မည်းတို့ လွှမ်းမိုးခံခဲ့ရပြီ။ ရွံရှာမုန်းတီးနေသော မျက်လုံးများစွာ၏ ဒဏ်ကို သူမ ခံရသည်။ အထင်အမြင် သေးနုတ်သည့် စကားများစွာကို နားနှင့် မဆံ့အောင်ကြားနေရပြီး ထိမထင် ဆက်ဆံရေးတွေအောက်မှာ ဘယ်လိုပဲ မာန့်တင်းမာန်ဆောင် နေစေဦးတော့ သူမ နှလုံးသားတွေ မွမွကြေနေပြီဆိုတာလည်း အသေအချာပါပဲ...။

သူမ မြတ်မြတ်နိုးနိုး ရွေးချယ်တန်ဖိုးထားခဲ့သည့် ချစ်သူကို တစ်နေ့ကြရင် အမုန်းမပါဘဲ သူစိမ်းဆန်စွာ လမ်းခွဲရလိမ့်မည်ဟု ဘယ်လိုမှ မထင်တတ်ခဲ့ရာ။ ချစ်သူကို ချစ်ခဲ့ပါသည့် အချိန်နှင့်အတူ ဘယ်လို မှ ပေါင်းစပ်ဆုံစည်းခွင့် မရနိုင်တော့တာကို သိလိုက်ရတော့ အံ့ဩတုန်လှုပ်စိတ်နှင့် ကြေကွဲဝမ်းနည်းရပြန်သည်။

နှလုံးအိမ်တွင် စက္ကန့်မလပ် ပိုင်စိုးနေရာယူ ရှိနှင့်နေသည့် ချစ်သူကို မေ့လျော့ပျောက်ဆုံးသွားအောင် နှလုံးသားထဲက ထုတ်ယူဖယ်ရှားခွင့်အတွက် ဘယ်လိုစွမ်းအင်မျိုးကို သူမ ရယူပိုင်ဆိုင်ရမည်တဲ့လဲ ...။

ရွှေတိုက်စိုး



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ကျွန်မ သိပ်ချစ်တယ်...

ဒါပေမဲ့...

သေချာတာ တစ်ခုကတော့ ကျွန်မတို့နှစ်ယောက် ဘယ်လိုမှ ပိုင်ဆိုင်ပတ်သက်ခွင့် မရှိနိုင်တော့ဘူး ဆိုတာပါပဲ။

* * *



"မေပန်းချီ"

www.burmeseclassic.com

www.burmeseclassic.com



သူမဘဝ၏ ပိုင်ဆိုင်မှုကို စတင်၍ ရေတွက်ကြည့်မည် ဆိုလျှင် ဖိုးငယ်စဉ် ကလေးဘဝမှစ၍ ယခုအချိန်အထိ ဘယ်လိုလူမျိုးမှ မတောင့်တဖူးသည့်၊ ဘယ်သောအခါမှလည်း တောင့်တရယူ ပိုင်ဆိုင်ချင်ကြမည် မဟုတ်သည် လာန်မင်းစွာ စိတ်ကို နာကျင်စေသော စွန့်လွှတ်ထားရစ်ခြင်း ခံရသော ထိခိုက်ကြေကွဲ ဖွယ်ရာများစွာကို သူမသည် ဘဝဆန်စွာ ပိုင်ဆိုင်ခွင့် ရခဲ့ခြင်းကပင် စတင်ရေတွက် ကြည့်သင့်သည်။

သောကကို အပေးအယူလုပ်၍ ဒုက္ခကို အရင်းတည် နေရသော သူမဘဝတွင် လွန်မင်းရှားပါးစွာ ပိုင်ဆိုင်ခွင့် ရ ဘတ်သော ပျော်ရွှင်မှုဆိုသည်မှာ ရွှေတိုက်စိုးဆိုသည့် လူ တစ်ယောက် တွေ့ရသည့် အခိုက်အတန့်မှာ အဖြစ်နိုင်ဆုံး ဖြစ်မည်ဟု ထင်သည်။

များသောအားဖြင့် သူမ ဘဝသည် ပျော်စရာမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ သေချာသည်။ အေးစက်တည်တင်းသော မျက်နှာပြင်နှင့် အစဉ်ထာဝရ တင်းတင်းစေ့ ပိတ်ထားတတ်သည့် နှုတ်ခမ်းနှစ်လွှာတို့ကြောင့် လှပနုငယ်သော မျက်နှာပြင်နှင့် ဆန့်ကျင်ဘက် ဖြစ်နေတတ်သည်။ တမင်လေ့ကျင့် ရယူခဲ့ခြင်းမဟုတ်သည့် စကားနည်း အေးစက်တည်တင်းမှုတို့သည် ဘယ်တော့မှ ထုံပြယ်လာနိုင်စေရာ မရှိသလို သူမ၏ ထူးခြားမှု ဟန်အမူအရာတို့ကြောင့် မလိုလားအပ်သော စကားများစွာကို ပြန်ကားစေခဲ့သည်။

အပိုစကားကို ပြောရန် အင်မတန် ဝန်လေးတုံ့နှေးတတ်ပြီး စိတ်မပါဘဲ ဟန်ဆောင်ရခြင်း အလုပ်ကို သူမ ရွံ့မုန်းမိသည်။ သူများအကြောင်းကို မစပ်စုတတ်သလို သူမကို စပ်စပ်စုစု မေးမြန်းခြင်းခံရသည့်အခါ ဘယ်လိုမှ သည်းညည်းမခံနိုင်စွာ ဖြတ်သားစွာ ဆက်ဆံမိသည်။ ထိုအခါ သူမသည် မာနကြီးသော ဘဝင်မြင့်နေသည်ဆိုသော ပေါင်းသင်းဆက်ဆံရေး အညံ့ဖျင်းဆုံး ရှိင်းပြသော သူအဖြစ် သူမနှင့် ပတ်သက်သောတ ဝန်းကျင်တစ်ခုတွင် ထင်ထင်ရှားရှား သတ်မှတ်ခြင်း ခံရတော့သည်။





ထိုသို့ဖြစ်ရခြင်းအတွက် သူမတွင် ထိခိုက်ဝမ်းနည်းစရာမရှိ... ဝမ်းသာခြင်းမျိုးလည်း ဖြစ်ထွန်းမလာ။ သူမဘဝတွင် ဤသို့ဖြစ်ရခြင်းမှာ အစဉ်အလာကဲ့သို့ ဖြစ်နေ၏။ ထို့ကြောင့်လည်း ထူးပြီး မခံစားဖြစ်တော့တာလည်း ဖြစ်နိုင်သည်။

အမှန်ကို ဝန်ခံရမည်ဆိုလျှင် သူမအနေနှင့် လူများများဖြင့် နေလိုစိတ်မရှိပါ။

သူမ တစ်ဦးတည်းသော သီးသန့် တွေးနေဝေးနေချင်သည်။ သို့သော် သူမသည် ထိုဆန္ဒများနှင့် ဆန့်ကျင်စွာ ဖြစ်တည်နေသည့် လက်ရှိဘဝတွင် သင့်လျော်ဝင်ဆံ့အောင် အစွမ်းကုန် ကြိုးစားနေရသည်။ မည်မျှပင် နာကြည်းမုန်းတီးနေသည့် သူပဲဖြစ်ဖြစ် ဘယ်လိုမှ လွှဲဖယ်တိမ်းရှောင်၍ မဖြစ်နိုင်တော့သည့်အခါ အနည်းဆုံး လူမှုရေး စည်းကမ်းများအရ ခေါင်းညိတ် ခေါင်းခါပြုသည့်ဟု သူမ နားလည်ထားသည်။

သို့သော် သူမ၏နားလည်မှုစည်းကို ဖျက်ချိုး၍ ဝတ်ဆိုးဝင် စိန်ခေါ်သူတစ်ဦးကြောင့် သူမသည်လည်း သည်းခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်း ကုန်ခန်းစွာ တုံ့ချေမိတော့သည်။ ဤသည်မှာ သူမ၏ မှားယွင်းဆိုးရွားမှု မဖြစ်နိုင်ဟု ထင်သည်။ ဒီကိစ္စနှင့်ပတ်သက်၍ သူမနှင့် ရွှေတိုက်စိုးတို့ ဤမျှသဘောထားကွဲလွဲသွားလိမ့်မည်ဟု မယုံကြည်ခဲ့တာလည်းပါသည်။ အစိကအကြောင်းအရင်း၏ တရားခံမှာ ပန်ဒါ (သို့မဟုတ်) ခိုင်မမဖြစ်ပြီး ဒုတိယတရားခံမှာ ရွှေတိုက်စိုး၏ မိခင် ဒေါ်မြမြစိုးကိုယ်တိုင်ပဲ ဖြစ်သည်။

ထိုနေ့က ပန်ဒါ၏ တဇွတ်ထိုးနိုင်မှုကြောင့် ဒါမှမဟုတ်ပန်ဒါ၏ မလိမ့်တပတ် လှည့်စားမှုကြောင့် မည်သည့်အခါမျိုးတွင်မှ အိမ်မလည်တတ်သော အိမ်လည်သွားရမည်ကိုလွန်စွာကြောက်ရွံ့တတ်သော သူမသည် ပန်ဒါကို များစွာစိတ်ပျက်စိတ်ဆိုး မိသော်လည်း ဘာမှမပြောမိအောင် သူမကြိုးစားရသည်။ အဘယ့်ကြောင့်ဆိုသော ပန်ဒါ ခေါ် ခိုင်မမသည် သူမ ဘဝတွင် တစ်ဦးတည်းသော သူငယ်ချင်းအဖော်ဖြစ်၍ နေသောကြောင့်ဖြစ်သည်။

တောင်းပန်စကားကိုဆိုလျက် သူမကို အစွမ်းကုန်ချော့မော့ခြင်းဖြင့် ပန်ဒါသည် သူဖြစ်ချင်သည့် ဆန္ဒကို ဇွတ်အတင်း





ဖန်တီးရယူခဲ့တာ သေချာသည်။ မွမ်းကျပ် မနှစ်မြို့ခြင်းစိတ်ရှုပ်စိတ်ဆိုးခြင်းများဖြင့် ဘယ်လိုမှ ဟန်မဆောင်နိုင်စွာသူမ တစ်ကိုယ်တည်း ဧည့်ခန်းအလယ်တွင် ရှိနေရခြင်းနှင့်စူးစမ်းအကဲခတ်ဟန် မျက်ဝန်းများကို ပိုင်ဆိုင်ထားသည့်ပန်ဒါ၏ အဒေါ်ဖြစ်သူနှင့်အတူ ထိုင်နေသော အမျိုးသမီးကြီး၏ အပြုံးများကို သူမများစွာ မနှစ်သက်ပါ။

"သူလေးက ပန်ဒါ့ သူငယ်ချင်းလေး မေပန်းချီတဲ့"

ပထမဦးဆုံး နှီးနွှယ်မိတ်ဆက်ပေးခြင်းကို ပန်ဒါ၏အဒေါ်ဖြစ်သူက ပန်ဒါ အအေးပုလင်းများကို ထမင်းစားခန်းတွင်းသို့ သွားယူနေစဉ် အခိုက်အတန့်လေးမှာပင် အစပြုခဲ့လေသည်။

"မေပန်းချီ ဟုတ်လား၊ သိပ်လှတဲ့ နာမည်လေးပဲကွယ်၊လှနဲ့လဲ လိုက်ဖက်ပါတယ်၊ ဒါပေမဲ့ ဒီနာမည်ကို တစ်နေရာမှာများ ကြားဖူးသလားလို့ပါ၊ မေပန်းချီ မိဘတွေက ဘယ်သူတွေလဲ..."

မျက်ခုံးစိမ်းများ ကြုံမွေးထိစက်သွားပြီး မျက်ဝန်းတို့ကျဉ်းမြောင်းသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း...

လူတွေဟာ ဒီလိုပဲ မသိဆိုးရှာနိုင်လှစွာ စပ်စုတတ်ကြတာပါပဲလား...။

ခါးသက်ခြင်းများစွာ နာကြည်းခြင်းများစွာတို့က သူမရင်ကို အဦးဆုံး ထိုးနှက်တိုက်ခိုက်ကြ၏။ တစ်စုံတစ်ခုကို သူမနှုတ်မှ ထွက်အံဆဲဆဲတွင် အအေးလင်ပန်းနှင့်အတူ ပန်ဒါ ရောက်လာသည်။

"ပျင်းနေပြီလား ပန်းချီ"

သူမ ခေါင်းမညိတ် ခေါင်းမခါပါ။

သူမထံတွင် ထွက်ပေါ်လာမည့် အဖြေကို စိတ်ဝင်စားသည့် မျက်ဝန်း တောက်တောက်များဖြင့် နားစွင့်ငေးမော နေသည့် အမျိုးသမီးကြီးကို အေးစက်သော မျက်ဝန်းများဖြင့် စူးစိုက်ကြည့်ပြီးနောက် မျက်နှာလွှဲပစ်လိုက်သည်။

"ငါ ပြန်မယ် ပန်ဒါ"

ပြောလိုက်သည့် စကားသံနှင့်အတူ သူမ နေရာမှ ထရပ်လိုက်သော လှုပ်ရှားမှုက တစ်ထပ်တည်း ဖြစ်နေ၏။ မည်သည့်စကားမှ မဆိုနိုင်ခင် အံ့သြတွေဝေနေသည့် ပန်ဒါကို





ဖြတ်ကျော်၍ လှေကားထစ်များအတိုင်း ဖိနင်းခဲ့သည့် ခြေသံက ပတ်ဝန်းကျင်တွင် လွှမ်းမိုးရိုက်ခတ် ကျန်ခဲ့သည်။

"အို... မဟုတ်တာ၊ ငါ လိုက်ပို့မှာပေါ့"

ပန်ဒါ့ စကားသည် နောက်ပါးတွင် ကျန်ရစ်၏။ လှမ်းလိုက်သည့် ခြေလှမ်းတိုင်းတွင် နှလုံးသားတို့ နာကျင်မှုက ကြီးစိုးနေသည်။

"ပန်းချီ... ပန်ချီ ငါ့ကို စိတ်ဆိုးသွားတာလားဟင်"

တဖျတ်ဖျတ် ခြေသံနှင့်အတူ သူမ လက်တစ်ဖက်ကို ဖမ်းယူဆွဲဆုပ်ခြင်း ခံရ၏။ တစ်စုံတစ်ခုကို ပြန်ပြောနိုင်ရန် အားယူနေဆဲမှာပင် မျက်နှာငယ်လေးဖြင့် သူမကို ဖွတ်အတင်း တောင်းပန်နေသည့် ပန်ဒါကိုကြည့်၍ တင်းတင်းစေ့ပိတ်လျက် ရှိနေသော နှုတ်ခမ်းနှစ်လွှာကို အားယူဖွင့်နိုင်ရန် ကြိုးစားရသည်။ စိတ်ထိခိုက်ခြင်း၊ ကြေကွဲဝမ်းနည်း ရခြင်းတို့ဖြင့် သူမရင်မှာ နင့်ဆို့မွန်းကျပ်နေ၏။

"မဟုတ်ပါဘူး၊ ငါ အိမ်ပြန်ချင်လို့ပါ"

"အိမ်ပြန်ချင်တာ ပြောရောပေါ့ဟာ၊ ငါက ဘာများ ဖြစ်သွားတာလဲလို့ စိတ်ပူသွားတာပဲ၊ လာ... ငါ လိုက်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာစိတ်ဖြင့် လွတ်လပ်ပေါ့ပါးသွားသည့် ခိုင်မမကို ကြည့်၍ ငြင်းဆန်မနေဖြစ်တော့ပါ။ အသင့်ဖွင့်ပေးသည့် ကားအတွင်းသို့ လှမ်းဝင်လိုက်သည်။ နားမလည်နိုင်ဟန် ရူးရူးစမ်းစမ်း မျက်ဝန်းစိမ်းများဖြင့် အလိုမကျ ဖြစ်နေသည့် အမျိုးသမီးကြီးနှင့် ပန်ဒါ့ အဒေါ်ဖြစ်သူတို့ကို သူမ ကျောခိုင်းလိုက်သည်။ ထို့အတူ တစ်ပြိုင်နက်ကည်း ဆုံးဖြတ်မိသည်မှာ ဘယ်တော့အခါမှ သိက္ခာမဲ့ရင်းနှီးမှု မရှိသောအိမ်သို့ လိုက်ပါမသွားမိစေရန်ပဲ ဖြစ်သည်။

များသောအားဖြင့် သူမသည် ပတ်ဝန်းကျင်စိမ်းများတွင် နေလိုစိတ်မရှိတာ သေချာ၏။ အထူးသဖြင့် အလွန်တစ်ရာ စပ်စပ်စုစုနိုင်လွန်းသည့် ပတ်ဝန်းကျင်မျိုးဖြစ်သည်။ မိသားစုအကြောင်း အိမ်အကြောင်း သူမ ကိုယ်ရေး ကိုယ်တာကိစ္စများပါမကျန် လိုက်လံစပ်စု တတ်သူများကို ဆိုလိုသည်။

ယခု သူမပြုမူလိုက်သော အပြုအမူမှာ ရိုင်းပြရာရောက်သည်မှာ သေချာသည်။ သို့သော် သူမ နောင်တမရပါ။ သူမ ဆန္ဒမပါဘဲနှင့် ဘယ်အရာကိုမှ မလုပ်ဆောင်ချင်။ သူမ ဘဝတွင် မိဘများအမည်ကို ဖုံးကွယ်ထားခြင်းပဲဖြစ်ပြီး





မဖြစ်မနေ ကိစ္စတချို့တွင် အသုံးပြုသည်မှလွဲ၍ ကျန်သည့်အချဉ်များတွင် အတတ်နိုင်ဆုံး မေ့လျော့ထားတတ်သည်။

သူမ၏ မေ့လျော့ထားမှုကို စတင်ဖော်ထုတ်ရန် ကြိုးစားလာသည့် အမျိုးသမီးကြီး၏ စပ်စပ်စုစုနိုင်မှုကိုတော့ သူမ ဘယ်လိုမှ မေ့ပျောက်၍ မရနိုင်တော့ပါ။ ကြေကွဲဝမ်းနည်းမှုများဖြင့် သူမ နှငုံးသားသည် နာနာကျင်ကျင် ခံစားနေရသည်။

"ငါ့ အဒေါ်နဲ့အတူ ထိုင်နေတဲ့ အမျိုးသမီးကြီးကို နင် သိလား ပန်ချီ"

အပြန်လမ်း၏ တိတ်ဆိတ်ခြင်းကို အမေးဖြင့် စတင်ဖြိုခွင်းခြင်း ခံရ၏။

ရှေ့ရှုံးရှုံးကို ငေးမောကြည့်လျက်မှ ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြလိုက်သည်။

"အဲဒါ ရွှေတိုက်စိုးရဲ့အမေ ဒေါ်မြမြစိုးဆိုတာပဲ"

အနည်းငယ် အံ့သြသွားမိသည်မှအပ ဖြစ်ပေါ်ရင်ဆိုင်ခဲ့ရသည့် ကိစ္စအတွက် သူမရင်မှာ ထူးခြားမှုတို့ ဖြစ်ထွန်းမလာခဲ့ပါ။ ဝတ်ကျေတန်းကျေ ခေါင်းညိတ် အသိအမှတ်ပြု



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်မှလွဲ၍ သူမ ခံစားနေရသော ဝေဒနာဝဲ့ လျော့ပါး မသွား တိုး၍သာ ချည်နှောင်ရစ်ဖွဲ့ကြသည်။

သူမ နှလုံးသားက လက်ခံရွေးချယ်လိုက်သည့် သူမ၏ ချစ်သူ ရွှေတိုက်စိုး၏ မိခင် ဒေါ်မြမြစိုးသည် သူတွေ့ကြုံ ရင်ဆိုင်ကဲ့ရသည့် မကျေမနပ် ဖြစ်ခဲ့ရသည့်အတွက် သူမ၏ ရိုင်းပြမှုကို သားဖြစ်သူအား ရင်ဖွင့်တိုင်တည်ရင်း ပြောပြ ကောင်း ပြောပြနေပေလိမ့်မည်။

ထိုကဲ့သို့ ရိုင်းပြတတ်သော မိန်းကလေး၏ အမည်မှာ မေပန်းချီဟု ရွှေတိုက်စိုး သိရှိခွင့်ရသွားခဲ့မည် ဆိုလျှင်လည်း သူမ ဝမ်းနည်းကြေကွဲနေမည် မဟုတ်ပါ။

အဘယ့်ကြောင့်ဆိုသော်...

သူမချစ်သူ ရွှေတိုက်စိုး ကိုယ်တိုင်ပင်လျှင် သူမ၏ ကျုံပါးရိုင်းပြသည့် ဆက်ဆံရေးမှ စတင်၍ စိတ်ဝင်စားခွင့် ရင်းနှီးပတ်သက်ခွင့် ရရှိခဲ့သောကြောင့်ဖြစ်သည်။

* * *





"ဒေါ်လေး တင်တင် ရောက်နေတယ် ပန်းချီ"

အိမ်သို့ ရောက်ရောက်ချင်းပင်...

အိပ်ခန်းအတွင်းသို့ လှမ်းဝင်မည်အပြု နှင်း၏ အသံပေး စကားသံက ဆီးကြိုနှုတ်ဆက်၏။ ဝမ်းသာ ဝမ်းနည်းခြင်း ဝေဒနာများ မခံစားရဘဲ သူမ ရင်ထဲမှာ ဟင်းလင်းပြင်ဖြစ်၍ နေသည်။ လက်ထဲတွင် စုကိုင်လာသည့် စာအုပ်များကို ပိုမို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း သူမသည် နေရာတွင် တွေဝေစွာ ရပ်တန့်နေမိစဉ်မှာပင် ထမင်းစားခန်းဆီမှ ရယ်မောသံနှင့် စကားပြောသံ သဲ့သဲ့ကို မပီမသကြားရသည်။ အဲသည့်စကား တွေထဲမှာ သူမနှင့် ပတ်သက်သည့် အကြောင်းအရာ တစ်စုံ တစ်ခုမျှ မပါဝင်နိုင်တာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားလိုက်ဦးလေ၊ စောင့်နေတာ တော်တော်ကြာပြီ၊ နောက်ပြီးတော့ သွားစရာတစ်ခု ရှိသေးတယ် ဆိုလားပဲ၊ တော်ကြာ မမီရင် ပြဿနာ တက်နေဦးမယ်"

နှင်း၏ တိုက်တွန်းအားပေးနေသည့် စကားသံများက သူ့ရင်ကို နာကျင်စေသည်ဟု သိနိုင်လိမ့်မည်မထင်။ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း သူမဘဝ၏ ရိုင်းပြမှု ကံကြမ္မာကို မြင်ယောင်ခါးသက်မိရသည်။

"ဟော... လာပြီတော်၊ တင်တင်နဲ့ ပန်းချီတို့အတွက် လွတ်လွတ်လပ်လပ် စကားပြောကြဦး၊ မမမှာ အသိတစ်ယောက်ဆီက ဒီအချိန် ဖုန်းဆက်မယ် ပြောထားလို့"

ထမင်းစားခန်းတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် ရွှန်းရွှန်းဝေအောင် ပြောလိုက်သည်မှာ အန်တီမာပဲဖြစ်သည်။ သားအမိနှစ်ယောက်၏ တွေ့ဆုံခန်းကို လွတ်လပ်မှုရှိစေရန် ဖန်တီးထားရစ်လျက် တမင်းစားခန်းတွင်းမှ ထွက်သွားသည်။

"သမီး ဒီနေ့ နောက်ကျသလားလို့ မာမီက ညှော်ခံပွဲတစ်ခု သွားစရာရှိတော့ သိပ်နောက်ကျရင် မကောင်းဘူးလေ။ သူတို့က မာမီတို့ကို အရမ်းအားကိုး နေကြတာဆိုတော့





ခက်တယ်"

ကုလားထိုင် တစ်လုံးကို ဆွဲယူထိုင်ချလျက်သည်နှင့် နားရည်ဝနေပြီဖြစ်သော စကားများစွာကို စတင်ကြားရသည်။ ဖြူဖွေးတုတ်ခိုင်သည့်အတွက် လက်တစ်ဖက်ကို ပင့်မြှောက်၍ ရွှေအိုရောင် ဒိုင်ခွက်သေးသေးပါသည့် နာရီလေးကို ကြည့်လိုက်သည့်ဟန်။

မေမေရယ်...။

အဲသည်အချိန်နာရီတွေထဲက မေမေ့သမီး မေပန်းချီဆိုတဲ့ မိန်းကလေး တစ်ယောက်အတွက် ပေးစရာအချိန်တွေ မရှိနိုင်[illegible]ဘဲလား။

မေမေ့ သမီးရဲ့ အနာဂတ်တွေကို မဆွေးနွေးတော့ဘူးလား။

မေမေ့ သမီးရဲ့ ကျန်းမာရေး ပညာရေးတွေကိုရော စိတ်မဝင်စားနိုင်တော့ဘူးလားဟင်၊ သမီး ရင်ထဲမှာ တမြည့်မြည့် ခံစားနေရတဲ့ မိခင် ရင်ခွင်မှာ သမီး ခဏလေးပဲဖြစ်ဖြစ် မှေးအိပ်ခွင့် ရပါစေလား။

ရင်ထဲမှ ဆန္ဒများစွာကို သူမ သိပ်ချစ်ရတဲ့မေမေ



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်များ မသိနိုင်တာပါလိမ့်။

တစ်ခါတစ်ရံမှ လာရောက်တွေ့ဆုံတတ်သည့် သူမ၏ မိခင်ဆိုသူရဲ့ ဝတ်ကျေတန်းကျေယုံ ဆက်ဆံရေးမှာ သူစိမ်းဆန်ပွန်းစွာ သူမ ရင်ကို နာကျင်ခါးသက်စေ၏။

"ကဲ... သမီးပြော၊ မာမီ ဘာအကူအညီပေးရမလဲ၊ ဘာတွေ လိုအပ်နေသလဲ၊ အခုမရှိသေးဘူးဆိုရင်လဲ မာမီ့ဆီ ဖုန်းဆက်ပေါ့၊ အိမ်က ကလေးတွေကတော့ ဆိုးလွန်းတယ်၊ သူတို့ အဖေက အရမ်းအလိုလိုက်တာလေ"

နှစ်ပေါင်းများစွာ ဝေးကွာနေသည့် သားအမိနှစ်ဦး၏ ဆက်ဆံရေးတို့က ကျဲပါးအေးစက် နေရုံမျှမက စိမ်းကားပြတ်တောင်းနေသည်။ ခေတ္တခဏလေး ဆုံစည်းခိုက်မှာပင် လက်ရှိအထီးကျန် အားငယ်နေရှာမည့် သမီးထက် အိမ်တွင် မိသားစု အသိုက်အမြုံနှင့် အပူအပင်ကင်းစွာ ကျန်ရစ်ခဲ့သည့် သားသမီးများ၏ အကြောင်းအရာတို့သည်သာ သူမရှိရာ ပတ်ဝန်းကျင်အထိ ပြန့်နှံ့လာသည်မှာ သူမ ရင်ကိုအကြိမ်ကြိမ် ဒဏ်ရာရ ကျရှုံးစေခဲ့ခြင်းပဲဖြစ်သည်။

"ကျွန်မမှာ ဘာမှမလိုအပ်သေးပါဘူး၊ အန်တီမာတို့က





အားလုံး ပြည့်ပြည့်စုံစုံ ထားပေးထားတာပဲ၊ ဒီကို တကူးတက လာတွေ့နေရတာ မေမေ ပင်ပန်းပါတယ်၊ လိုအပ်တဲ့ အခါကျရင် ကျွန်မ မေမေ့ဆီကို ဖုန်းဆက်လိုက်ပါ့မယ်"

နာကြည်းခြင်း အသံမစွက်အောင် အတတ်နိုင်ဆုံး ကြိုးစားထိန်းချုပ် ထားသည့်ကြားမှ သူမ အသံတို့က သွေ့ခြောက်နေ၏။

"ဒါဆို ပိုပြီးအဆင်ပြေတာပေါ့၊ မာမီက သိပ်အားတာ မဟုတ်ဘူး၊ သမီး ဖုန်းဆက်တဲ့အချိန်ကြ မာမီဘက်က အားလုံးစီစဉ်ပေးမယ်... ဟုတ်ပြီလား၊ အချိန်နီးနေပြီ မာမီ သွားလို[illegible]ဦးမယ်"

အလွန်တစ်ရာ လွှတ်လပ်ပေါ့ပါးသွားသည့်ဟန်...

သူမကို လူ့လောကထဲ အရောက်ပို့ဆောင်ပေးခဲ့သည့် မိခင်ဟု မထင်ဝံ့အောင်ပါပဲလား။

သူမသည် နေရာတွင် ကျောက်ရုပ်တစ်ရုပ်ပမာ ငေးငိုင်တွေဝေစွာ ကျန်ရစ်ခဲ့သည်။ လောကအလယ်တွင် သူမဘဝကို အနားလည်နိုင်ဆုံးဖြစ်သော အန်တီမာနှင့် နှင်းတို့သာ မရှိခဲ့ပါလျှင် သူမဘဝသည် သည်အခြေအနေထိ ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်ခွင့် မရနိုင်တော့ သေချာသည်။ အမှန်တော့ သူမတွင် မိဘနှစ်ပါးစလုံးရှိခဲ့တာ သေချာလျက် မိဘရင်ခွေ့ကို ခံယူခွင့် မရသည်မှာ မည်မျှကြေကွဲ ဝမ်းနည်းဖွယ် ကောင်းလိုက်ပါ သလဲ။

သူမ၏ မိခင်သည်လည်းကောင်း၊ သူမ၏ ဖခင်သည် လည်းကောင်း၊ သူတို့တွင် မေပန်းချီဆိုသည့် သာမီးတစ်ယောက် ဤလောကတွင် ရှိနေသည်ဟု အမှတ်ပင် ရှိနိုင်ကြပါဦး မည်လား။ အသီးသီးသော အိမ်ထောင်ဖက်များနှင့် နောက်ထပ် အသစ်အသစ်ဖြစ်လာသည့် သားသမီးများကြားတွင် ပျော်မွေ့ကျင်လည်လျက် သူမကို အမေ့လျော့ကြီး မေ့လျော့ ပစ်လိုက်ကြပြီးမှာ သေချာသည်။

သူမ တစ်စုံတစ်ခုကို ကြေကြေကွဲကွဲ ရင်ဆိုင်ခံစား နေရသည့် အချိန်မျိုး ဒါမှမဟုတ် သူမ ပြင်းထန်စွာ ဖျားနာ သွားသည့် အချိန်အခါမျိုးတွင် တိတ်ဆိတ် အထီးကျန်စွာ အားငယ်လွမ်းရစ်လွန်းစွာ မိဘများကို သတိရတတ်သည်။

သို့သော် ထိုအားငယ်ခြင်းအတွက် မျက်ရည်မကျ မိစေရန် သူမ အစွမ်းကုန် ကြိုးစားရမြဲဖြစ်သည်။





သူမသည် ထားရစ်ခွန့်ပစ်ခြင်းကို ဟိုးငယ်စဉ် ကလေး ဘဝမှ စတင်ခံစားခဲ့ရသည့် အတွက်ပဲဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



“ဒေါ်လေး တင်တင်က ဘာတွေ ပြောသွားသေးလဲ ပန်ချီ”

နှင်း၏ အမေးကို ‘ထုံးစံအတိုင်းပေါ့’ ဟု ပြန်ဖြေရင်း မဂ္ဂဇင်းတစ်အုပ်ကို ဆွဲယူ၍ ခုတင်ပေါ်သို့ လှဲချလိုက်သည်။ စာဖတ်ချင်စိတ် မရှိသဖြင့် စာအုပ်ကို ရင်မှာ ကပ်လျက် သူမသည် မေပန်းချီဆိုသည့် မိန်းကလေး၏ ကံဆိုးမှုများကို စဉ်းစားနေမိသည်။ နှင်းကတော့ စာကြည့်စားပွဲတွင် ဝင်ထိုင်၍ သူမကို စူးစမ်းစွာ တစ်ချက်လှမ်းကြည့်သည်။

သိပ်သည်းသော ညအမှောင်သည် သူမဘဝ ဖြစ်လာနိုင်သည်ဟု ထင်လာသည်။ တစ်ယောက်နှင့် တစ်ယောက် နားလည်မှု လွဲမှားနေကြသည့် မိဘနှစ်ပါးကြားတွင် သူမသည် မြေစာပင်သက်သက်အဖြစ် နှင်းခြေပစ်ခဲ့ဖို့ ကောင်းတာ





သချာသည်။ အခုတော့ ခံစားတတ်သည့် အသည်းနှလုံး ိုင်ရှင်အဖြစ် ခါးသက်စွာ နေ့ရက်များစွာကို သူမ ရှု့မှန်း နှစ်မြို့စွာ ရင်ဆိုင်နေရဦးတော့မည်လေ။

ဖေဖေသည် သူမရှိရာသို့ ခပ်ငယ်ငယ် ကလေးဘဝတုန်း ာသွာ ရေရွတ်၍ရအောင် လာခဲ့ပြီး နောက်ပိုင်းတွင်မူ အခု ျိန်ထိ သူမသည် ဖေဖေ့ကို မြင်တွေ့ခွင့် မရခဲ့ပါ။ သူမကို ူမရှိရာသို့ လာမတွေ့ရန် တားမြစ်ခဲ့သလို သူမရှိရာသို့လည်း ဖေ ရောက်မလာခဲ့ပါ။ သို့သော် ဖေဖေ့ထံမှ ရံဖန်ရံခါ ာက်ပံ့မှုတချို့ကို သူမ မြတ်နိုးစွာ သို့မဟုတ် ကြေကွဲစွာ ိမ်းဆည်းထားခဲ့ဖူးသည်။ ထိုအရာက ဖေဖေကိုယ်တိုင် ်ယူပေးပို့ခဲ့သည့် ရွှေရောင်နှစ်ပါသည့် အနက်ရောင် င်တိန် တစ်ချောင်းနှင့် အဖြူရောင် ဇာဂါဝန်တစ်ခုပဲ သည်။

“မနေ့က သန္တာစိုးနဲ့ တွေ့ခဲ့တယ်၊ နှင်းက အကြီးဆို ာ့ ကိုယ်ကပဲ စပြီး သဘောထားကြီးကြီးနဲ့ နှုတ်ဆက် ်ပါတယ်၊ သူကတော့ ခပ်တင်းတင်းပဲ၊ ဘေးမှာလဲ င်းလေးတစ်ယောက်နဲ့ သူ့ရည်းစား ထင်ပါရဲ့၊ နှင်းချိုလို



www.burmeseclassic.com

www.burmeseclassic.com



မလှပေမဲ့ ချစ်စရာကောင်းတာတော့ အမှန်ပဲသိလား"

နှင်းက ဖြစ်ရိုးဖြစ်စဉ် တစ်ခုကို ပြောနေသည့်နှယ် တည်ငြိမ်အေးစက်နေပေမဲ့ သူမက မတည်ငြိမ်နိုင်။ မအေတူ အဖေကွဲ ညီမလေးများကို သူမ ချစ်ခင်နိုင်ရန်ထက် သူမကိုသာ ဝိုင်းဝန်းပစ်ပယ်ရက်ကြသည့် သူလေးတွေ...။

ရေစက်ကြုံပေမဲ့ သူမနှင့် မဆုံနိုင်ကြပါဘူး နှင်း၊ ဟု ရင်တွင်းမှ ထိရှစွာ ညည်းတွားမိသည်။ နှင်းနှင့် သူမက ဘဝတူများအဖြစ် အပျိုကြီး အန်တီမာ ရင်ခွင်တွင် နွေးထွေး လုံခြုံခွင့်ရကြသည်။ မောင်နှမသုံးယောက်တွင် နှင်း၏ မိခင်က ဒုတိယဖြစ်ပြီး နှင်း လူ့လောကထဲ ရောက်ပြီး မကြာခင်မှာပင် မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြသည်။ ဤအဖြစ်အပျက်ကိုပင် နှင်း၏ ကံကောင်းမှုတစ်ရပ်အဖြစ် သူမနှင့် နှိုင်းစာ၍ နှင်း ဘဝကို အားကျခြင်းဖြစ်သည်။ သူမ မိခင်ဖြစ်သူမှာ အငယ်ဆုံး...။

သူမကတော့ မိဘနှစ်ပါး အစုံအလင် ရှိခဲ့ပါလျက် ရှင်လျက်နှင့် ဘဝသေဆုံးခဲ့ရသူပဲဖြစ်သည်။ အပြစ်ဟူသမျှ မည်သူ့မှ ကျေနပ်ခဲ့ပါလျက် ငြိုငြင်ပစ်ပယ် ခံရသူဖြစ်ခဲ့သည်။





ဖေဖေနောက် အမျိုးသမီးက သမီးတစ်ယောက် ပါရှိခဲ့ပြီး ဖေဖေနှင့် သားတစ်ယောက် ရခဲ့ပါသည်။

သို့စေလျက် သူမနှင့် ဖေဖေတို့၏ ဆက်ဆံရေးကို တားမြစ်ချုပ်ချယ် ထားနိုင်သည့် အတတ်ပညာအောက်တွင် သူမကို ဖေဖေ မေ့လျော့တတ်ခဲ့ပြီဖြစ်သည်။ သူမဘဝတွင် နှင်းတို့၏ အေးရိပ်ခိုဝင်စရာ ရင်ခွင်ဆိုသည်မှာ အန်တီမာ ကိုယ်တိုင်မှလွဲပြီး တခြားမည်သူမျှ မဖြစ်နိုင်ပါပြီ။

"မဖြူဖြူစိုးလေးက ပန်းချီနဲ့ နည်းနည်းဆင်တယ်နော်"

လက်သည်းရှည်များကို တိုက်ချွတ်ပုံဖော်ရင်းမှ နှင်းက သူမကို မကြည့်ဘဲ ပြောနေပြန်၏။ 'အင်း' ဟု ခေါင်းညိတ် အသံပြုပြီးမှ မဂ္ဂဇင်းစာအုပ်ဖြင့် မျက်နှာကို ဖုန်းကွယ်လိုက်ခြင်းမှာ ကြေကွဲမှုများ စွန်းထင်နေသည့် မျက်ဝန်းညိုများကို မမြင်တွေ့စေချင်၍ပဲ ဖြစ်သည်။

'နှင်း... ပန်းချီ... ခေါင်းမူးတယ်' ဟုပြောပြီးရှေ့ဆက်လာမည့် စကားများကို တစ်ခါတည်း အသိပေး တားမြစ်လိုက်သည့်အခါ ဆိတ်ငြိမ်ခြင်းသည် ပတ်ဝန်းကျင်ကို ရိုက်ခတ် လွှမ်းမိုးစပြုလာသည်။ ဝမ်းနည်းအားငယ်ခြင်းတွေ ပွဲကြွေ



www.burmeseclassic.com

www.burmeseclassic.com



ဟိုက်စားနေသည့် ရင်မှာ အရာရာကို အလိုလိုက် အကြိုက် ဆောင်တတ်သည့် လူတစ်ယောက်ကို တမ်းတမ်းမက်မက် သတိရ၏။

ရွှေတိုက်စိုးရယ်...

ကျွန်မရဲ့ တမ်းတလွမ်းဆွတ်နေခြင်းတွေကို ရှင်သာ ပိုင်စိုးပါ။

ဝမ်းနည်းအားငယ် ကြေကွဲစရာကောင်းတဲ့ နေ့ရက်များ စွာကို ရင်ဆိုင်ခံနိုင်ရည်ရှိဖို့ ကျွန်မ ဘဝထဲမှာ ရှင်ရှိနေမှ ပြည့်စုံနိုင်မှာပါ...။

* * *



"ရွှေတိုက်စိုး"

www.burmeseclassic.com

www.burmeseclassic.com



ခပ်ငြိမ့်ငြိမ့် ဖြစ်ရုံလေး တိုးသဲ့သဲ့ ဖွင့်ထားသည့် ကက်ဆက်အောက်မှ လွင့်ပြန့်စီးမျောလာသည့် အနောက်တိုင်းတေးတစ်ပုဒ်ကို ကြားနေရသည်။ အပြာနုရောင် နံရံပေါ်တွင် ချိတ်ဆွဲထားသည့် ရှုခင်းပန်းချီကားချပ်ကို ငေးမောကြည့်နေမိသည်။ စိမ်းညို့ညို့ သစ်ပင်အုပ်များကြားမှ စီးဆင်းဖြာကျလာသည့် ရေတံခွန်ကို ဖြူဖွေးလှပစွာ မြင်ရသည်။ အေးမြစိမ့်အေးသည့် ကြည်နူးဖွယ် မြင်ကွင်းကိုကြည့်ပြီး မျက်နှာလွှဲ၍ အအေးခွက်ကို ပိုက်တံဖြူဖြူလေးဖြင့် တိုးဖွဖွ့ဆော့ကစားလိုက်သည်။

"မခိုင်"

တိုးရှိုက်သည့် အသံမှာ ဆွဲဆောင်အင်အား တစ်ခုခုရှိနေသည်ဟု နားလည်လိုက်၏။ သင်းပြန့်သည့် ရနံ့ဆန်းကို



www.burmeseclassic.com

www.burmeseclassic.com



ရှုရှိုက်မိသည့် အခိုက်အတန့်မှာပင် နီးပါးစွာ ရပ်တန့်ဘသည့် အရိပ်တစ်ခုကြောင့် ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်နှင့် သူမ ရင်မှာ အတိုင်းအဆမဲ့ လှုပ်ရှားကျန်ရစ်ခဲ့သည်။

"ဪ... ရွှေတိုက်စိုး လာလေထိုင်"

ခိုင်မမ၏ နေရာပေးသံနှင့်အတူ ကုလားထိုင်များကို တွန်းရွှေ့လိုက်သံကို ကြားရသည်။ ကျွမ်းဝင်ရင်းနှီးခြင်း မရှိသည့် မျက်နှာပြင်ကို သူမ ရှေ့တည့်တည့်တွင် မြင်ရသည်။

"ကဲ... ဘာသောက်မလဲပြော၊ သံပုရာလား"

"ရပါတယ်"

ခိုင်မမက သံပရာရည်တစ်ခွက် ထပ်မှာပေးပြီးနောက် သူမကို တစ်ချက်လှည့်ကြည့်၏။

"မိတ်ဆက်ပေးမယ်၊ သူက မေပန်းချီတဲ့၊ ပန်းချီ သူက ရွှေတိုက်စိုး"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

အသိအမှတ်ပြု စကားသံက ပကတိ ငြိမ်းချမ်းချိုမြိန်သည်ဟု သူမ ထင်သည်။ ခေါင်းညိတ်ပြလိုက်သည်မှလွဲ၍ တည်တင်းအေးစက်သော သူမ မျက်နှာပြင်က ငြိမ်သက်နေ





မည်မှာ သေချာသည်။

ရွှေတိုက်စိုးဆိုသူနှင့် ခိုင်မမတို့ စကားများစွာ ပြောကြသည်။ ဟိုးအရင်တည်းက ရင်းနှီးကြသည့် သူများမို့ မိသားစုများအကြောင်း ပြောဆိုရယ်မောလျှက်မှ အေးစက်တည်ငြိမ်သည့် သူမကို အကဲခတ် လှမ်းလှမ်းကြည့်တတ်သည့် ရွှေတိုက်စိုးကို သတိပြုမိသည်။

"မေပန်းချီက စာအရမ်းဖတ်တာဆို၊ ကျွန်တော့်ဆီမှာ ဟိုးအရင်တုန်းက စာအုပ်တွေ အများကြီးပဲရှိတယ်၊ ကျွန်တော် ပိုင်တော့ မဟုတ်ပါဘူး၊ မေမေ့ စာအုပ်တွေပေါ့၊ မေပန်းချီ လိုချင်ရင်ပြောပါ၊ ကျွန်တော် ယူခဲ့ပေးမယ်"

"ကျေးဇူးတင်ပါတယ်၊ လိုအပ်ရင် ပြောပါ့မယ်"

ရင်းနှီးကျွမ်းဝင်လိုစိတ် တစ်စုံတစ်ရာဖြင့် ကြိုးစားပြီး ပြောခဲ့သမျှ လိုလားဟန်မရှိ။ အေးစက်စက် အမူအရာအောက်တွင် သူ့ကြိုးစားမှုတို့ ကုန်ဆုံးသွားသလို ခံစားရ၏။ အမှန်ကို ဝန်ခံရမည်ဆိုလျှင် ရွှေတိုက်စိုးအနေဖြင့် သူမကိုမြင်မြင်ချင်း စိတ်မဝင်စားခဲ့ပါ။ အတန်းတူချင်းဖြစ်သဖြင့် ခဲ့စဉ်မြင်တွေ့ခဲ့ရသည့်မှာတော့ သေချာပါသည်။ သို့သော်ခိုင်မမနှင့်

www.burmeseclassic.com



သူငယ်ချင်း မဖြစ်မီ အချိန်ကာလ တစ်ခုအထိ သူမကို တခြား အဖော် တစ်ဦးတစ်ယောက်မှ မပါဘဲ သူမ တစ်ယောက်တည်း အမြဲလိုလို တွေ့ရတတ်သည်။ သူမ၏ ထူးခြားမှု တစ်ရပ် အဖြစ် သတိမှတ်ခဲ့ဖူးသည်။

ခိုင်မမသည် ဗိုလ်တထောင်သို့ ပြောင်းလာခဲ့ပြီးပြီးချင်း သူမနှင့် အပေါင်းအသင်း ဖြစ်သွားခဲ့ရခြင်းကိုပင် ရွှေတိုက်စိုး တအံ့တဩ ဖြစ်ခဲ့ရသည်။ နောင်မှ သိရှိရသည်မှာ သူမသည် ခိုင်မမနှင့် ဟိုက်စကူးအထိ အတူတူနေခဲ့ပြီးမှ ကွဲသွားခဲ့သည့် ငယ်သူငယ်ချင်း ဖြစ်နေခဲ့သည်။ ထို့အတူ အိမ်နီးချင်းဖြစ်ခဲ့ ဖူးသည့် ရွှေတိုက်စိုးနှင့် ခိုင်မမတို့ ပို၍ ခင်မင်သွား၏။ သို့စေလျက် မေပန်းချီနှင့် ရွှေတိုက်စိုးတို့ ကျွမ်းဝင်ရင်းနှီးဖို့ ဝေးစွ။ စကားပင် မပြောဖြစ်ခဲ့ကြဖူးအောင် အနေစိမ်းခဲ့ကြ သည်။

အခုမှပင် တစ်ဦးကိုတစ်ဦး အမှတ်ထင်ထင် ရင်းနှီး ခွင့်ကြုံ၍ ခိုင်မမက မိတ်ဆက်ပေးသည့် အခါမှာတော့ သူ့ စိတ်မှာ ရယ်ချင်သလိုလို ဘာလိုလိုနှင့် မျက်နှာထားတင်းတင်း လေးနှင့် သူမ၏ ထီမထင်ဟန် အပြုအမူလေးများနှင့် အေး





စက်မှုအတွင်းမှ ထူးခြားမှု တစ်စုံတစ်ရာကို အဦးဆုံး စတင်ခံစားရကြောင်း ဝန်ခံရမည်မှာ သေချာသည်။

ရိုးရှင်းသည့် သူမမျက်နှာပြင်လေးထက်တွင် သနပ်ခါး မှုန်ဝါဝါလေးများကို သစ်ဆန်းစွာ မြင်ရသည်။

"ဟိတ်… ရွှေတိုက်စိုး ဟိုမှာ သီရိ မဟုတ်လား…"

ခိုင်မမ အသံကြောင့် လမ်းဘက်သို့ လှည့်ကြည့်လိုက် မိ၏။ သွယ်နွဲ့သည့် ဆံပင်ရှည်များကို ခါယမ်းရယ်မောလျက် သူ မသိသော လူငယ်တစ်ဦး၏ လက်မောင်းကို တွဲခိုဆုပ်ကိုင် ထားသည့် သီရိ၏ အပျော်မျက်နှာကို မြင်ရသည်။ သူတို့ နှစ်ယောက် … ကားပေါ်တက်၍ မောင်းထွက်သွားသည်မှ အစ အားလုံးကို မမိုတ်မသုန် ငေးမောကြည့်နေမိသည်။

"ဆောရီး… နင် အရမ်းခံစားသွားရမယ်မှန်း ငါ အသိဘူး"

ရုတ်တရက် ဆိတ်ငြိမ်သွားသည့် အနေအထားကို ခိုင်မမ၏ တောင်းပန်သံ ထွင်းဖောက်၍ သူ ဦးခေါင်းကို ညင်သာစွာ ခါယမ်းပြလိုက်ရသည်။ သီရိနှင့် ပတ်သတ်၍ ရွှေတိုက်စိုး၏ နှလုံးသားကို မတုန်လှုပ်ခဲ့တော့သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြာခဲ့ပါပြီ။

"ငါ့ကို တောင်းပန်းစရာ မလိုပါဘူး မခိုင်၊ ငါတို့ ဇာတ်လမ်းက ပြီးသွားခဲ့ပါပြီ၊ ကဲ... ငါသွားမယ်၊ မေပန်းချီ ကျွန်တော့်ကို ခွင့်ပြုပါဦး"

နှုတ်ဆက်ကျောခိုင်းသွားသူ၏ ကျောပြင်ကို ငေးမောနေမိသည်။ ရှည်လျားမြင့်မိုးသည့် အရပ်သည် သူမနှင့် နှိုင်း သျှင် ဆန့်ကျင်ဘက်ဖြစ်၍ နေမည်မှာ သေချာလှနေသည်။ ယောကျ်ားပီသ ချောမောသည့် ရုပ်သွင်နှင့်ခိုင်မာသည့် မေရိုးအကျ၊ စူးတောက်သည့် မျက်ဝန်းပိုင်ရှင်သည် ဆုံးဖြတ်ချက် တစ်ခုအတွက် မဖြစ်မနေ လုပ်ဆောင်မည့် လူဖြစ်ကြောင်း ဖော်ပြနေသည်။

"သိရိက မျက်နှာများတယ်၊ သိရိဆိုတာ သူ့ရည်းစား လေ"

ကရုဏာသံ လွှမ်းနေသည့် ပန်ဒါကို သူမ မကြည့်ပါ။ အအေးဖိုးရှင်းပေးပြီး နေရာမှ ထရပ်လိုက်သည်။

"ရွှေတိုက်စိုး သနားပါတယ်ဟာနော်"

ဆိုင်အပြင်ရောက်သည်နှင့် ပြောလိုက်သည့် ခိုင်မမှ





စကားကို သူမ မနှစ်သက်ပါ။ မပြောဘူးဟု ရည်ရွယ်ထားပါလျက် စကားတချို့ နှုတ်မှ ပွင့်အံလာ၏။

"ခြေလက်ပြည့်စုံပြီး ဒီလောက် ကျန်းမာရေးကောင်းနေတဲ့လူကို ဘာလို့ သနားရမှာလဲ ပန်ဒါ"

သူမ စကားသည် ပန်ဒါ မျက်နှာကို ပုပ်ပန်းမကျစွာ ရှုံ့မဲ့နေစေခဲ့သည်။

"အဲဒါကြောင့် နင့် ခက်နေတာသိလား ပန်းချီ၊ သူ့ကျန်းမာရေးကိုကြည့်ပြီး သနားနေတာ မဟုတ်ဘူး၊ သူ့နှလုံးသားကို သနားတာ၊ အခု သူ အသည်းကွဲသွားပြီ သိလား"

သူမသည် ရှေ့တည့်တည့်မှ လာနေသူ တစ်ဦးကို ရှောင်ရှောင်ပေးလျက်မှ ပန်ဒါ စကားကို လက်မခံနိုင်စွာ ခေါင်းကို ခါယမ်းလိုက်၏။

"သိပ်ချစ်ပါတယ်လို့ ပြောနေတဲ့ သူတွေကို အရမ်းယုံနဲ့ ပန်ဒါ၊ နောက်ပြီး အသည်းကွဲနေပါပြီဆိုတဲ့ ယောကျ်ားတွေကိုလဲ သွားမသနားနဲ့၊ သူတို့ မကောင်းပြောတဲ့ မိန်းကလေးတွေထက် သူတို့ကပိုပြီး သစ္စာမရှိကြဘူးဆိုရင် မင်းလက်ခံမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲသည်ထဲမှာ ရွှေတိုက်စိုး မပါဘူး ထင်တာပဲ"

အားမပါတော့သည့် ပန်ဒါ့ စကားသည် ဝိုးတဝါးနိုင်လှသည့်အတွက် သူမ ပြုံးမိသည်။

"အခုချိန်မှာ ဘာမှပြောလို့ မရသေးဘူး၊ အချိန်က အဖြေပေးပါလိမ့်မယ်"

လူတိုင်းကို အလွယ်နှင့် မယုံကြည့်တတ်သော သူမစကားကို ပန်ဒါသည် ထောက်ခံအားပေးခြင်း မရှိပါ။ သို့သော် ထိုအတွက်အဖြေကို ရွှေတိုက်စိုးနှင့် တွေ့ဆုံခဲ့ပြီးနောက်ထပ် တစ်လခွဲတိတိ အကြာ၌ ခိုင်လုံသည့်အဖြေကို ရရှိခဲ့၏။ ထိုတိကျသည့် အဖြေထဲတွင် သူမကိုယ်တိုင် ပါဝင်ပတ်သက်နေခဲ့သည့် အတွက်တော့ သူမကိုယ်တိုင်ပင် အံ့ဩတုန်လှုပ် ခဲ့ရဘူးသည်မှာ တကယ်တော့ ရယ်စရာသက်သက် မဟုတ်ခဲ့ပါ။ တကယ့်အဖြစ်အပျက်များသာ ဖြစ်ခဲ့ပါသည်။

"ဟိုမှာ ရွှေတိုက်စိုး လာနေတယ်"

ထိုစကားစုကို ပန်ဒါ ပြောခဲ့သည်မှာ ယခုအကြိမ်နှင့်ဆိုပါလျှင် ဆယ်ကြိမ်တိတိ ရှိနေပြီဖြစ်ကြောင်းကိုတော့





သူကိုယ်တိုင် သတိထားမိချင်မှလည်း ထားမိပါလိမ့်မည်။ အခုဆိုလျှင် ရွှေတိုက်စိုးသည် သူမနှင့် လုံဝရင်းနှီးကျွမ်းဝင်အောင် ကြိုးစားခဲ့သည်မှာ အတော်အသင့် အောင်မြင်ခဲ့ပြီဖြစ်ကြောင်း သူမအပြင် ရွှေတိုက်စိုးလည်း သိနေပေလိမ့်မည်။

သီရိဆိုသော မိန်းကလေး၏ အမည်သည် သူနှင့်ည်သို့မျှ မသက်ဆိုင်တော့ကြောင်းကို ဒုတိယအကြိမ်မြောက်ပြောဆိုဝန်ခံခဲ့ပြီး ချိန်မှစ၍ ထိုအမည်သည် သူမနှင့် ရွှေတိုက်ကြားတွင် ရှိမနေစေရန် ကြိုးစားခဲ့သည်မှာ ထင်ရှားသည့်ရွှေတိုက်စိုး၏ လုပ်ဆောင်ချက်များကို သူမ မြင်တွေ့နေရသည်။ ထို့အပြင် သူမကို လိုအပ်သည်ထက် ပိုမိုလွန်ကဲစွာဂရုစိုက်ခြင်းဖြင့် သူမ စိတ်အစဉ်ကို ပြောင်းလဲသွားအောင်ကြိုးစားခဲ့သည်။

"ပန်းချီ နေကောင်းရဲ့လား၊ နည်းနည်းပိန်သွားသလိုပဲ"

လွတ်နေသည့် ခုံတစ်ဖက်စွန်းတွင် ထိုင်ချရင်း သူမမျက်နှာကို စေ့စေ့စူးစူးကြည့်၍ စိုးရိမ်စိတ်ဖြင့် ကြင်နာငွေးစွာ မေးမြန်းစုံစမ်းမှုအတွက် သူမ တုံ့ပြန်မှုက ဆင်ဘက် အနေအထားအဖြစ် တိကျစွာ ပြောင်းလဲသွား

www.burmeseclassic.com



တတ်သည်။ သူမေးသမျှ တစ်စုံတစ်ရာ တုံ့ပြန်မဖြေဘဲ မျက်ခုံးများကို အလိုမကျစွာ အတွန့်ကျိုး၍ မကျေမနပ်ဟန် တစ်ချက်မျှကြည့်ပြီး မျက်နှာလွှဲထားခြင်းပဲဖြစ်၏။

အသိအမှတ်မပြုဘဲ ဥပေက္ခာဆန်လွန်းသည့် သူမ၏ ရိုင်းပြသည့် ဆက်ဆံရေးကျဲကျဲများအတွက် ရွှေတိုက်စိုးထံမှ မည့်သည့်အခါမျှ စိတ်ဆိုးခြင်း အပြစ်ယူ ငြူစူခြင်းမရှိသည့် အခါ သူမ အနည်းငယ် အံ့သြမိကြောင်း ဝန်ခံရမည်။ သို့သော် ရွှေတိုက်စိုးက သူမကို ချစ်တယ်ဟု ပြောလာသည့် အချိန်မှာပင် ထိုအံ့သြမှု အလုံးစုံတို့ ကွယ်ပျောက်ခဲ့ရသည်။

သူမ၏ ထူးခြားသည့် အပြုအမူများ၊ ခေါင်းမာကာ တစ်ဇွတ်ထိုး ဆန်မှုများ၊ အေးစက်၍ ဥပေက္ခာဆန်မှုများကို ရွှေတိုက်စိုးသည် မညည်းမညူ အပြုံးမပျက်ရှိ၍ နေနိုင်ခဲ့ခြင်းမှာ သူမ နှလုံးသားကို သိမ်းပိုက်သွားတော့မည့် ရွှေတိုက်စိုး၏ စစ်အေးတိုက်ပွဲများသာ ဖြစ်ကြောင်း သူမ သိခဲ့ရသည့်အချိန်သည် လွန်စွာနောက်ကျခဲ့ပြီ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရွှေတိုက်စိုးကို သူမ နင့်ရှုံးမြတ်နိုးစွာ ချစ်မိနေပြီဖြစ်သောကြောင့် ဖြစ်သည်။ ရွှေတိုက်စိုးသည် သူမအရင်





ဝ်သူတစ်ဦး ရှိခဲ့ဖူးသည်မှလွဲ၍ တခြား စိတ်ညစ်စိတ်ပျက် ာက်စရာ အပြုအမူများဖြင့် ကင်းခဲ့သူပဲဖြစ်သည်။ သူမကို စစအရာရာ အလိုလိုက် သည်းခံခြင်းဖြင့် စိတ်ပျက်ဖွယ် ာင်းသော သူမ၏ ညံ့ဖျင်းမှုများဖြင့် အဆင်မပြေလှသည့် က်ဆံရေး ကျဲတောက်မှုများကို မေ့လျော့ထားတတ်ခဲ့ ည်မှာ ရွှေတိုက်စိုး၏ ချစ်စရာအကောင်းဆုံး အမူအကျင့် ဖြစ်သည်။

ရွှေတိုက်စိုးနှင့် သူမတို့ တိကျစွာ ချစ်သူများ ဖြစ်သွား ာနေ့တွင် ဂုလိုင် မိုးသည်းသည်းများ ရွာနေခဲ့သည်ကို မှတ်ထင်ထင် သတိရသည်။ ထိုမိုးစက်ပွင့်များသည် သူမနှင့် ပြောင်းလွှဲခဲ့ပြီးနောက် မိုးရာသီကို သူမ ပို၍နှစ်သက်သဘော ကျစေသည့်အရာမှာ သူမချစ်ရသော ရွှေတိုက်စိုး၏ မွေးနေ့ ည် ထိုမိုးရာသီ၏ နောက်ဆုံးတစ်နေ့တွင် ပါဝင်ပတ်သက် နေသောကြောင့် ဖြစ်သည်။

"ရှင်က မိုးသည်းသည်း ရွာနေတဲ့ အချိန်မှာ မွေးခဲ့တာ ဆိုနော် ရွှေတိုက်စိုး၊ ဒါကြောင့်မို့များ ရှင် မိုးရာသီကို ရမ်းချစ်သွားတာလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုရေစက်များ စီရွဲနေသည့် လမ်းတစ်လျှောက်တွင် ရွံ့နစ်ရေအိုင်ငယ်လေးများကို ရှောင်ရှားရင်း တချို့ကို တမင်ဆင်း၍လျှောက်ရင်းမှ ထိုမေးခွန်းကို ရွှေတိုက်စိုး၏ မျက်နှာပြင်ကို ငေးမောကြည့်လျက် မေးလိုက်သည့်အခါ သဘောကျစွာ ရယ်မော၏။

“ဟုတ်မယ် ထင်တယ်၊ မောင် မိုးကို ချစ်တာတော့ အမှန်ပဲ၊ နောက်ပြီးဆိုးတဲ့ ကောင်မလေးကိုလဲ အရမ်းချစ်တယ်”

ရှည်မိုးသည့် သူ့အရပ်ကို ငုံ့ကိုင်းလျက် ခပ်တိုးတိုးပြောပြီး သူမ လက်ဖဝါးကို ဆုပ်ညှစ်လိုက်သည့်အခါ သူမရင်မှာကြည်နူးခြင်း တစ်ဝက်ဖြင့် နင့်စူးစွာကြေကွဲမိ၏။

“ကျွန်မ တကယ်ပဲ မိန်းမဆိုးလေး ဖြစ်နေပြီလား ဟင် စိုး...”

ထိခိုက်ကြေကွဲနေသည့် သူမအသံသည် ဟန်မဆောင်နိုင်စွာ တုန်ခါနေမည်ဟု ထင်သည်။

“ဟော့... အလကား စတာနော်၊ စိတ်မကောင်းဖြစ်မနေနဲ့၊ တကယ်ပဲကွာ၊ လူကသာ မာရေကျောရေနဲ့ ပြောနေ





တာ အသည်းက နုလိုက်တာ၊ ဘာကိုမှ ခံနိုင်ရည် မရှိဘူး”

ဟုတ်ရဲ့လား။

ရွှေတိုက်စိုး၏ စကားများကို သူမ မယုံချင်ပါပဲလျက် ဧဝေဇဝါ အတွေးများဖြင့် ယောင်မှားစွာ ဝေ့ဝေငြိမ်သက်နေမိသည်။ သူမဟာ တကယ်ကိုပဲ ခံနိုင်ရည် မရှိခဲ့ဘူးလားဆိုတာ သံသယအရင်းအမြစ်ကို ပထမဦးဆုံး ရှာဖွေလိုစိတ် ဖြစ်ပေါ်စေခဲ့သည်မှာ သေချာသည်။ သို့သော် သေချာတာတစ်ခုကတော့ ရွှေတိုက်စိုးသည် သူမ၏ အားနည်းချက်ကို အဦးဆုံး ရှာဖွေသိပြုမိခဲ့သူဖြစ်ကြောင်း တိတ်တဆိတ် ဝန်ခံမိတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ညက ညည့်နက်မှ အိပ်ပျော်ခဲ့သဖြင့် မနက်ခင်
မိုးလင်းခါနီးမှ မှေးခနဲ အိပ်သွား၏။

"သား... စိုး ဒေါက်... ဒေါက်၊ သားရေ... မေမေ
ဆိုင်သွားတော့မယ်နော်၊ အပြင်မှာ သားစားဖို့ အားလုံးစီ
ခဲ့ပြီပြီ"

အိပ်ရာထ နောက်ကျသွားပြီမို့ မေမေ့ကို ခါတိုင်း
ကားနားအထိ လိုက်မပို့နိုင်တော့ပါ။ စားပွဲပေါ်တင်ထားသ
နာရီကို လှမ်းကြည့်လိုက်၏။ ခုနစ်နာရီခွဲပြီးနေပြီမို့ အိပ်ရာ
လူးလဲထလိုက်ပြီး မျက်နှာသုတ်ပဝါ တစ်ထည်ကို ဆွဲယူလျ
ရေချိုးခန်းထဲ ဝင်လိုက်သည်။

"စိုးက ကျွန်မကို တကယ်ချစ်တာပဲလို့ အမြဲယုံ
ချင်တယ်၊ တကယ်လို့ ရှင်က ကျွန်မကို သိရိုကိုယ်





အစားထိုးခဲ့တယ် ဆိုရင်တောင်မှ ရှင့်ကို ကျွန်မ မမုန်းပါဘူး၊
ဘာဖြစ်လို့လဲဆိုတော့ ရှင်က ကျွန်မဘဝရဲ့ အချစ်ဦး အချစ်ဆုံး
ဖြစ်နေလို့ပါပဲ"

ဖြူစင်အေးချမ်း၍ အနက်အဓိပ္ပာယ် အပြည့်အဝပါနေ
သည့် စကားများစွာကို တည်ငြိမ်လေးနက်စွာ ပြောပြရင်း
သူမ အချစ်ကို ပိုမို နက်ရှိုင်းစေခဲ့သည့် ချစ်သူကို အမှတ်
ထင်ထင် သတိရ၏။

ပန်းချီရယ်...။

တကယ်တော့ မင်းလေးဟာ တကယ့်ကို ဖြူစင်နူးညံ့
သူလေးပါ...။

သဘောထား ပြည့်ဝတဲ့ မင်းရဲ့ စိတ်ဓာတ်လေးကို
လေးစားရသလို မင်းကို မောင် သိပ်ချစ်ပါတယ် ပန်းချီ။

ဘာလို့များ ပန်းချီနဲ့မောင် ချစ်သူတွေ အရင်မဖြစ်ခဲ့
ရတာပါလိမ့်။

အခုတော့ကွာ။

မောင် သိပ်ချစ်ရတဲ့ ပန်းချီက မောင့်ရဲ့ အချစ်ဦးဖြစ်
ခွင့်မရခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဟာ်း... အပြစ်ရှိတဲ့ မောင့်ကို ခွင့်လွှတ်ပါ အနေ
ရယ်...။

မင်းပြောသလို မောင်က မင်းအတွက် အချစ်ဦး မော
အတွက်တော့ မင်းလေးက...

မေပန်းချီကို အနီးကပ်ဆုံး အနေအထားအဖြစ် ခိုင်
နှင့် အအေးဆိုင်အတူ ထိုင်နေစဉ်မှာပင် သတိပြုမိခဲ့ခြင်း
သူဝန်ခံရမည်။ လှနုငယ်သည့် မျက်နှာပြင်၏ အေးစ
တည်တင်းနေမှုများကို ဖြတ်ကျော်၍ သူ အဦးဆုံး စိတ်ဝ
စားစေခဲ့သည့်အရာမှာ အမှတ်မထင် အကြည့်ခြင်းဆုံ ဖြ
လိုက်သည့် မျက်ဝန်းအကြည့်များတွင် နှစ်ထင်မြုပ်ဝင်နေသော
အရောင်တချို့ကို သူမြင်တွေ့လိုက်ရသည်ဟု ခံစားခဲ့
သည်မှာ အစပြုခဲ့သည်။

တလဲ့လဲ့ တောက်ပရှက်ဖြာနေသည့် မျက်ဝန်းညို
များတွင် အလွန်တစ်ရာ အပြစ်ကင်းစင် နူးညံ့သိမ်မွေ့မှုမျ
ဖြင့် သူကို အံသြမှင်တက်သလို ငေးဝေးစွာ ကြည့်နေပြီးနောက်
အေးချမ်းနွေးထွေးသည့် အပြစ်ကင်းသည့် အရိပ်အရာများ
အားလုံးယူပစ်သလို ကွယ်ပျောက်သွားပြီး စိမ်းလဲ့သော





အကြည့်များ ရုပ်ချင်းအစားထိုး ဝင်ရောက်လာခဲ့တာ။

နောက်ပြီး ပွင့်ဟသွားသည့် နှုတ်ခမ်းထူထူလေး တဖြည်းဖြည်း တင်းတင်းရင်းရင်း စေ့ပိတ်သွားပြီး လောကကို စိန်ခေါ်နေတဲ့ မျက်နှာလေးဖြင့် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ သူမကိုယ်သူမ အရမ်းအထင်ကြီးပြီး ယုံကြည်မှု အပြည့်အဝ ရှိနေသည့် ပုံစံလေးများကိုပါ သတိပြုမိခဲ့သည်။

စကားပြောဖြစ်ပြန်တော့လည်း သူ ထင်ထားသည့် အတိုင်း အယုံအကြည် ကင်းမဲ့စွာပင် သူနှင့် နောက်ထပ်တွေ့ဆုံ ပတ်သက်ရန် ဆန္ဒမရှိကြောင်း ပြတ်တောင်းစွာပင် ဆက်ဆံ ခဲ့သည်။

သီရိ၏ ရဲတင်းသွက်လက်မှုများ ပုလောင်စူးရှသည့် အလှများကြောင့် သီရိကို သူချစ်သည်ဟု ထင်ခဲ့ဖူးသည်။ သို့သော် သီရိကို အမှန်တကယ် သူ မချစ်ကြောင်းကိုတော့ သီရိ အခြားသူများနှင့် တွဲသွားသည့် အခိုက်အတန့်မှာပင် မည်သည့်ဝေဒနာမှ မခံစားရဘဲ ဟင်းလင်းဖြစ်နေသည့် နှလုံးသားမှ အသိပေးခဲ့သည့် သီရိနှင့် ပတ်သက်၍ သူ အမှန်တကယ် မခံစားခဲ့ရပါ။ သူ့နှလုံးသားကို အမှန်တကယ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားခံစား စေခဲ့သည့်သူမှာ တည်တင်းအေးစက်၍ စကားကို အချိုးကျ ပြေပြစ်စွာ မပြောတတ်သော အဝါရောင်သနပ်ခါးကိုသာ လိမ်းခြယ်၍ မည်သူ့ကိုမှ အထင်မကြီးတတ်သော မယုံကြည်တတ်သော မေပန်းချီဆိုသော မိန်းကလေးပဲ ဖြစ် ခဲ့သည်။ ဖြူဖွေးသေးသွယ်သည့် မေပန်းချီသည် ခန္ဓာကိုယ်နှင့် မလိုက်ဖက်စွာ စိတ်ဓာတ်ရေးရာတွင် ကြီးမားပြတ်တောင်းနေခဲ့လိမ့်မည်ဟု သူ မယုံကြည်ခဲ့ပါ။

သူ မယုံကြည်ခဲ့သမျှကို ဖျက်ဆီးရိုက်ချိုး၍ မေပန်းချီသည် သူ့ကို မေးခွန်းများစွာ အပြုအမူများစွာဖြင့် မခံမရပ်နိုင်အောင် ခံစားခဲ့သည့်မှာ တခြား မည်သည့်မိန်းကလေးတွင်မှ မရှိနိုင်သော အရည်အချင်းတစ်ခုပဲ ဖြစ်သည်။ သူ့ကိုမဟုတ်ပါ။ မည်သူ့ကိုမှ မေပန်းချီသည် ရင်းနှီးကျွမ်းဝင်စွာ မနေခဲ့တာ သေချာသည်။ သူမ၏ ခေါင်းမာ၍ တစ်ဇွတ်ထိုးဆန်မှုများသည် သူစိတ်ကို ပိုမိုလှုပ်ရှား ရုန်းကြွစေခဲ့သည့် အပြုအမူများသာဖြစ်ကြောင်း သူမ ရိပ်စားမိခဲ့သည်မှာ မဟုတ်ပါ။

ဇွတ်အကင်း တိုက်ဆိုင်မှုများသည် သည်းခံလျစ်လျူ





ခြင်းများဖြင့် သူမကို စစ်အေးတိုက်ပွဲဖြင့် အနိုင်ယူလျက် သူမ နှလုံးသားကို သိမ်းပိုက်ခဲ့နိုင်သည်။ အပေါ်ယံ တင်းမာခက်ထန်မှုများကို ထွင်းဖောက်၍ အစွဲအလမ်း ကြီးမားစွာ အထိအခိုက် မခံနိုင်သည့် သူမကို များစွာ သနားညှာတာစိတ်ဖြင့် ချစ်မြတ်နိုးခဲ့သည်။

အထူးသဖြင့် မေပန်းချီသည် စစ်မှန်သည့် သူမဆန္ဒများကို မည်သည့်အခါမျှ မည်သူ့ကိုမျှ ထုတ်ဖော်ပေးခြင်းမရှိဘဲ အထူးလျှို့ဝှက် သိပ်သည်းစွာ ခံစားနေထိုင်တတ်ကြောင်း အသေးစိတ် လေ့လာခြင်းဖြင့် သူကိုယ်တိုင် သိခွင့်ရခဲ့သည်။ အမှန်စင်စစ် မေပန်းချီသည် တစ်ခါတစ်ရံ လွန်စွာမှ နားလည်ရခက်သော နူးညံ့သိမ်မွေ့သည့် မိန်းကလေးပဲဖြစ်သည်။

သံသယများသော အယုံအကြည် မရှိတတ်သော သူမကိုယ်တိုင်မှလွဲ၍ တခြားမည်သူကိုမှ အထင်မကြီးတတ်သော သူမကို ကြည့်မရသလိုလိုနှင့် အရမ်းကြီး ချစ်သွားခဲ့မိခြင်းမှာ သူမ၏ အစွမ်းဆောင်နိုင်ဆုံး အရည်အချင်းပဲဖြစ်လိမ့်မည်။ ချစ်သူဘဝတွင် သူမသည် သူ့ကို လိုအပ်သည်ထက် ပိုမိုမြတ်နိုးခဲ့သည်မှာ သိသာထင်ရှားသော အမှတ်အသားများပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သည်။ ထိုအတူ သူ့အချစ်များကိုလည်း အကြွင်းမဲ့ သံသယမရှိ ယုံကြည်လက်ခံတတ်သည်မှာ သူမ၏ အထူးခြားဆုံး အမူအရာပဲ ဖြစ်ခဲ့သည်။ ချစ်သူသက်တမ်း တစ်လျှောက်တွင် သူမသည် သူနှင့် ပတ်သက်သမျှ အပြုအမူ အပြောအဆို အနေအထိုင်မှစ၍ သူ ကြိုက်နှစ်သက်သည့် အစားအစာများကို ဂရုစိုက် မှတ်သားတတ်သည့်မှတစ်ပါး အခြားမိသားစုရေးရာများကို လုံးဝစိတ်ဝင်စားခြင်း မရှိသည်မှာ သေချာသည်။ ထိုအတူ သူမနှင့်ပတ်သက်သည့် မိသားစုအကြောင်း ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို သူ့ကို တိုင်ပင်ဆွေးနွေးခြင်း အလျဉ်းမရှိဘဲ အထူးလျှို့ဝှက် သိပ်သည်းစွာ နေခဲ့သည်အတွက် သူမ အပြုအမူကို သူကိုယ်တိုင် လက်မခံခဲ့ပါ။

သူ့ကို ချစ်သူတစ်ယောက်အနေနှင့် တိုင်ပင်အားကိုးစေချင်သည်မှာ သူ၏ အကြီးမားဆုံး ဆန္ဒပင်ဖြစ်ပြီး သူမနှင့် ပတ်သက်သမျှ အရာရာကို ဦးဆောင်၍ လက်တွဲရှင်းလင်းခြင်းဖြင့် မားမားရပ် ဖြေရှင်းပေးချင်၏။ သို့သော် သူ့ဆန္ဒသည် သူမ ရှေ့မှောက်အရောက်တွင် မကျေနပ်စွာပင် ပျောက်ဆုံးခဲ့ရသည်။





"ကျွန်မဘဝကို အရာရာ ဦးဆောင်နိုင်တဲ့ သူဟာ ရှင်ကိုယ်တိုင်ပဲဆိုတာ အကြွင်းမဲ့ ယုံကြည်ပြီးသားပါ ရွှေတိုက်စိုး... ကျွန်မ ကိုယ်တိုင်ကလဲ ရှင့်ကို အားကိုးတယ်၊ မြတ်နိုးတယ်၊ ရှင် ကျွန်မကို ချစ်တယ်ဆိုတာထက် အဆပေါင်း ရာထောင်မက ရှင့်ကို ကျွန်မ ပိုချစ်တယ်ဆိုရင် ရှင်ကျေနပ်ပါ။ ရှင် သိချင်နေတဲ့ ကျွန်မ မိသားစုအကြောင်းဆိုတာ အခုလောလောဆယ် အတူရှိနေတဲ့ ရှင်နဲ့ ကျွန်မတို့လောက် စိတ်ဝင်စားစရာ မကောင်းဘူးဆိုရင် ရှင် ယုံကြည်မှုနဲ့ လက်ခံပေးပါ"

သူမ စကားများသည် မှန်ကန်သည်ဟု ထင်လောက်စရာရှိသည်မှာ သေချာသည်။

သူမ ပြောသလိုပင် ကျေနပ်စေသည့် အကြောင်းအရာများကို ဖြတ်ကျော်၍ သူမ ဆန္ဒမပါသည့် အကြောင်းအရာများဖြင့် ချစ်သူစိတ်ကို သူ အနှောင့်အယှက် မပြုရက်ပါ။

သူမမြတ်နိုးသည့် မေပန်းချီသည် ရွှေတိုက်စိုးဆိုသည့် သူ့ကို ချစ်နေခြင်းဖြင့် လောကတွင် အရာရာ ပြီးပြည့်စုံသည်ဟု သူလက်ခံရမည်။ ဤနည်းအားဖြင့် သူမသည် သူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ အနက်ရှိုင်းဆုံး နေရာယူ တိုးဝင်နိုင်ခဲ့သူဖြစ်သည်။ မိသားစုနှင့် ဝတ်သက်၍ တစ်စုံတစ်ရာ ရင်ဖွင့်ပြောဆိုခြင်း မရှိသည့် သူမကို ရွှေတိုက်စိုး ဘယ်သောအခါမှ စိတ်မဆိုး မိခဲ့ပါ။ သူ့မိသားစုအကြောင်း အထူးသဖြင့် သူ့မေမေ အကြောင်းကိုသာ သူမနှင့် ကျွမ်းဝင်ရင်းနှီးမှုရှိစေရန် တိုက်ဆိုင် မှုရှိလျှင်လည်းကောင်း၊ တမင်သက်သက်သော်လည်းကောင်း ပြောပြခဲ့ဖူးသည်။ ထိုအခါတိုင်း သူမသည် စိတ်ရှုပ် စိတ် ဆိုးခြင်းမရှိ၊ တစ်စုံတစ်ရာ ဝင်ရောက်ပြောဆို မေးမြန်းခြင်း လည်းမပြု၊ ပကတိ တည်ငြိမ်စွာ သူမနှင့်မည်သို့မျှ မသက် ဆိုင်သည့်အလား ရှိနေတတ်၏။

မည်သို့ပင်ဖြစ်စေ။

အသိရခက်သော သူမသည် သူ့အသက်နှင့်ထပ်တူ မြတ်နိုးရသော မိန်းကလေးအဖြစ် သူ့နှလုံးသားတွင် ဆက် လက်ရှင်သန်နေခဲ့သည်မှာ အံ့သြဖွယ် ထူးဆန်းသည့် အချစ်ပဲ ဖြစ်၍ နေခဲ့သည်မှာ ပုံပြင်မဟုတ်ခဲ့ပါကြောင်း ဝန်ခံရမှာ သေချာသည်။

* * *





ညစ်ညျုးရှုပ်ထွေးနေသည့် စိတ်အစဉ်တို့သည် ရွှေတိုက် ိး၏ မျက်နှာပြင်လေးကို မြင်ရသည့် အခိုက်အတန့်တွင် ွင့်ပြယ်မှေးမှိန်သည်ဟု ထင်သည်။ သူ့လက်မောင်းကို ွဲခိုဆုပ်ကိုင်ထားရခြင်းဖြင့် အားကိုးအားထား မားမား ာ်မတ် ရပ်တန့်နိုင်မည်သူတစ်ဦး သူမဘဝတွင် ရှိနေပြီဟု း‌ငယ်ဝမ်းနည်းနေရသည့် နေ့ရက်များကို ဂုဏ်ယူဝင့်ကြွား ိုက်ချင်ပါသည်။

"ပန်းချီ ပျော်သလားဟင်"

သူမ လက်ဖဝါးတစ်ဖက်ကို ညှစ်ထွေးဆုပ်ကိုင်လျက်မှ ွာကိုယ်ကို ခပ်ကိုင်းကိုင်းပြု၍ တိုးတိုးမေးလာသည့်အခါ ူမ ခေါင်းညိတ်ရယ်မောခြင်းဖြင့် ရင်မှာ အပျော်မြစ်တို ောင်းကြသည်။ ရှည်လျားမြင့်မိုးသည့် ချစ်သူနှင့် ဆန့်ကျင် က်ဖြစ်၍ နေရခြင်းအတွက် သူမ ဘယ်သောအခါမှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက် ငြူစူခဲ့ခြင်း မရှိပါ။ ချစ်သူမျက်နှာကို မော့ကြည့်လျက် နွေးထွေးသည့် မျက်ဝန်းများကို ထာဝရငေးမော ကြည့်နေချင်သည်မှာ သူမ အလိုချင်ဆုံးသော ဆန္ဒတစ်ခုအဖြစ် ပါဝင်နေခဲ့သည်။

ရွှေတိဂုံဘုရားကို ဓာတ်လှေကားဖြင့် တက်မည်။ ချစ်သူ အကြံကို ပြတ်သားစွာ သူမ ငြင်းဆန်ကန့်ကွက်ခဲ့သည်။ လှေကားထစ်များအတိုင်း ချစ်သူလက်ကို တွဲခို၍ တက်ရသည်မှာ သူမအမြတ်နိုးဆုံးအရာဖြစ်သည်။ ဘုရားရင်ပြင်ပေါ်သို့ ရောက်ရန် အတော်လေး လိုသေးသည့်အတွက် ရွှေတိုက်စိုး၏ လက်မောင်းကို ဆုပ်ကိုင်မှီနွဲ့လျက် မျက်နှာပြင်ကို ငေးမော ကြည့်၍ တက်ရသည့်အခါ ဖြစ်ပေါ်လာသည့် မောလျှခြင်းတို့ ကွယ်ပျောက်နေ၏။

"စိုးရော ကျွန်မ လိုပဲလားဟင်"

"ဟင့်အင်း... ပန်းချီ ပျော်တာထက် ပိုပြီးပျော်တယ်၊ နောက်ပြီး ပန်းချီ မောနေရက်နဲ့ မောင် စိတ်ချမ်းသာအောင် ညာပြောနေတာကို သိတော့ ပိုပြီးချစ်တယ်"

ကြည်နူးခြင်းဖြင့် နှလုံးသားတွင် တလှပ်လှပ် ခံစား





ရသည်။ အချစ်ဆိုသည့်အရာဖြင့် ပြုစား၍ သူမ နှလုံးသားကို သိမ်းပိုက်နိုင်စွမ်းသည့် ရွှေတိုက်စိုးကို သူမက ပိုမိုမြတ်နိုးစွာ ကွယ်ပြီသွားခဲ့တာ ရှင် သိနိုင်ပါ့မလား စိုးရယ်...

မိဘနှစ်ပါး မေ့လျော့နေသည့် သူမ၏ မွေးနေ့ကို သူမ ချစ်သူက အမှတ်တရ တန်ဖိုးထား၍ အထိမ်းအမှတ် တစ်ခု အဖြစ် ပြုစေခဲ့သူ...။

ကျွန်မ ဘဝရဲ့ ပျော်ရွှင်မှုဆိုတာ ရှင်ကိုယ်တိုင်ပါ ရွှေတိုက်စိုး။ ဘုရားရင်ပြင်ပေါ်တွင် အချိန်ကြာကြာထိုင်၍ ဆုံးနိုင်သော ဆုတောင်းမှုများထဲတွင် ဘဝကံခေလွန်းသော အပန်းချိသည် သံသရာတွင်ပြုခဲ့ဖူးသမျှ ကုသိုလ် အဆက် ဆက်တို့ဖြင့် ယခုခံစားနေရသည့် ဝဋ်ဒုက္ခဆိုးမှ ကင်းလွတ်ပါ စေဟူသော ဆုဖြင့် သူမကိုယ် သူမ နှစ်သိမ့်မိ၏။

"ဘာတွေ ဆုတောင်းနေတာလဲကွာ၊ အကြာကြီးပဲ၊ ဘာလဲ ချစ်တဲ့သူနဲ့အတူ ဘဝဆက်တိုင်း ပေါင်းဖက်၍ ားတစ်ရာ မြစ်တစ်ဖြာ ရပါလို၏လို့ ဆုတောင်းနေတာ ဟုတ်လား၊ ပြည့်စေဗျာ"

ချစ်သူ၏ အပျော်အပြက် စကားများထဲတွင် သူမ၏

www.burmeseclassic.com



ကြေကွဲမှုများကို ကွယ်ပျောက်ပစ်လိုက်သည်။ မားမတ်ခိုင်ခန့်သည့် ရွှေတိုက်စိုး၏ မျက်နှာပြင်ထက်တွင် ဟန်ဆောင်မှုမရှိ၊ ရိုးရှင်းစွာ ပျော်ရွှင်ကြည်နူးနေသည်မှာ သေချာသည်။ ဘုရားရင်ပြင်ပေါ်မှ အဆင်းတွင် သူမအတွက် အမှတ်တရ မွေးနေ့လက်ဆောင်ဆိုသည်မှာ ရွှေတိုက်စိုး၏ မျက်နှာပိုင်းဓာတ်ပုံကို ငွေရောင်အနား သပ်ထားသည့် တောက်မှန်လေး ဖြစ်၍နေပြီး အသည်းသေးသေးလေးနှစ်ခု ထပ်နေသော ရွှေသားလက်စွပ်လေးကို သူမ၏ လက်သူကြွယ်တွင် သူကိုယ်တိုင် ဝတ်ဆင်ပေးခြင်းဖြင့် အသိုင်းမလို ကွတ်တိဖြစ်နေသည်မှာ ပို၍အံ့ဩ ပျော်ရွှင်သွားစေနိုင်ခဲ့သည်။

"ကျေးဇူးတင်ပါတယ် စိုးရယ်၊ ကျွန်မအတွက် ပျော်ရွှင်မှု မှန်သမျှကို ဖန်တီးပေးစွမ်းနိုင်တဲ့ သူဟာ ရှင်တစ်ယောက်တည်းပါ"

ရွှေတိုက်စိုး၏ ဓာတ်ပုံလေးကို သူမ ရင်မှာအပ်လျက် လှိုက်လှဲတုန်ခါစွာ ကျေးဇူးစကားဆိုရင်း ချစ်သူမျက်နှာပြင်ကို မြတ်နိုးချစ်မဝနိုင်စွာ ငေးမောကြည့်မိသည်။ အရှုံးလေးလိုပဲ ဟုပြောလျက် သူမ ဦးခေါင်းကို ဖွဖွငုံ့နမ်းသည့်အခါ ချစ်သူ၏





ပြုံအမှုအတွက် ကျေနပ်ကြည်နူးစွာ ထာဝရအမှတ်ရမည်မှာ သေချာသည်။

တိတ်ဆိတ်နေသော ညဘက်တွင် သူမ ဘယ်လိုမှ မပျော်နိုင်စွာ ရွှေတိုက်စိုးကို သတိရနေမိသည်။ အပြာရောင်အုပ်ဆောင်းဘေးနားမှ ရွှေတိုက်စိုး၏ မရယ်မပြုံး မျက်နှာသိတည်လေးကို မမှိတ်မသုန် မျက်ဝန်းညိုများဖြင့် ငေးမောမိသည်။

အလွှန်တစ်ရာ ညှို့ဖျင်းသည့် မသိမ်မွေ့သော ဆက်ဆံ ကျဲတောက်တောက်များကို ဥပေက္ခာပြု၍ သူမ နှလုံးအိမ်တွင်းသို့ ချဉ်းနင်းဝင်ရောက်နိုင်စွမ်းသည် ရွှေတိုက်စိုး၏ ည်အချင်းကိုတော့ သူမ အံ့ဩစွာ အသိအမှတ် ပြုခဲ့ရည်။

ရွှေတိုက်စိုးသည် သူမ၏ သူငယ်ချင်းလည်း မဟုတ် ...။

ရင်းနှီးသော မိတ်ဆွေလည်း မဖြစ်ခဲ့ပါ ...။

သာမန်မျှသာ အတန်းဖော် အဆင့်ထက်ပင် စိမ်းတင်းတောင်းခဲ့ကြောင်း ဝန်ခံရမည်။ တည်းတင်းသော မျက်နှာနှင့် မည်သူတစ်ဦး တစ်ယောက်ကိုမှ အပေါင်းအသင်း



www.burmeseclassic.com

ဆေ့ပ်ခဲ့သည့် အမြဲလိုလို တစ်ယောက်တည်း ရှိနေသည့် သူမတွင် ခိုင်မမသာ ရောက်နိုင်လိမ့်မည် မဟုတ်ပါ။ သူမ ကိုယ်တိုင်လည်း ရွှေတိုက်စိုးကို နင့်နင်သီးသီး ချစ်မိသွား လိမ့်မည် မထင်ခဲ့။ သို့သော် ရွှေတိုက်စိုးကို နင့်သီးစွာ ချစ်မိ သွားသည့် အခိုက်အတန့်မှာပင် သီရိကိုယ်စား ဒုတိယနေရာ တွင် အစားထိုး ဝင်ရောက်ရန် သူမကိုယ်တိုင် တိကျရဲရင့်စွာ ဆုံးဖြတ်ခဲ့သည်။ ထိုအတွက် သူမသည် မည်သည့် အခါတွင်မှ နောင်တရလိမ့်မည် မဟုတ်ခဲ့ပါ။

ရွှေပုက်စိုးရယ်…။

ကျွန်မ နှလုံးသားရဲ့ ရွေးချယ်မှုက သိပ်ကို မှန်ကန် တိကျခဲ့ပါတယ်။ နစ်စူးစွဲမြဲတဲ့ ကျွန်မ အချစ်ဟာ ရှင့်အတွက် ထာဝရတည်မြဲနေမယ်ဆိုရင် ရှင် ယုံပါကွယ်။ ချစ်သူဖြစ် ခဲ့ကြသည့် သက်တမ်းတစ်လျှောက် သူမသည် ရွှေတိုက်စိုး၏ မိသားစုကိစ္စကို ဘယ်တုန်းကမှ မေးမြန်းစပ်စုခြင်း မရှိခဲ့သည် သူမနှင့် ပတ်သက်သည့် အကြောင်းအရာ တစ်စုံတစ်ခုမှ ရွှေတိုက်စိုးကို ဖွင့်ဟအသိပေး တိုင်ပင်ခဲ့ခြင်းမျိုးလည်း မရှိ ခဲ့ပါ။





ထို့ကြောင့် သူမသည် ရွှေတိုက်စိုးအမည်နှင့် အတန်းမှ လွဲ၍ တခြားပို၍ မသိခဲ့။ သို့သော် တစ်ခါတစ်ရံ ပြောပြ တတ်သည့် ရွှေတိုက်စိုး၏ မိခင်ဒေါ်မြမြစိုး၏ အမည်ကိုဖြင့် သူမနှင့် အတန်အသင့် ကျွမ်းဝင်ခဲ့ရသည်။ ရွှေတိုက်စိုးအနေနှင့် လည်း သူမနှင့် ပတ်သက်သည့် မိသားစုအကြောင်းကို သိချင် စိတ်ဖြင့် မေးမြန်းခဲ့ဖူးသည် မှန်သော်လည်း နားလည်ရခက် လွန်းသည့် သူမကို နောက်ထပ်အကြိမ်အဖြစ် ဘယ်တော့မှ မေးမြန်းစစ်ကြောခြင်း မပြုတော့သည်မှာ သူမကို ချစ်တာ တစ်ခုတည်းနှင့်ပင် ဖြစ်နိုင်သည်ဟု ယုံကြည်သည်။

ကျွန်မကို ခွင့်လွှတ်ပါ ရွှေတိုက်စိုး…။

ဘယ်လိုမှ ပျော်စရာမကောင်းတဲ့ ကျွန်မရဲ့ မိသားစု အကြောင်းကို ရှင့်ကိုပြောပြနိုင်ဖို့ အတန်တန် ကြိုးစားခဲ့ပေမဲ့ ကျွန်မ နှလုံးသားက ခံနိုင်ရည် နည်းပါးလွန်းနေတယ်။

တစ်နေ့နေ့ကြရင်တော့ ကျွန်မရဲ့ ပတ်သက်သမျှ ရှင် သိတိကျကျ သိခွင့်ရရမှာပါ စိုးရယ်…။

* * *



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကို ဝန်ခံရမည်ဆိုလျှင် မိုးရာသီကို သူမမကြို
ပါ။ မိုးရေစက်များကို ချစ်တတ်သော သူမသည် ရွှံ့နွံ
ပေစင်သည့် လမ်းများတွင် လျှောက်ရခြင်းအတွ
နှစ်သက်ပျော်ပိုက်ခြင်း မရှိသည်မှာ သေချာသည်။ သို့သေ
သူမသည် ရွှေတိုက်စိုးကို ချစ်မိသည့်အချိန်မှ စတင်၍ မိုး
ချစ်သည့် ချစ်သူနှင့် ဆန့်ကျင်ဘက် မဖြစ်လိုစွာ သူမ မန
သက်သော မိုးရေစိုရွှဲနေသည့် လမ်းများ၊ ရွှံ့စပ်စပ်အိုင်ငေ
လေးများကိုမှမကျန် ရွှေတိုက်စိုး၏ လက်ကို တွဲခိုချိတ်ဆက်
မညည်းမညူ လျှောက်ခဲ့ဖူးသည်။

ရွှေတိုက်စိုးကို ချစ်နေရခြင်းဖြင့် အရာရာကို သူ
မေ့လျော့ထားခြင်းပဲ ဖြစ်သည်။ စိုစွတ်အေးစက်သည့် နေ့ရ
များကို သူမ မနှစ်သက်နိုင်စွာ ရင်ဆိုင်နေရသည့် အဖြစ်





ချစ်သူမျက်နှာ ပျော်ရွှင်ကျေနပ်နေခြင်းဖြင့် အစားထိုး ဖြေဖျောက်ခဲ့သည်။

"မနေ့က နှင့် မွေးနေ့ဆို ငါတို့လဲ ဘာမှမစားရပါလား"

T 13 (တီသာတ်တင်း)ဆောင်ရှေ့ အရောက်တွင် ပန်ဒါက မေးလိုက်ခြင်းဖြစ်သည်။ တမင်သက်သက် မဟုတ်သော အပြုံးငွေ့ငွေ့ဖြင့် 'လက်ဆောင်ပေးဖို့ရော သတိရရဲ့လား'ဟု တုံ့ပြန်အမေးမှာ ပန်ဒါ နှုတ်ခမ်းတို့ အလိုလို စေ့ပိတ်သွားခဲ့သည်အတွက် ပျော်ရွှင်မှု မဖြစ်ထွန်းသောလည်း ပန်ဒါကို စိတ်အနှောင့်အယှက် ဖြစ်စေနိုင်ခဲ့သည်။

'မဟုတ်မခံ ဆတ်ဆတ်ကြဲလေး'ဟု အရယ်မျက်နှာဖြင့် ရွှေတိုက်စိုးက ဝင်ပြောသည့်အခါ သူမ မျက်နှာက အလိုမကျနိုင်စွာ မှုန်တည်အေးစက် သွားခဲ့သည်။ ကင်န်တင်းဘက်သို့ လျှောက်လှမ်းနေသည့် ခြေလှမ်းတို့ တုန့်ဆိုင်းသွားသလို ခံစားရသည်။ ချစ်သူကို အပြစ်ယူခြင်း မဟုတ်သည့်တိုင် ဒဏ်ရာများစွာ ရှိနှင့်နေသည့် နှလုံးသားတို့က နာကျင်ချင်နေ၏။ အအေးဆိုင်မှာ ထိုင်မိသည့်အထိ သူမ နှုတ်ဆိတ်နေမိသည့်အခါ ရွှေတိုက်စိုးထံမှ မေးခွန်းဆန်သည့်မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် စတင်ရင်ဆိုင်ရတော့သည်။

သက်ပြင်းတစ်ရှိုက်မှာ မပျော်ပိုက်မှုများ မျောပါသွားလျှင် ကောင်းမည်ဟု ဝိုးတဝါး တွေးမိသေးသည်။ သံပုရာရည်တစ်ခွက်စီ မှာသောက်ရင်း သူမမှာ ရွှေတိုက်စိုး သံသယကင်းအောင် နေပြရင်း လူတစ်ယောက်၏ ပုံမှန်လည်ပတ်မှုအကြောင်းကို ယောင်မှားစွာ စဉ်းစားနေမိသည်။

'ရွှေတိုက်စိုး ကျွန်မ ငှက်တစ်ကောင် ဖြစ်သွားရင်ကောင်းမလား' ဟု မေးလိုက်မည် ပြုစဉ်မှာပင် ဟိုးအဝေးဆီမှ လျှောက်လာနေသော ပြေပြစ်လှပသည့် ခရမ်းနုရောင်အရိပ်တစ်ခုကို အဦးဆုံး သတိထားမိခဲ့သည့်အခါ ထိုမေးခွန်းသည် သူမ လည်ချောင်းဝတွင် အလိုလို ကွယ်ပျောက်သွားခဲ့သည်။

"စိုး... ကျွန်မ စာကြည့်တိုက်ဘက် သွားချင်တယ်"

အစီစဉ်တကျ ယုံလောက်နိုင်စရာ အကြောင်းရှိသည့် ကိစ္စတစ်ခု သူမကိုယ်တိုင် ရုတ်တရက် ဖန်တီးလျက် နေရာမှ ထရပ်လိုက်သည့်အခါ တားမြစ်မည့်သူ ဘယ်သူမှ မရှိခဲ့တာ သေချာသည်။ ဒါကလည်း သူမ၏ ရိုင်းပြမှုများစွာထဲက





တစ်ခုအဖြစ် ပါဝင်နေခဲ့သောကြောင့် ဖြစ်သည်။ အအေးဖိုးကို ရှင်း၍ နေရာမှ ဦးဆောင်ထွက်ခဲ့သူမှာ သူမဖြစ်နေပြီး ဝိုးတဝါး အကြည့်များဖြင့် ကျန်ရစ်ခဲ့သူမှာ သန္တာစိုးဆိုသည့် အမေတူ အဖေကွဲ ညီမလေးပဲဖြစ်၍ နေလိမ့်မည်။

"ဟာ... ကိုယ်အခုမှ သတိရတယ်၊ ကိစ္စတစ်ခုမေ့နေလို့ ပန်းချီ ကိုယ် စာကြည့်တိုက်ဘက် မလိုက်နိုင်တော့ဘူးအဲဒါ..."

"ရပါတယ်၊ ပန်ဒါ ပါနေတာပဲဥစ္စာ၊ စိုး သွားစရာရှိတာသွားပါ"

"ကျေးဇူးပဲ ပန်းချီ၊ ဒါဆို ကိုယ် သွားမယ်နော်"

ဆိုင်နှင့် ခပ်လှမ်းလှမ်း အရောက်တွင် ရွှေတိုက်စိုး၏ အရေးတကြီး ပုံစံကြောင့် သူမတို့ စကားပြောနေကြသည့် အခိုက်အတန့်မှာပင် သိပ်အလှမ်း မကွာတော့သည့် သန္တာစိုးကို မြင်နေရ၏။ ရွှေတိုက်စိုး သူမကို နှုတ်ဆက်ပြီး ကျောခိုင်း မသွားနိုင်ခင်မှာပင် ထိုနေရာမှ သူမ အဦးဆုံးခွာခဲ့သည်။

လူအများကြားတွင် သန္တာစိုး၏ ရိုင်းပြမောက်မာမှုကို သူမ မတွေ့ချင်ပါ။ နှုတ်တုံ့ချေပခြင်းဖြင့်လည်း ညီမဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကို မနစ်နာစေလို။ စာကြည့်တိုက်သည် ထုံးစံ ဝတိုင်း တစ်ယောက်စ နှစ်ယောက်စ ရှိနေသည်မှလွဲ၍ လူရှင်းကာ တိတ်ဆိတ်ငြိမ်သက်နေ၏။ ရည်ရွယ်ချက်မရှိဘဲ ရောက်ရှိလာရသည်မို့ စာအုပ်များကို ဆွဲယူကိုင်တွယ်ကြည့်နေသည်မှအပ မည်သည့်စာအုပ်ကို ရွေးချယ်သင့်ကြောင်း သူမ စဉ်းစား၍ မရခဲ့ပါ။

ရှောင်ကွင်းရုံမျှ သဘောမျိုးဖြစ်နေသဖြင့် သူမ စိတ်အာရုံသည် အဖိုးတန်လှသော စာအုပ်များတွင် မတွယ်ငြိနိုင်ဘဲ စာအုပ်များကိုသာ ကိုင်တွယ်ကြည့်ရှုရင်း ပန်ဒါသည် သူမနှင့် တဖြည်းဖြည်း အလှမ်းကွာစွာ ကျန်ရစ်ခဲ့သည်။ ထိုစဉ် သူမ လုံးဝမျှော်လင့်ထားခြင်းမရှိသည့် အရာတစ်ခုသည် သူမရှိရာသို့ ဖြန်းစားရောက်ရှိ လာခဲ့သည့်အတွက် အနည်းငယ် အံ့သြသွားကြောင်း သူမ ဝန်ခံရမည်။

ပြည့်တင်းသော ခရမ်းနုရောင် အရိပ်တစ်ခုသည် သူမရှိရာသို့ တန်းမတ်စွာ ဝင်ရောက်လာသည့်အခါ သူမသည် နှုတ်ခမ်းနှစ်လွှာကိုပို၍ တင်းတင်းစေ့ပိတ် ပစ်လိုက်သည်။ သူမ ရင်တွင်းမှ လှုပ်ရှားနေမှုများကို ဖုံးကွယ်ထားရခြင်းဖြင့်





သူမ မျက်နှာပြင်သည် အေးစက်စက်ဖြစ်နေသည် ထင်၏။

သန္တာစိုး...

သူမ ညီမလေးမှာ ဘာတွေပြောစရာ ရှိနေနိုင်မလဲ။

ဟင့်အင်း... သူနဲ့ သူမကြားမှာ အများကြီးကွာဟနေခဲ့တာ အသေအချာပါပဲ။

မရယ်မပြုံး တည်တင်းတင်း မျက်နှာပြင်လေးနှင့် စူးတောက်တောက် မျက်ဝန်းများကို ပိုင်ဆိုင်ထားသော သန္တာစိုး၏ မျက်ဝန်းများဖြင့် ရင်ဆိုင်မိသည် အချိန်တွင် သူမက အဦးဆုံး စတင်နှုတ်ဆက်ရန် ဝန်လေးတုံ့နှေးနေသည်။ ကိုယ်က အကြီးပဲလေဟု စိတ်ကို လျော့လျှလိုက်စဉ်မှာပင် သန္တာစိုးသည် သူမ အပါးတွင် အံ့သြဖွယ် နီးကပ်စွာ ရပ်တန့်နေ၏။

"စာအုပ် လာငှားတာလား ညီမလေး"

အထူးသတိထား နေသည့်ကြားမှ သူမအသံက အေးစက်စက်နိုင်လွန်းသည်ဟု ထင်၏။

"မဟုတ်ဘူး၊ ရှင့်ကို မေးစရာရှိလို့"

သူမနှင့် ဆန့်ကျင်စွာ ထွက်ပေါ်လာသည့် သန္တာစိုး၏



www.burmeseclassic.com

www.burmeseclassic.com



အသံက ပူပြင်းလွန်းသည်။ အံ့သြရှုပ်ထွေးသည့် အရိုင်းအငွေ့များ ဖြတ်သန်းသွားသည့် သူမ မျက်ဝန်းအကြည့်ကို သိမ်းဖယ်လျက် စာအုပ်တစ်အုပ်ကို ဆွဲယူလိုက်သည်။

"ပြော... ဘာမေးမှာလဲ"

"ခုန ရှင်နဲ့ တွဲသွားတဲ့လူက ဘယ်သူလဲ၊ ဘယ်ကလဲ"

မထင်မှတ်သော မေးခွန်းကြောင့် သူမ ရင်ထဲမှာ မျက်ခနဲ ဖြစ်သွားသည်။ သန္တာစိုးနှင့် မည်သို့မှ သက်ဆိုင်ပတ်သက်ခြင်း မရှိသော သူမ၏ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကို မောက်မာရိုင်းပြစွာ အမေးခံရသည့်အတွက် သူမ နှုတ်ခမ်းနှစ်လွှာကို တစ်ဆတ်ဆတ် တုန်ခါလာလျက် ထောင်းခနဲ ကြွတက်လာသည့် ဒေါသကို စိတ်ထဲ မျိုသိပ်ချုပ်တည်းရင်း အတွင်းနှုတ်ခမ်းသားကို သွားဖြင့် ဖိကျိတ်လျက် ထိန်းရသည်။

ဒါ... သူမ ညီမလေးလေ...။

"သူ ဘယ်သူပဲဖြစ်ပေါ့ သန္တာ၊ မင်းနဲ့ မဆိုင်ပါဘူး၊ ငါ့ကိစ္စထဲမှာ မင်း ဝင်မပါသင့်ဘူးဆိုတာ မင်း နားလည်သင့်တယ်"





"သိပ် နားလည်တာပေါ့ မေပန်းချီ၊ နားလည်လွန်းလို့ ရှင့်ကို အခုလို မေးနေရတာ၊ ခုနက ရှင့်နဲ့ တွဲသွားတဲ့လူကို ဘယ်သူလို့ ရှင် ထင်နေလဲ၊ မသိရင်မှတ်ထား မေပန်းချီ၊ အဲဒါ ရှင့်အမေရဲ့ ခဲအို၊ ကျွန်မရဲ့ ဦးလေးအရင်းကြီးပဲ သူ့နာမည်က ရွှေတိုက်စိုးဆိုင် သည်ကိစ္စကို ကျွန်မနဲ့ မဆိုင်ဘူးလို့ ရှင် ပြောချင်သေးလား"

မယုံကြည်နိုင်ခြင်းဖြင့် သူမ မျက်ဝန်းအစုံတို့ ပြာဝေသွားခဲ့သည့် ချာခနဲ ကျောခိုင်းလှည့်ထွက်သွားသည့် သန္တာစိုးကို ငေးကြောင်မှင်တက်စွာ ကြည့်နေမိသည်။ စာကြည့်တိုက်အတွင်း ထိခိုက်စွာ ပြောဆိုမေးမြန်းခြင်း ခံရသည့် စကားများစွာ နောင်တွင် သူမ၏ အနာဂတ်ကို အကြီးအကျယ် ပျက်ပြိုပြောင်းလဲ သွားစေနိုင်လိမ့်မည်ဟု ဘာကြောင့်များ သူမ ကြိုတင်၍ မတွေးမိခဲ့ရတာပါလိမ့်။

သေချာတာ တစ်ခုကတော့ အဲဒီအချိန်မှာ ဝင်ရောက်လာသည့် နှလုံးသားတော်လဲသံက ဘဝပျက်ပြိုသွားမယောင် ခံစားလိုက်ရတယ် ဆိုတာပါပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



“မေပန်းချီဆိုတဲ့ မိန်းကလေးက လူကြီးကို ရိုသေလေးစားရမှန်း မသိတဲ့ မိန်းကလေးလို့ ဒေါ်မြမြစိုးက သူ့သား ရွှေတိုက်စိုးကို ပြန်ပြောတော့ သူက ဘာမှပြန်မပြောဘူး ရယ်နေတာတဲ့”

“ဒါနဲ့တင် အားမရသေးဘဲ အဘွားကြီးက သိပ်ရိုင်းတာပဲလို့ပြောတော့ အဲဒါ သား ချစ်သူလို့လဲ ပြောလိုက်ရော ဒေါ်မြမြစိုးက အရမ်းဒေါသဖြစ်ပြီး ပန်းချီနဲ့ ဘယ်လိုမှ သဘောမတူနိုင်ဘူးလို့ အတိအလင်း ကြေညာတော့တာပဲ”

သူမ နားထဲသို့ ခါးသက်စွာ ဝင်ရောက်လာသည့် စကားနှင့် အသံလှိုင်းများ။

ရိုင်းစိုင်းသူဟာ သူမ မဟုတ်ဘူးလို့ ဟစ်အော်အသံကုန် ပြုလိုက်ရမည်လားဟု သူမ နာနာကြည်းကြည်း တွေးမိသည်။





ဒါတွေဟာ ပြန်ကြားသင့်တဲ့ စကားများ မဟုတ်ပါဘဲနှင့် ဘာကြောင့် စကားရောင်း စကားဝယ် လုပ်ချင်ကြတာပါလိမ့်။

သူမ အလွန်တစ်ရာ ရှုံမုန်းခါးသက်တဲ့ အပြုအမူဟာ ဒီ စပ်စုခြင်းက စတာပဲဆိုတာသိဖို့ သူတို့ရိုင်းပြမှု စပ်စုမှုကို ဆင်ခြင်သင့်သည်။ ခရီးလွန်နေသည့် ရွှေတိုက်စိုးထံမှ တိုက်ရိုက်ကြားသင့်သည့် စကားများစွာကို မသက်ဆိုင်သည့် သူများထံမှ ကြားရခြင်းကိုပဲ သူမ မည်သို့မှ မနှစ်မြို့နိုင်တာလည်း သေချာသည်။

“နောက်ပြီး ပန်းချီ မိဘတွေ ဘယ်သူလဲဆိုတာ ဒေါ်မြမြစိုးကိုယ်တိုင် စုံစမ်းနေတယ်တဲ့”

‘တော်တော့’ ဟု မတားမြစ်မိ။

ကြားသိနေရသည့် စကားများစွာက တိကျခိုင်လုံသည့် သတင်းရပ်ကွက် တစ်ခုအဖြစ် ပန်ဒါ အဒေါ်ဖြစ်သူမှတစ်ဆင့် ပြန်ကြားနေရသည့်အတွက် သူမ လက်ခံယုံကြည်သင့်၏။

သူမ ဘယ်သူဘယ်ဝါ သမီးဆိုတာကို သိရှိနိုင်ဖို့ထက် ဒေါ်မြမြစိုး ဘယ်သူလဲဆိုတာ သိနေရခြင်းက သူမအတွက် ပိုဆိုးရွားသော အခြေအနေ တစ်ခုပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ရခြင်းကို သူမ စိတ်မပါတော့ပါ၊ အိမ်ပြန်ဖို့လည်း စိတ်ကူးမရှိ။

အခန်းထောင့်တွင် တွေတွေဝေဝေ ထိုင်နေမိ၏။ တကယ်ဆို သူမအနေနှင့်သာ မပတ်သက်ခဲ့ဘူးဆိုလျှင်ပေါ့။ အခုတော့ အရာရာသည် အလေးအနက်ထား၍ စဉ်းစားတွေးတောစရာများအဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ အဓိက အကြောင်းအရင်းမှာ မေမေနှင့် ဒေါ်မြမြစိုးတို့ တိုက်ရိုက်ဆက်သွယ် ပတ်သက်နေမှုပဲ ဖြစ်သည်။

ဒေါ်မြမြစိုးအနေနှင့် သူမ တော်စပ်ပတ်သက်ခဲ့သည့် ချွေးမကြီးဖြစ်သူထံတွင် အလွန် အင်မတန် ဆက်ဆံရေး မပြေပြစ်သည့် သမီးတစ်ယောက် ရှိခဲ့ဖူးလိမ့်မည်ဟု တစ်ခါမှ စဉ်းစားတွေးတော ကြည့်ခဲ့ဖူးခြင်း ရှိနိုင်မည်မထင်ပါ။ ထို့အပြင် ရွှေတိုက်စိုး အနေနှင့်လည်း သူ၏ မရီးဖြစ်သူထံတွင် သူအလွန် ချစ်ခင်မြတ်နိုး တန်ဖိုးထားသည့် မိန်းကလေး တစ်ယောက်ကို သမီးအဖြစ် တော်စပ်ခဲ့လိမ့်မည်ဟု စိတ်ကူးယဉ်မည့်သူ မဟုတ်တာလည်း သေချာသည်။

ဝေဒနာသည် ရင်၌ အစိုင်အခဲအဖြစ် ဖြစ်တည်နေ





ာ်လည်း သက်သာခွင့်ကို ရှာ၍မရ။ သူမ တွေ့နေရသည့် က်အခဲကို ဖြေရှင်းနိုင်ရန် အသိပေးသင့်သူအဖြစ် ရွေးချယ် ာ်မှတ်ရုံမျှ စိတ်ကူးသည်ပင် အောင်အောင်မြင်မြင် မဖြစ် က်ခဲ့။ ထိုနေ့ တစ်နေ့လုံး ညစ်ညူးစွာ ဖြတ်သန်းလွန် က်ခဲ့ရပြီး အိမ်ပြန်ရောက်သည်နှင့် အခန်းတွင်းမှ က်ဘဲ နေလိုက်သည်။

"ပန်းချီ နှင်း ဝင်လာခဲ့မယ်နော်"

သူမ၏ ခွင့်ပြုချက် မရခင်မှာပင် သူမ အခန်းတွင်းသို့ တ်ရိုဝင်ရောက် လာနိုင်သူမှာ နှင်းပဲဖြစ်သည်။

"နေ့လယ်က ဒေါ်လေးတင် လာသွားတယ်"

သူမ ထင်ထားတာ ဒီလောက်မမြန်ဆန်နိုင်ဟု ထင်ခဲ့ များယွင်းကြောင်း ဝန်ခံရမည်။ သို့သော် သန္တာစိုးသည် နှင့် ပတ်သက်သည့်ကိစ္စကို ဘယ်လိုမှ မေ့လျော့ပျောက်ဆုံး လိမ့်မည်မဟုတ်။ အမြန်ဆုံး သိစေခွင့်ဖြင့် သူမကို မြစ်ချုပ်ကိုင်နိုင်ရန် ကြိုးစားပေးလိမ့်မည်။

"နေမကောင်းဘူးလား ပန်းချီ၊ မင်း မျက်နှာကြည့်ရတာ င်းဖြူဖျော့နေသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ဦးခေါင်းကို ခါယမ်းခြင်းဖြင့် နှင်း၏ ထင်မြ
ယူဆချက်ကို ပိတ်ပင်လိုက်သည်။ သူမ နှလုံးသားသ
ခံစားချက် ဝေဒနာတို့ဖြင့် မွန်းကျပ်နင့်ဆို့နေ၏။

"ရွှေတိုက်စိုးကို မင်း ဘယ်သူလို့ထင်လဲ နှင်း"

ထူးခြားသည့် သူမ၏ သွင်ပြင်ဟန်နှင့် စကား
ကြောင့် နှင်းက အံ့ဩစွာ သူမကို ငုံ့ကြည့်၏။ သူမ ရွေး
ခဲ့သည့် ချစ်သူ ရွှေတိုက်စိုးကို သူမ ဘဝ၏ လက်
အသင့်တော်ဆုံး လူအဖြစ် အကြိမ်ကြိမ် တိုက်တွန်းသတ်
ပေးသည့်ထဲတွင် သူမ၏ နှလုံးသားအပြင် နှင်း ကိုယ်
လည်း ပါဝင်ပတ်သက်ခဲ့သည်။

"ဟင့်အင်း... ကိုယ် မထင်တတ်ဖူး၊ သူ ဘယ်
ပန်း ချီ"

နားမလည်နိုင်ဟန်ကို အတတ်နိုင်ဆုံး ထိန်း
မေးသည်ဟု သူမ ယုံကြည်သည်။ ဘဝသည် တစ်ခါတစ်
ကံဇာတ်ဆရာ ဖန်တီးတတ်သည့် ဆန်းပြားသည့် လှည့်
အောက်တွင် ဝပ်ဆင်းကျေအေး ပစ်လိုက်ရစမြဲပဲ ဖြစ်သ
သူမ လက်ခံရပေမည်။





"သူ ရွှေတိုက်စိုးက ဒေါ်မြမြစိုးရဲ့သား၊ ဒေါ်မြမြစိုး
ဆိုတာက ကျွန်မ မေမေရဲ့ ခင်ပွန်း ဦးမောင်မောင်စိုးရဲ့
အမေတဲ့"

"ဟယ်..."

နှင်း၏ တုန်လှုပ်မှုသည် သူမ ရင်ကို ပို၍မငြိမ်မသက်
ဖြစ်စေခဲ့သည်။ အခြေအနေ အရုပ်ရုပ်တို့ကို ဆက်စပ်တွေး
ရုံဖြင့် နေ့လယ်ခင်းက မေမေ ထူးခြားစွာ ရောက်လာရသည့်
ကိစ္စကို မလွဲမသွေ နှင်း သိနိုင်လိမ့်မည်။

အခုအချိန်တွင် သူမ အလုပ်သင့်ဆုံးအရာက ဘာပါ
လိမ့်ဟု စဉ်းစား၍မရ။ အသိသည် ခန္ဓာကိုယ်၌ ငြိတွယ်နေ
သေးသည် မှန်သော်လည်း သူမနှင့် အဝေးဆုံးသို့ ရောက်ရှိ
နေပြီဟု ခံစားရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မလိုက်နိုင်ဘူး စိုး၊ ကျွန်မ ရွေးချယ်လိုက်တဲ့ လမ်းမှာ ကျွန်မရယ်၊ စိုးရယ်ပဲ ရှိနေစေချင်တယ်၊ ဒါဟာ ကျွန်မရဲ့ ရင်းပြမှုတစ်ရပ်လို့ ရှင် ယူဆနိုင်ပါတယ်..."

သူမနှင့် ပတ်သက်၍ ရွှေတိုက်စိုးအနေဖြင့် ဘာကိုမှ သိခွင့်မရသေးသည်မှာ သေချာသည်။ မော်လမြိုင်မှ ပြန်လာပြီးနောက် တောင်းဆိုခဲ့သည့် ရွှေတိုက်စိုး၏ ဆန္ဒကို သူမ ဘယ်လိုမှ မလိုက်လျောနိုင်စွာ ငြင်းဆန်ကန့်ကွက်ခဲ့သည်။

မေပန်းချီဆိုသည့် မိန်းကလေးကို တွေ့ချင်သည်ဟု သားဖြစ်သူကို ပြောလာသည့် ဒေါ်မြမြစိုးကို သူမ အနေနှင့် ဘယ်လိုပုံစံမျိုးနှင့်မှ လက်ခံတွေ့ဆုံလိုစိတ် မရှိပါ။ သူမကို သားဖြစ်သူနှင့် သဘောမတူနိုင်ကြောင်းကို တိလင်းစွာ





မကြေညာသေးသည်မှလွဲ၍ ထိုထက် ထိရောက်သော စကားများ အပြုအမူများဖြင့် သူမကို သိစေခဲ့ပြီးပြီဖြစ်သည်။

အဲဒီထဲမှ ရွှေတိုက်စိုးမှတစ်ဆင့် သူမကို တွေ့ဆုံနိုင်ရန် ကမ်းလှမ်းချက်သည် မည်သို့မှ ကောင်းမွန်မှန်ကန်နိုင်မည် မဟုတ်တာ သေချာသည်။

ရွှေတိုက်စိုးရယ်...,

တကယ်ဆို ရှင်ကိုယ်တိုင်လည်း နားလည်သင့်ပါတယ်။ အခုတော့ ရှင်ကိုယ်တိုင်က ရှင့် အမေရဲ့ လှည့်စားမှုထဲမှာ မျောနေတာပါလား... ရှင်ဟာ ကျွန်မရဲ့ ရွှေတိုက်စိုးဖြစ်မလာနိုင်တော့ဘူးလား။

"ခက်တာပဲ မေမေကိုယ်တိုင်က ပန်းချီနဲ့တွေ့မှ ဖြစ်မယ်လို့ ပြောနေတယ်၊ အခု ကိုယ်ကတစ်ဆင့် ပန်းချီကို အသိပေးတာပဲ၊ ဒီလိုမှ ပန်းချီက လက်မခံနိုင်ဘူးဆိုရင် မေမေက ကိုယ့်နည်း ကိုယ့်ဟန်နဲ့တွေ့ဖို့ ကြိုးစားလိမ့်မယ်၊ အကောင်းဆုံးက မေမေနဲ့ ပန်းချီတို့ တွေ့တဲ့အခါ ပန်းချီ့အနားမှာ ကိုယ် ရှိနေချင်တယ်"

ချစ်သူ၏ ရိုးသားမှုအဖြစ် သူမ ကျေနပ်စွာ ဂုဏ်ယူ



www.burmeseclassic.com

www.burmeseclassic.com



နေချင်ပါသည်။ အချစ်လွန်ကဲစွာ နှလုံးသားဖြင့် ဆုံးရှုံးခံ မစွန့်လွှတ်နိုင်သည်မှာ သေချာသည်။ သူမ ဘဝသည် ရွှေတိုက်စိုးဆိုသည့် အလွန်မြတ်နိုး နှစ်သက်ဖွယ် လူတစ်ယောက် ဖြစ်နေပြီး ရွှေတိုက်စိုး၏ နှလုံးအိမ်ကို ပိုင်စိုးချုပ်ကိုင်ထားနိုင် သူမှာလည်း သူမကိုယ်တိုင်ပဲ ဖြစ်ချင်သည်။

သို့သော် ဒေါ်မြမြစိုးကို ရင်ဆိုင်ရန်အတွက်မူ သူမ များစွာ လက်ခံလိုစိတ် မရှိပါ။ ရွှေတိုက်စိုး နားလည်သင့်သည်မှာ သူမနှင့် ဒေါ်မြမြစိုးကို ဘယ်လိုနည်းနှင့် တွေ့ဆုံမပေးသင့်ဖူးဆိုတာပါပဲ။

"တကယ်လို့ ကျွန်မနဲ့ ရှင့် မေမေတို့ တွေ့ဆုံကြရင် ဘာဖြစ်လာမယ်လို့ ရှင် ထင်နေသလဲဟင်"

ဖြစ်ပေါ်ရင်ဆိုင်လာရမည့် အခြေအနေ အရပ်ရပ်ကို တိကျစွာ ခန့်မှန်းနိုင်သည့်သူမှာ သူမကိုယ်တိုင် ဖြစ်နေပါလျက်နှင့် ရွှေတိုက်စိုး၏ စိတ်ကို တင်းကျပ်မနေစေရန် သူ့ထင်မြင် ယူဆချက်ကို သူမ မေးလိုက်သည်။

"ကိုယ် မထင်တတ်ဘူး ပန်းချီ၊ ဒါပေမဲ့ တစ်ခုခုထူးခြားမှာပဲလို့တော့ သိနေတယ်သလိုပဲ"





ခြောက်သွေ့စွာ သူမ ရယ်မောလိုက်သည်။ ထူးခြားမှု စ်စုံတစ်ရာဆိုတာ သူမနှင့် ဒေါ်မြမြစိုးတို့ သိနှင့်ထားခဲ့ ပြီးပါပြီ။ ရွှေတိုက်စိုး တစ်ယောက်တည်းသာ သိခွင့်မရ းတာပါ။ အဲဒီ ထူးခြားမှုဆိုတာကလည်း မေပန်းချီဆိုတဲ့ ာင်မလေးနဲ့ သူမရဲ့ချစ်သူ ရွှေတိုက်စိုးဆိုတဲ့ ကောင်လေးရဲ့ ကို အပြီးတိုင် မြေမြှုပ်သင်္ဂြိုဟ်ပေးမယ့် ပြောင်းလဲမှုတစ်ခု ပဲ။ အဲဒီထဲမှာ ကြေကွဲမှုတွေ ဝမ်းနည်းအားငယ်မှုတွေ ကြည်နိုင်မှုတွေများစွာ ပါဝင်နေပါလိမ့်ဦးမည်။

ရွှေတိုက်စိုး...

ကျွန်မ နှလုံးသားတွေ ပွင့်ထွက်ပေါက်ကွဲလုမတတ် းနေရပါတယ်ဆိုရင် ရှင် ယုံကြည်စွာနဲ့ လက်ခံလိုက် ပါ။

တကယ်လို့များ ရွှေတိုက်စိုးဆိုသည့် လူတစ်ယောက် သူမချစ်သူ မဖြစ်ခဲ့ဘူးဆိုလျှင် ဒါမှမဟုတ် ဒေါ်မြမြစိုးသာ တိုက်စိုး၏ မိခင်မဟုတ်ခဲ့ဘူးဆိုလျှင် သူမသည် ဒီလောက် းနေရမည် မဟုတ်တာလည်း အသေအချာပဲ ဖြစ်သည်။

ဒီအကြောင်းအရာတွေကို သူမ သိနေပါလျက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုက်စိုးကို ချစ်သူအဖြစ်မှ စွန့်လွှတ်ပစ်ပယ်ရန်ထ
သူမ၏ ဘဝကြောင်ဖော် အဖြစ်ကိုပဲ ဖွတ်အတင်း ရွေးချယ်
သတ်မှတ် လိုက်ခြင်းကိုက သူမ၏အချစ်ကို သက်သေပြလို
တာပဲ ဆိုတာ မင်း ယုံကြည်ပါကွယ်...။

စိုးကို ကျွန်မ သိပ်ချစ်တယ်...။

"တကယ်လို့များ စိုးက ကျွန်မကို မေ့ပစ်လိုက်ရမ
ဆိုရင်ရော လမ်းခွဲရတော့မယ်ဆိုရင်လေ၊ ရှင် ဘယ်လို
ဖြတ်မလဲ"

တစ်ချိန်ချိန်တွင် မလွှဲမသွေ ရင်ဆိုင်ရမည်ဟု သူ
သိထားလျက်နှင့် ဝမ်းနည်းကြေကွဲနေမိတာ နှိုင်းယှဉ်ရခ
လွန်းသည်။ နွေးထွေးသည့် ချစ်သူ၏ မျက်ဝန်းများ
မစွန့်လွှတ်လို ပိုင်ဆိုင်သူသာ ဖြစ်လိုပါသည် စိုးရယ်။

"ဘာလို့ခွာရမှာလဲ၊ ပန်းချီက ကိုယ့် ချစ်သူပဲ၊ မေ
သဘောမတူလဲ လက်ထပ်မယ်"

သူက ကျေနပ်စွာ ပြုံးသည်။

တသိသိဝေ့လာသည့် မျက်ရည်ကြည်တို့ အိုင်ဖွဲ့မှု
မမြင်စေလိုစွာ အဦးဆုံး မျက်လွှာချသည်။





ရှင် ထင်သလို ပေါ့ရှန်းရှန်း ပြဿနာဖြစ်နေခဲ့ရင် သိပ်ကောင်းမှာပါ စိုး။

အခုတော့ ရွှေတိုက်စိုးရယ်။ လေးလံသော သောကတို့က သူမ ရင်ကို ဖိစီးနှိပ်စက်ကြ၏။

အခြေအနေ အရပ်ရပ်ကို နားလည်သိနင့်နေသူအဖြစ် သူမတစ်ဦးတည်း ကြိတ်မှိတ်ခံစားနေမည့်အစား သူမ သိပ်ချစ်ရသည့် ချစ်သူကိုရော အသိမပေးသင့်ဘူးလား။ မျှဝေခံစားခြင်းဖြင့် ချစ်သူရင်ကို အပူမီးမကူးစေလိုသည့် ဆန္ဒသည်သာ ကြီးစိုးမင်းမူနေ၏။

"ဒါဆို ကျွန်မ တစ်ခုခု ဆုံးဖြတ်ရလိမ့်မယ် ထင်တယ်၊ အဲဒီဆုံးဖြတ်ချက်ကိုရော ရှင် လိုက်လာနိုင်မှာလား စိုး"

"ပန်းချီ့ ဆုံးဖြတ်ချက်က ဘာလဲ"

"ရှင် အဦးဆုံးသိရမှာပါ စိုး၊ အဲဒီအခါကြရင်သာ ကျွန်မ မျှော်လင့်သလို ဖြစ်လာနိုင်ပါစေ ရွှေတိုက်စိုးရယ်"

လိုက်လှဲသော ဆန္ဒဖြင့်သာ ဆုတောင်းတိုင်း ပြည့်ဝသူ ဖြစ်လာနိုင်သည်ဟု မယုံကြည်ခဲ့သမျှ အခုချိန်မှာတော့ ယုံကြည်စွာ လက်ခံချင်နေမိပါပြီ စိုး။

www.burmeseclassic.com



တစ်ခါတလေတော့လည်း...

ကျွန်မ ကံကောင်းသူဖြစ်ချင်တယ်...

*  *  *





အဲဒါပဲ ပန်းချီ၊ တင်တင်ကိုယ်တိုင် ဖုန်းထဲမှာ ငိုငို
ယ်ရယ်ဖြစ်နေတာ၊ သူ့သမီးတွေကလဲ ရှက်တယ်ဆိုပြီး
တို့အမေကိုပဲ ဝိုင်းအပြစ်တင်နေကြတော့ ခမျာပိုပြီး အနေရ
က်မှာပေါ့၊ အခုက ပြဿနာက ဒေါ်မြမြစိုးနဲ့ ရွှေတိုက်စိုးကို
ဘယ်လိုမှ ရင်မဆိုင်ဝံ့ဘူးဆိုတာပဲ၊ ပန်းချီ့ဘက်ကသာ
စ်ခုခု မဆုံးဖြတ်ဘူးဆိုရင် တင်တင်က သူကိုယ်သူ တစ်ခုခု
ပ်ရလိမ့်မယ်တဲ့”

ရွှေတိုက်စိုးနှင့် သူမ ချစ်သူတွေ ဖြစ်ကြောင်း တိလင်းစွာ
ညာခဲ့ပြီးသည်နောက် ဖြစ်ပေါ်လာမည့် ပြဿနာကို
ိုင်ဖြေရှင်းရန် သူမ စောင့်စားနေခဲ့သော်လည်း ဤမျှ
ောက်စူးရှလိမ့်မည်ဟု မထင်ခဲ့ပါ။

ဘုရား... ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



တိတိကျကျကြီးကိုပဲ ခြိမ်းခြောက်ခြင်းတွေနဲ့ သူမ[illegible] ဘဝကို အပြောင်းလဲကြီးကြီး ပြောင်းလွဲစေတော့မှာပါလား[illegible]

ရွေးချယ်မှု...

ဟုတ်တယ်၊ သူမဘဝတွင် လွတ်လပ်စွာ ရွေးချ[illegible] ဆုံးဖြတ်ပိုင်ခွင့် မရှိရတော့ဘူးတဲ့လား...။ ဂုဏ်သိက္ခာ[illegible] အတွက် သူမဘဝနဲ့ နှလုံးသားကို အနစ်မွှမ်းခံ အဆုံးရှုံးခံ[illegible] လဲလှယ်ပြစ်တင်ရမယ်ပေါ့ ။ဒါဟာ မတရားမှု သက်သက်[illegible]

"ကျွန်မ မေမေနဲ့ တွေ့ချင်သေးတယ်"

"တင်တင် စိတ်တွေ အရမ်းလှုပ်ရှားနေလို့ ကျန်းမာ[illegible] အရ ဆရာဝန်က အနားယူခိုင်းထားတယ်၊ နောက်ပြီး အ[illegible] လောလောဆယ် သူကိုယ်တိုင် ဘယ်သူနဲ့မှ မတွေ့ချင်သေ[illegible] ဘူးတဲ့"

ကြိုတင်စီစဉ်မှုတွေနဲ့ သူမ ဘဝလေးကို လှလှပပလေး[illegible] ဖျက်ဆီးခံရတော့မည်မှာ သေချာသည်။ သူမ မျှော်လင့်ထား[illegible] ခဲ့သည့် စိတ်ကူးဖြင့် ရွေးချယ်ခဲ့ဖူးသမျှ အနာဂတ်ပန်း[illegible] ကားသည် အဆုံးမသတ်နိုင်ခင်မှာပင် မှေးမှိန်ပျက်ပြယ်[illegible] ကွယ်ပျောက်ရတော့မည်။





သူမကို လူတစ်ယောက်အဖြစ်ထက် စက်ရုပ်တစ်ရုပ်လို [illegible]ခိုင်းပေး စေခိုင်းချင်ကြသည်မှာ ထင်ရှားသည်။ သူတို့[illegible]ချင်ရာ ဖြစ်စေရန်အတွက် စေခိုင်းနိုင်ရန် မေပန်းချီသည် [illegible]ရုပ်မဟုတ် အရာရာကို ခံစားတတ်သည့် နှလုံးသားအစစ် [illegible] လူတစ်ယောက် ဖြစ်နေသည်ကို သူတို့ နားလည်သင့်[illegible]သည်။

မခံမရပ်နိုင်စွာ ဆိုးရွားခါးသက်သည့် ဝေဒနာဆိုးတွေ [illegible]လဲလဲ အပြုံပြုံ။ မျက်ရည်မကျမိနိုင်အောင် သူမ ကြိုးစား[illegible]ကျ် အံကို တင်းတင်းစေ့ကြိတ်၏။

"အခုချိန်မှာ ပန်းချီ ဘယ်လို ခံစားနေရမယ်ဆိုတာ [illegible]န်တီ နားလည်တယ်၊ ဒါပေမဲ့ တင်တင်ဘက်က အခက် [illegible]ခဲကိုလဲ ထည့်တွက်သင့်တာပဲ"

"ဒါဆို ရွှေတိုက်စိုးဆိုတဲ့ လူကို ကျွန်မ မေ့ပစ်ရမယ် [illegible]ါ"

ဝမ်းနည်းထိခိုက်ခြင်းများစွာက သူမ နှလုံးအိမ်ကို [illegible]ကျင်စေသည်။ သက်ပြင်းရှိုက်နေသော အန်တီမာကို သူမ ကြေကြေကွဲကွဲ ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းခါးသက်စွာ သူမဘဝကို ရှုံမှန်းစပြုလာ၏

"ဘဝတစ်ခု ဖြစ်လာနိုင်ဖို့အတွက် ကျန်တဲ့ ဘဝ ကို မပျက်စီးစေချင်ဘူး၊ အထူးသဖြင့် တင်တင်ဟာ ပန်း ရဲ့ ကျေးဇူးမဆပ်နိုင်ခဲ့ရင်တောင်မှ သူ့အတွက် ကျေးဇူး ငဲ့ညှာသင့်တယ်လို့ အန်တီမာ ထင်တယ်"

ပြောရန်အားယူနေသော စကားတို့ လည်ချောင်းဝမှာ တစ်ဆို့ကွယ်ပျောက် သွားကြ၏။ နာကျင်နင့်ဆို့မှုများကြ တွင် အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင်ဟူသော စကားလုံးတို့သ သာ နှလုံးသားတွင် ကျယ်ပြန့်စွာ စူးစိုက်ခြင်းခံရသည်

သူမ ဘဝအတွက် ရှားပါးသည့် ပျော်ရွှင်မှုတို့ မကြ ခင်မှာ ပင်ကွယ်ပျောက်ကုန်ဆုံး ရပေတော့မည်။ အဲဒီ အ သူမ ဆန္ဒတွေ ဘဝတွေအားလုံး သွေ့ခြောက်ညှိုးငေ လွှန်းစွာ အရှုံးပေးရဦးမည်တဲ့။

မေပန်းချီဟာ ခံစားမှုနဲ့ သွေးသားနဲ့ တည်ဆော ဖွဲ့စည်းထားသည့် မိန်းမတစ်ယောက်အဖြစ် စက်ရုပ်တစ် ဘဝကို ရောက်ရှိသွားခဲ့သလို ကောင်းတာပဲဟု သူမ နာ ကြည်းကြည်း တွေးမိ၏။ ရွှေတိုက်စိုးသည် မေမေ





ဒုတိယခင်ပွန်း ဦးမောင်မောင်စိုး၏ ညီ ဒေါ်မြမြစိုး၏ သား ဖြစ်နေခဲ့ရခြင်းအတွက် ဘဝများစွာကို ရှက်ရွံ့ပျက်စီးသွား စေနိုင်သည်ဟု သူမ မယုံကြည်ခဲ့ပါ။

ရွှေတိုက်စိုးကို သူမ ချစ်သည်။

ထိုအချစ် တစ်ခုတည်းနှင့်ပင် သူမဘဝအတွက် အလို အပ်ဆုံး ချစ်သူအဖြစ် ရွှေတိုက်စိုးကို ရွေးချယ်သတ်မှတ် ခဲ့ခြင်းပဲဖြစ်သည်။

"ပန်းချီလဲ စဉ်းစားတတ်သူပဲ၊ တင်တင် သမီးတွေ ရှက်တာ မရှက်တာ အဓိကမဟုတ်ပါဘူး၊ ဦးမောင်မောင်စိုး ရဲ့ညီ ပျပေပေါင့်ခအို ရွှေတိုက်စိုးကို သမီးနဲ့ပတ်သက်ပြီး သမက် တော်ရလိမ့်မယ်၊ နောက်ပြီး ဒေါ်မြမြစိုးနဲ့တင်တင် ပန်းချီတို့ရဲ့ တော်စပ်မှုတွေက အဓိက ကျလွန်းနေတယ်၊ တင်တင် စိုးရိမ်နေတာ အဲဒါပဲ..."

ကျွန်မ အရှုံးပေးရတော့မယ် ထင်ပါရဲ့ ရွှေတိုက်စိုး ရယ်...။

ခေါင်းမညိတ် ခေါင်းမခါနိုင်။

သူမရင်ထဲမှာ နင့်ဆို့စွာ ကြေကွဲနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တော်စပ်မှု…

အမိကအကျဆုံးက အဲဒီတော်စပ်မှုတဲ့လား။ ဘာမှ အရေးမကြီးဘူးလို့ သူမ ထင်ထားခဲ့တာ။ အခုတော့ သူမ မိခင်ဟာ အဲဒီတော်စပ်မှု ဆိုတာအတွက် သူ့ဘဝကြီးကိုတောင် စွန့်လွှတ်အရှုံးပေးဦးမယ် ဆိုပါလား။

သူမသည် တစ်ခါမှ ကံမကောင်းခဲ့သူပီပီ ကံဆိုးရဦးမည် ထင်သည်။

"ကျွန်မ စဉ်းစားချင်သေးတယ်"

မျှော်လင့်ချက်ကို ပျက်ပြိုကုန်ဆုံးသွားပြီမှန်း သိလျက်နှင့် ထိုစကားစုကို သူမအား သူပြောလိုက်၏၊ လဲပြိုသွားသည့် သူမ စိတ်တို့သည် ဘယ်လိုအင်အားမျိုးကိုပဲ အသုံးပြုပြု ဘယ်လိုမှ ရှင်သန်နိုင်ခွင့် မရှိနိုင်တော့တာ သေချာသည်။

ထွက်ပေါက်မရှိတောင် ချောင်ပိတ်၍ အရိုက်ခံရသော ခွေးတစ်ကောင်၏ ဘဝသည် သူမအဖြစ်သို့ ရုတ်ခြည်း ပြောင်းလွဲ ကျရောက်သွားနိုင်သည်။ ကံကြမ္မာသည် ဘယ်သော အခါမှ သူမဘက်က မရပ်တည်ခဲ့တာ ဘာကြောင့်များ သူမ မေ့လျော့ပစ်မိတာပါလိမ့်။





ဒီလိုအကြောင်းအရာကိစ္စမျိုးမှ မဟုတ်၊ လောကကြီး [illegible]အတွင်းမှာ လူရယ်လို့ ဖြစ်လာကတည်းက သူများတကာလို [illegible]ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝ တစ်ခုကိုလည်း ပိုင်ဆိုင် [illegible]ယူခွင့် မရှိခဲ့သော မိမိရဲ့ဘဝက ဘယ်လို ကံကြမ္မာတွေကြောင့် [illegible]များ ဒီလောက် ခါးသီးနေရတာလဲ။

ဘာပဲပြောပြော သူမ သွားလို့မဖြစ်တဲ့ လမ်းတွေကသာ [illegible]များနေရသည့် သူမရဲ့ ဘဝလမ်းက ကြေကွဲဖွယ်ရာ အတိပါပဲ [illegible]သားဆိုတာ…

* * *



www.burmeseclassic.com

www.burmeseclassic.com



သီရိနှင့်ပတ်သက်ပြီး မည့်သည့်ဝေဒနာမှ မခံစားရသ… မေပန်းချီဆိုသည့် ဖြူနုသေးသွယ်သည့် သူမနှင့်ပတ်သက်သည် အချိန်မှစ၍ ဝေဒနာများစွာကို သူခံစားခဲ့ရပြီးဖြစ်သည်။ သူမသည် တခြားမိန်းကလေးတွေထက် ထူးခြားနေတ… သည်ဟု တွေ့စကပင် သိထားပြီးသား။

ထူးခြားသည့် သွင်ပြင်လေးနှင့် သူမကို မေမေန… တစ်စုံတစ်ရာ ဆက်စပ်ပတ်သက်နေလိမ့်မည်ဟု သူမစဉ်း… ခဲ့မိဖူးပါ။ မောင်လမြိုင်မှ သူပြန်ရောက်ရောက်ချင်း မေမေ… မေပန်းချီကို တွေ့ဆုံရန် ကြိုးစားသလို သူမကိုယ်တိုင်ကလည်… မေမေ ကမ်းလှမ်းချက်ကို တီကျစွာ ငြင်းဆန်ကန့်ကွက်… သည်မှာ အံ့သြဖွယ်ဟု သူ မထင်ခဲ့။ သူမနှင့် ပတ်သက်သ… အမြဲတမ်း တွေ့ကြုံရင်ဆိုင်နေရသည်ထဲမှ ဖြစ်ရိုးဖြစ်… တစ်ခုအဖြစ် သတ်မှတ်၍ အတင်းအကျပ် တိုက်တွန်းခြင်း…





…ပြုခဲ့ပါ။

သို့စေလျက် သူမသည် သူ့ကို လုံးဝအတွေ့မခံဘဲ …သိသာစွာ ရှောင်နေခဲ့သည်မှာ သူ့စိတ်ကို တိကျစွာ ထိုးဆွ…ချက် ရှိသည်။ သေချာသည်မှာ မေပန်းချီနှင့် သူတို့မည်သည့်…သနာမှ မဖြစ်ခဲ့ခြင်းပင်။

အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ သူမဘက်မှ ဘယ်လိုမှ နားလည်မှုမပေးနိုင်ခဲ့ပါ။

ပန်းချီရယ်…

မင်း ကိုယ့်ကို ဘယ်လိုပဲ ဆက်ဆံပြုမူနေနေ ကိုယ်…တော့ မင်းကို သိပ်ချစ်နေတယ်ဆိုတာ မင်းနားလည်ပါ…။

ချစ်သူမျက်နှာလေးကို နေ့စဉ်တွေ့မြင်နေလိုစိတ်အား…နှိမ်၍ သူမဆန္ဒကို ဖွတ်တိုးမဆန့်ကျင်ရက်စွာ သူ့ဘက်မှ…ခံနေခဲ့သည်ကို သူမ နားလည်စေလိုသည်။

အချစ်သည် နက်ရှိုင်းဆန်းကြယ်သော သဘောရှိပြီး …စ်ခါတစ်ရံ အဆုံးစွန်း အချစ်များဖြင့် အရာရာကို ခွင့်လွှတ်…တ်ပါသည်ကွယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



လောက၏ အလှပတရားတို့ကို မခံစားနိုင်တော
လောက်အောင်ပင် သူမဘဝသည် မှုန်းကျပ်ပိတ်လှောင်
သည်။ နဂိုမူလကတည်းကပင် ရှာ၍မရနိုင်သည့် ပျော်
မှုတို့ လုံးဝပျောက်ဆုံးသွားခဲ့ပြီဖြစ်သည်။ မည်သူ့ကိုမှ အ
မခံတော့ဘဲ အခန်းတံခါးကို အလုံပိတ်၍ သူမတစ်ယော
တည်း တွေးတောစဉ်းစားနေခွင့်ကို ဖန်တီးရယူခဲ့သည
ထိုအတွက် မည်သူ့တစ်ဦးတစ်ယောက်ကိုမှ အနှောင့် အယှ
မဖြစ်ခဲ့တာတော့ သေချာသည်။

အိပ်ပျက်ရက်များစွာ ရှည်ကြာလာသည့်အခါ အ
အသောက် ပုံမှန်မဟုတ်နိုင်တော့သည့်အခါ သာမန်ဖြ
ဖြစ်စဉ် မဟုတ်နိုင်တော့သော သူမ လှုပ်ရှားမှုများက သ
ဘဝ၏ ဆိုးရွားအဆင်မပြေမှုများကို တိကျစွာ ဖော်ညွှ





နခဲ့တာပဲဖြစ်သည်။

ရွှေတိုက်စိုးထံမှ အကြိမ်ကြိမ် အခါခါ ဆက်သွယ်
များ...

မေမေထံမှ ဆက်သွယ်မေးမြန်းမှုများ အားလုံးကို သူမ
မေ့လျော့ပြီ လျစ်လျူရှုထားသည်။ သူမ မဆုံးနိုင်သော အတွေး
များစွာထဲတွင် သူမ ရွေးချယ်သတ်မှတ်လိုက်တဲ့ ချစ်သူ
တစ်ယောက်ဟာ သူများတွေနဲ့ မတူနိုင်အောင် ဘာဖြစ်လို့များ
ကွဲဆိုးရွားခဲ့ရတာလည်း ဆိုတာပါပဲ။

လွတ်လပ်မှုဆိုတာ သူမ ဘဝအတွက် ပေါ်ဝင်ခဲ့ဘူး
ခင်သည်။ သူမနှင့် ထိတွေ့ပတ်သက်သမျှ ခက်ခဲကြမ်း
တမ်းသည့် ဆိုးရွားစွာ အထီးကျန်မှုများ ဖြစ်ဖြစ်သွားတတ်
တာကိုက သူမ၏ ကံဆိုးမှုများပဲဖြစ်သည်။

သူမဟာ ဘာဖြစ်လို့များ မေပန်းချီဆိုတဲ့ မိန်းကလေး
ဖြစ်နေခဲ့ရတာလဲဟု မကျေနပ်ခါးသီးစွာ သူမ တွေးမိသည်။
ထိုသို့ တွေးမိတိုင်း သူမ ရင်သည် အတိုင်းအဆမဲ့ နာကျင်
သွားရမြဲ ဖြစ်သည်။

သူမဘဝတွင် ပိုင်ဆိုင်ခွင့်ရှိသမျှ သူမဘဝထဲမှာ ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ယှုထုတ်ဖယ်ခွင့် မရနိုင်တာဆို၍ သူမ နှလုံးအိမ်တွင်း
ရွှေတိုက်စိုးကို ချစ်မိသည့် အချစ်များပဲ ဖြစ်ပါလိမ့်မည်။

သူမသည် သူမဘဝ၏ ဖြစ်စဉ်များကိုသော်လည်
ကောင်း၊ သူမ ခံစားနေရသည့် ဝေဒနာအစိတ်အပိုင်းများ
သော်လည်းကောင်း၊ မည်သူ့ကိုမျှ ရင်ဖွင့်တိုင်တည်ခွင့်ရရှိ
မကြိုးစားခဲ့သည်မှာလည်း အသေအချာပဲဖြစ်သည်။ ထို့အ
သူမဘဝနှင့် ပတ်သက်၍ မှတ်တမ်းတင် ရေးသားပြုစု
ခြင်းလည်း မရှိခဲ့ပါ။

ရွှေတိုက်စိုးကို ချစ်မိသည့်အတွက် သူမတွင် ကြီးမာ
သည့် အပြစ်ဖြစ်လာနိုင်သည်ဟု သူမ မယုံကြည်ခဲ့ပါ။
အခုတော့ ဒီအတွေးသည် မှားယွင်းနေပြီလားဟု သူ
သံသယဖြစ်စ ပြုလာသည်။ သူမဘဝ၏ အဓိကအကျဆုံ
သော ဆုံးဖြတ်ချက်ထဲတွင် သူမ၏ မေမေသည် အဓိက
ပါဝင်ပတ်သက် နေခဲ့ပြီ ဖြစ်သည်။

ဆိတ်ငြိမ်နေသည့် အခန်းငယ်လေးထဲတွင် သူမ၏
သံသယများကို ချေဖျက်ပေးနိုင်မည့်သူ တစ်စုံတစ်ယောက်
ရှိ၍မနေပါ။ အန်တီမာသည်လည်းကောင်း၊ နှင်းသည်လည်





ကောင်း၊ သူမနှင့်ပတ်သက်၍ တစ်စုံတစ်ရာ စိတ်အနှောင့်
အယှက် မဖြစ်စေရန် အသွားအလာ အနေအထိုင်မှအစ
အထူးဂရုစိုက်နေကြတာကို သူမ သိထားသည်။

သူမအတွက် အကောင်းဆုံးအဖြေဟာ ဘာဖြစ်သလဲဟု
သူမ စဉ်းစားကြည့်မိသည်။ နီးစပ်သယောင်ရှိသော အဖြေ
သည် သူမ သေသေချာချာတွေးလေ ဝေးလေဖြစ်နေပြီဟု
စိတ်မှာ ခံစားရ၏။ သူမ၏ အခက်အခဲကို ကူညီဖြေရှင်း
ပေးနိုင်မည့်သူကို အပြေးအလွှား ရှာတွေ့ရှာဖွေမိသောအခါ
ရွှေတိုက်စိုး တစ်ဦးတည်းကိုသာ မြင်ယောင်သည်။

သူမ ပထမဦးဆုံး လုပ်ဆောင်ရမည့် အလုပ်မှာ
ရွှေတိုက်စိုးနှင့် တိုက်ရိုက်ဆက်သွယ် မေးမြန်းရန်ပဲ ဖြစ်သည်။
ညီသည့်အခါမျိုးတွင်မှ မေ့လျော့ပျောက်ဆုံးသွားမည်။
ဟုတ်သည့် ဂဏန်းစဉ် အက္ခရာနံပါတ်များကို အစဉ်လိုက်
သူမ နှိပ်လိုက်သည်။

တစ်ဖက်မှ ကြားရသည့် ဟဲလိုဟု နှုတ်ဆက်သံသည်
သူမ အငွေ့တစ်ရာ ချစ်မြတ်နိုးမိသည့် ယောကျာ်းသား၏
အသံဟု နားလည်လိုက်သည်။

www.burmeseclassic.com



"ရွှေတိုက်စိုး ကျွန်မပါ ရှင့်ကို မေးစရာရှိလို့"

"ဟာ... ပန်းချီ... ပန်းချီရယ်၊ ကိုယ်အရမ်းစိတ်ပူနေတာ၊ ပန်းချီ နေကောင်းတယ်နော်၊ ဘာမေးစရာရှိလို့လဲဟင် မေးလေ"

အံ့ဩမဆုံနိုင်ခြင်း၊ စိုးရိမ်ပူပန်ခြင်းများ ရောပြွမ်းနေသည့် ချစ်သူအသံသည် လှိုက်လှဲတုန်ခါနေသည်။ ကဲ ဘယ်လောက် ချစ်စရာကောင်းလိုက်တဲ့ ချစ်သူလဲ။ သူမအတွက် အမြဲတမ်း စိုးရိမ်ပူပန်ခြင်းတွေနဲ့ သူမကို နွေးထွေးကြင်နာစွာ ဆက်ဆံတတ်သည့် အရာရာကို ဂရုစိုက်ဖေးမတတ်သော ဒီယောကျ်ားသားဟာ သူမဘဝရဲ့ အလိုအပ်ဆုံးအဖော် မဖြစ်သင့်ထိုက်ဘူးတဲ့လား။

သို့သော် သူမ အတွေးတို့သည် သူမ သံသယကို ချေဖျက်မပေးနိုင်ခဲ့ကြပါ။ ရွှေတိုက်စိုးဆိုတဲ့ ရှင့်ကို ချစ်မိတာ ကျွန်မရဲ့ အကြီးမားဆုံး အပြစ်တဲ့ ချစ်သူရယ်...။

"ရှင့်ကို ကျွန်မ ချစ်မိတာ သိပ်ကြီးကျယ်တဲ့ အပြစ်ဖြစ်သွားနိုင်သလားဟင် စိုး၊ အဲဒါ ကျွန်မ သိချင်တယ်"

သူမ အမေးအဆုံးတွင် တစ်ဖက်မှ သဘောကျစွာ





ရယ်မောလိုက်သည့် အသံသဲ့သဲ့က သူမရှိရာသို့ စီးမျောလာ၏။ သူမ မေးလိုက်တဲ့အတိမှာ ရယ်စရာ မပါဘူးလို့ထင်သည်။ သူမ ချစ်သူက လွတ်လပ်ပေါ့ပါးစွာ ရယ်မောနေနိုင်သလောက် သူမက မွန်းကျပ်ပိတ်လှောင်နေတာ မတရားဘူး ထင်ပါရဲ့ ရွှေတိုက်စိုးရယ်...။

"ပန်းချီ ဘာဖြစ်နေတာလဲဟင်၊ ပန်းချီ ကိုယ့်ကို ချစ်မိလို့ ကြီးကျယ်တဲ့ အပြစ်မဖြစ်နိုင်ဘူး၊ အဲ... ပန်းချီက ကိုယ့်ကို လက်မထပ်နိုင်ဘူးဆိုရင်သာ သိပ်ကြီးကျယ်တဲ့ အပြစ်ဖြစ်သွားနိုင်တယ်ဗျာ သိလား"

ကြည့်စမ်း...။

သူမ ဒါကို ကောင်းကောင်းကြီး မေ့လျော့ပစ်လိုက်တာပါလား။ အချစ်နဲ့ လက်ထပ်ခြင်းဟာ အဲဒီလောက်ကြီး ကွာခြားသွားလိမ့်မယ်လို့ ဘာလို့များ သူမ မတွေးမိတာပါလိမ့်။ သူမမှာ အခွင့်အရေးတစ်ရပ် ရှိနေသေးတာပဲ။ ရွှေတိုက်စိုးကို လက်ထပ်ခွင့် မရနိုင်တော့သည်မှာ မှန်သော်လည်း ရွှေတိုက်စိုးကို သူမ နေနိုင်ခွင့်တော့ ရှိနေသေးသည်။

www.burmeseclassic.com



"စိုး… ရှင့်ကို ကျွန်မရဲ့ ဆုံးဖြတ်ချက်အကြောင်း ပြောပြမယ်ဆိုရင် ရှင် စိတ်ဝင်စားနိုင်ပါ့မလား"

"ကိုယ် စိတ်ဝင်စားပါတယ် ပန်းချီ၊ ဒါပေမဲ့ သောသော ဆယ် ကိုယ် သိချင်နေတာက ပန်းချီ ဘာဖြစ်နေတာလဲ ဆိုတာပဲ"

"ရွှေတိုက်စိုး… ရှင် တကယ်ပဲ ကျွန်မ ဘာဖြစ်နေတယ် ဆိုတာ မသိခဲ့ဘူးလား၊ ရှင့် မေမေက ရှင့်ကို ဘာမှမပြော ပြဘူးလား"

"ဟင့်အင့် မေမေ ခရီးထွက်သွားတာ တစ်ပတ်လောက် ရှိပြီ ပန်းချီ ကိုယ့်ကို အတွေ့မခံတဲ့ နေ့ကတည်းက…"

"ဪ"

သူမ နှလုံးသားတို့ အတိုင်းအဆမဲ့ နာကျင်သွားသည်။ သူမမှာတော့ ခံစားလိုက်ရတာ ကြေကွဲဝမ်းနည်းလိုက်ရတာ။

ဒေါ်မြမြစိုးရယ်…

ကျွန်မ နှလုံးသားထဲကို ဝေဒနာတွေ ထည့်ပေးခဲ့ပြီး ရှုံးသွပ်မတတ် ခံစားစေခဲ့တယ်ပေါ့…။

ရွှေတိုက်စိုး မသိနိုင်တဲ့ စကားများစွာ အပြုအမူများစွာ





ကျွန်မ အနာဂတ်တွေကို ပြိုပျက်သွားအောင် ဖန်တီးနေ လိုက်တာ။ ရှင်ရဲ့ ရည်ရွယ်ချက်တွေအားလုံး အထမြောက် အောင်မြင်သွားအောင် စွမ်းဆောင်နိုင်မယ်လို့ ရှင် ထင်နေ သလား။

ရှင့် ကြည့်ရတာ ရှင့်သားကို ဘာမှမခံစားချင်ဘူး ထင်ပါရဲ့

"ရွှေတိုက်စိုး ကျွန်မ ဘာဖြစ်နေတယ်ဆိုတာ ရှင့်မေမေ သိပါတယ်၊ သူ့ကို မေးကြည့်လိုက်ပါ၊ ကျွန်မရဲ့ ဆုံးဖြတ်ချက် ဘာလဲဆိုတာ ရှင့်မေမေ ပြန် ရောက်တဲ့နေ့ကျမှ ကျွန်မ ပြောပြမယ်"

"ပန်းချီ ဗန်းချီကို ကိုယ် သိပ်ချစ်တယ်၊ အဲဒါတော့ သုံ့နော်"

ကျွန်မ ဘာပြန်ပြောရမလဲ ရွှေတိုက်စိုးရယ်၊ ရှင့်ကို ကျွန်မ သိပ်ချစ်တယ်ဆိုတာလဲ ရှင် သိနေသင့်တယ် မဟုတ် ဘူး။ ချစ်လျက်နဲ့ ဝေးကြရလိမ့်မယ်လို့ ကျွန်မ မမျှော်လင့်ခဲ့ သလို ရှင်လဲ မျှော်လင့်ခဲ့မယ် မထင်ပါဘူး စိုးရယ်"

အခုတော့လေ…



www.burmeseclassic.com

www.burmeseclassic.com



ရှင်နဲ့ ကျွန်မ ချစ်လျက်နဲ့ ဝေးရလိမ့်မယ် ထင်ပါရဲ့။
ကျွန်မ မယုံချင်လိုက်တာ...။

* * *





BURMESE CLASSIC

မေပန်းချီ ပြောသလို ရွှေတိုက်စိုး မိခင်ပြန်အလာကို စောင့်မျှော်နေသည်။ အတိအကျ ပြန်လာမည့် ရက်ကိုပင် ကျော်လွန်ခဲ့သည်တိုင် မေမေ ပြန်ရောက်မလာခဲ့သည့်အတွက် သူ အနည်းငယ် အံ့သြစပြုလာပြီဖြစ်သည်။ မိသားစုကို လွန်မင်းစွာ ခင်တွယ်သော အချိန်ကြာမြင့်စွာ ခွဲခွာမသွားတတ်သော မေမေ၏ မန္တလေး ခရီးစဉ်သည် သူ့စိတ်ကို အဦးဆုံး လှုပ်ရှားစပြုခဲ့ပြီဖြစ်၏

ရွှေတိုက်စိုးသည် သူ၏ မိခင်ကို အလွန်ချစ်ပြီး မေမေ ပြောသမျှ စကားများကို နာခံယုံလွယ်တတ်သူ တစ်ယောက် ဖြစ်ပြီး မည့်သည့်အခါမျိုးတွင်မှ သံသယ မဖြစ်ခဲ့ဖူးပေ။ ထို့အတူ မေမေ ကိုယ်တိုင်သည်လည်း သူ့ကို အရိပ်တကြည့်ကြည့် ချစ်မြတ်နိုးခဲ့သည်မှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မေမေသည် မေပန်းချီဆိုသည့် သူမနှင့် တရားဝင်ချစ်သူများ ဖြစ်သွားသည့် သားဖြစ်သူကို မယုံကြည်နိုင်သလို အံ့သြမှင်တက်စွာ အထူးအဆန်းသဖွယ် ငေးစိုက်ကြည့်ခဲ့ဖူးသည်။

ရိုင်းစိုင်းသည့် မေပန်းချီ၏ ဆက်ဆံရေးကျဲကျဲများကို အကြောင်းပြု၍ သူ့ကို သူမနှင့် သဘောမတူနိုင်ကြောင်းကို တိကျစွာ ငြင်းဆိုကန့်ကွက်ခဲ့သည်မှာ သူမနှင့် တွေ့ကြုံရင်ဆိုင်ခဲ့ရသည့် ပြဿနာမှ စတင်ခဲ့သည်ဟု ယုံကြည်သည်။

မေမေ၏ စိတ်သဘောထား အတိမ်အနက်ကို သိရှိထားသူပီပီ မေပန်းချီနှင့် ပတ်သက်၍ အပြင်းအထန် မပြုသော်လည်း တိကျခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် မေမေ၏ ငြင်းဆန်ချက်ကို တတ်နိုင်သရွေ့ အတည်မပြုဖြစ်ခဲ့ပါ။ ပြေလည်မှုရှိစေရန် သူ ကြိုးစားခဲ့သည်။

ဖွံ့မလျော့သော ကြိုးစားမှုများကို မေမေ အသိအမှတ်မပြုခဲ့ပါ။ ခါးခါးသီးသီး ငြင်းဆန်ခြင်းဖြင့်သာ သူ့ဆန္ဒကို ဥပေက္ခာပြုခဲ့သည်။ ထိုအတွက် သူသည်လည်း မည်သည့်အခါတွင်မှ အားငယ်စိတ်ပျက်သွားမည်သူ မဟုတ်ကြောင်း





ကိုတော့ မေမေတစ်ယောက် သိရှိရန် မလိုပါ။ချစ်သူကို ပေးပြီးသား ကတိတစ်လုံးအတွက် ယောကျာ်းကောင်းတစ်ယောက် ပီသမည့် သူသာဖြစ်ကြောင်း ထူးဆန်းသည့် ချစ်သူလေး သိစေရမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရွှေတိုက်စိုးကို သိပ်ချစ်တယ် နှင်း၊ ဘဝတ
သက်မှာ တစ်ခါမှ မဖြစ်ပေါ်ဖူးတဲ့ အချစ်နဲ့ နက်နက်ရှိုင်းရှိုင်း
ချစ်ခဲ့တာပဲ၊ အချစ်နဲ့ ချစ်ခဲ့တာပဲ၊ ဒါကို အပြစ်လို့ ကျွန်
မထင်ဘူး၊ စိုးကို ချစ်မိလို့ ကျွန်မမှာ အပြစ်မဖြစ်နိုင်ဘူ
မဟုတ်လားဟင် နှင်း"

သူမအသံသည် ထင်ထားသည်ထက် အဆပေါင်းများ
စွာ ပိုမိုခြောက်သွေ့ အက်ကွဲနေ၏။ ဟုန်ခါမှုတို့ စွက်နေသည
သူမအသံကို အတတ်နိုင်ဆုံး တည်ငြိမ်မှု ရရှိနိုင်ရန် သူ
အစွမ်းကုန် ကြိုးစားနေရသည်။ ရွှေတိုက်စိုးနှင့်ပတ်သက်
သူမ နှလုံးသားအတွက် လွတ်ငြိမ်းချမ်းသာခွင့် ရရှိ
အယူခံဝင်နေရသည်ဟု ခံစားရသည့်အခါ ပြိုဆင်းလာသ
ဝေဒနာခံစားချက်တို့က နာကျင်ကြေကွဲမှုများစွာဖြင့် တားမ





ရေ ဖြစ်ရသည်။

"ရွှေတိုက်စိုးကို ချစ်မိလို့ ပန်းချီမှာ အပြစ်မဖြစ်နိုင်တာ
မှန်ပါပဲ၊ ပန်းချီ့နှလုံးသားမှာ ရွှေတိုက်စိုးကို လွတ်လပ်စွာ
စ်နေခွင့် ရှိပါတယ်၊ ဒါ... ပန်းချီရဲ့ ပိုင်ဆိုင်မှုပဲ၊ ဒါပေမဲ့
တိုက်စိုးကို ပန်းချီ လက်ထပ်မယ်ဆိုရင်တော့ ပန်းချီ
တွက် နောင်တရစရာတွေ ကြေကွဲဝမ်းနည်းစရာတွေ
ဖြစ်မလာနိုင်ဘူးလို့ ပန်းချီ ပြောနိုင်သလား..."

"နောက်ပြီး ရွှေတိုက်စိုးနဲ့ အတူနေရပြီဝ ထားပါတော့၊
န်းချီရဲ့ ဘဝတစ်လျှောက်လုံး စိတ်မချမ်းမသာစရာတွေ၊
တ်ခံစားမှုတွေ ကွယ်ပျောက်ပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝ
စ်ခုကို ထာဝရပိုင်ဆိုင်ရမယ်လို့ရော ပန်းချီ သေချာပြော
င်သလား..."

"ကဲပါလေ... နောက်ဆုံး နှင်း ရှင်းရှင်းပဲ မေးပါတယ်၊
န်းချီ... ပန်းချီ့မေမေကို အဆုံးရှုံးခံဝံ့သလား၊ ရွှေတိုက်စိုးနဲ့
န်းချီ့မေမေကို လဲလှယ်ဝံ့သလား"

ရုတ်တရက် သူမသည် အသက်ရှူရပ်မတတ် ဖြစ်
းသည်။ ထိရောက်ထက်မြက်သည့် စကားများက သူ့မ



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကို အဆိပ်သင့်စေခဲ့ပြီဟု သူမ နားလိုက်သည်

ရွှေတိုက်စိုးရယ်...။

ကျွန်မဟာ ကျရှုံးပြီးရင်း ကျရှုံးနေရတဲ့ သူတစ်ယော

ပါ... ဒါတွေကို ရှင် သိရဲ့လားဟင်...”

“ကျွန်မ မေမေ့ကို ချစ်ပါတယ် နှင်းရယ်၊ စိုးကို

ကျွန်မ မခွဲနိုင်ဘူး၊ တကယ်ဆိုရင် မေမေကိုယ်တိုင်လဲ ကျွ

ဘက်ကို ငဲ့ညှာပြီး စဉ်းစားပေးသင့်ပါတယ်...

“မေမေ့ ဘဝအတွက် တော်စပ်မှုနဲ့ ကျွန်မဘဝ

သေဆုံးမှု၊ အဲဒီနှစ်ခုတည်းက မေမေ ဘာကိုရွေးချယ်မ

ကျွန်မ သိချင်တယ်”

မိုက်မည်းလွန်းသူအဖြစ် သူမကို ထင်မြင်ချ

သတ်မှတ်နိုင်ပါသည်။

သူမ ဘဝစတင်ခွင့်ရသည့် အချိန်များမှစ၍ အထီးကျ

ဆန်မှု၊ အားငယ်တတ်မှုများဖြင့် ခိုလှုံချင်စရာ တောင့်

အပ်သည့် မေတ္တာရင်ခွင်ရိပ် ဝေးကွာခဲ့ရသူ အဖြစ်ဖြင့်

သူမရဲ့ဘဝ လူလားမြောက်၍ ရှင်သန်ခွင့် ရရှိခဲ့သည်၊

ဒီလိုအခြေအနေမျိုးတွင် သူမကို အစစအရာရာ အ





လိုက် အကြိုက်ဆောင်တတ်သူ၊ မြတ်နိုးစုံမက် ချစ်ခင်နှစ်သက်

ယ်ဖြစ်သော သူမဘဝအတွက် အလိုအပ်ဆုံးသော ချစ်သူ

သည် သူမ ဘဝအတွင်းသို့ ချင်းနင်းဝင်ရောက်ခွင့်ရသည့်

အချိန်မှစ၍ သူမဘဝ၏ အထီးကျန်ဆန်မှုများကို ဖယ်ရှား

နွေးထွေးစေခဲ့၏

သူမဘဝတွင် ကြေကွဲဖွယ်ရာ ရင်တွင်းနင့်ဆို့ နာကျင်

ရာများနှင့်သာ နှစ်ပါးသွားနေရသော သူမ ဘဝတွင် ခြောက်

သွေ့အက်ကွဲနေသော ကန္တာရထဲသို့ လျှပ်တစ်ပြက် ရောက်ရှိ

ာရသော အိုအေစစ်လေးပမာ ပန်းချီ၏ နှလုံးသားလေးသည်

း၏ အချစ်ကြင်နာ နွေးထွေးမှုများဖြင့် လန်းဆန်းစိုပြည်

ရလေသည်။

ထိုကဲ့သို့သော ချစ်သူကို သူမ ဘဝအတွင်းမှ ဖယ်ခွာ

သွားစေလိုခဲ့ပါ။ ထိုပြင် အမိက အကြောင်းအရင်း၏

ရားခံမှာ သူမ၏ စိတ်အစွဲအလမ်းကြီးမားမှု အဆုံးစွန်း

စ်မှုများ ပါဝင်ပတ်သက်နေကြောင်း သူမ ဝန်ခံရမည်

င်၏။

“ဒီလို အတင်းအကျပ် မပြောသင့်ဘူးလို့ ရှင်း ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ် ပန်းချီ၊ လူဆိုတာ ပတ်ဝန်းကျင်နဲ့ အသိုင်းအဝိုင်း
ဆိုတာကိုလည်း ထည့်စဉ်းစားသင့်တယ်”

သူမ၏ ဝိုင်းဝန်းသည့် သိုင်းဝိုင်းသည့် နှုတ်ခမ်းတ
သိသာစွာ ကွေးညွှတ်သွားကြမည်မှာ သေချာ၏။

“အဲဒီပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲမှာ မေပန်းချီဆို
မိန်းကလေးတစ်ယောက်ရော မပါဝင်ဘူးတဲ့လား နှင်း၊
ပန်းချီဆိုတာ ခံစားတဲ့ နှလုံးသားနဲ့လူဆိုတာ နှင်းတို့မေ့နေ
သလားဟင်”

“ပန်းချီ မင်းစိတ်တွေ သိပ်လှုပ်ရှားနေတယ်၊ အခုချိန်
အများအမှန်ဆိုတာကို မင်းခွဲခြားမှာ မဟုတ်ဘူး၊ ဆေးသော
ပြီး အေးအေးဆေးဆေး အနားယူလိုက်ရင် ကောင်းမယ်

နှင်းက သူမကို ဆက်လက်ဆွေးနွေးလိုစိတ်
တော့သည့်ဟန်ဖြင့် အခန်းတွင်းမှ အဦးဆုံးပင် ကျော
ထွက်ခွာ သွားစေလေသည်။ မိုက်မဲစွာ ရူးသွပ်နေသ
သူအဖြစ် သူမကို သတ်မှတ်သွားတာလဲ ဖြစ်နိုင်သ
ခုချိန်မှာ သူမ ဘယ်လိုပင်ပြောပြော ပန်းချီဆိုတဲ့ သူ
ကိုယ်ချင်းစာ နားလည်လက်ခံ ခံစားပေးမယ့်သူ ရှိနေလိ





ဟုတ်တာ သေချာနေသည်။

သို့ပေမဲ့ သူတို့တစ်တွေက သူမကို ဘယ်လိုပဲ တွေး
ထင်ထင် သူတို့ကြိုက်သကို လွတ်လပ်စွာပင် ထင်မြင်ယူဆ
နိုင်သည်။

သို့သော် သေချာတာ တစ်ခုကတော့ဖြင့် သူမကိုယ်တိုင်
သွက်သွက်ခါ ရူးသွပ်သွားလုမတတ် ခံစားနေရသည် ဆိုတာ
ပါပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



အိပ်၍မပျော်နိုင်သော ညများစွာကို သူမ ရှုံ့မှုန်းစွာ ဆက်ဆံရင်ဆိုင်နေရသည်။ အိပ်ပျော်ရန် ကြိုးစားကြည့်တိုင်း မေမေနှင့် ရွှေတိုက်စိုးတို့သည် သူမ၏ အတွေးများစွာကို ခြောက်လှန့်နေကြသည်။

အခုချိန်ထိ သူမသည် မေမေနှင့် တွေ့ဆုံခွင့်မရအောင် အထူးရှောင်ရှား နေမိရလေသည်။ "မေမေ ပြောလာမည့် စကားများစွာကို နားထောင်နိုင်ရန် သူမတွင် ခံနိုင်ရည်အား လုံးဝမရှိသေးပါ။ သူမ၏ တင်းကျပ်နေသည့် စိတ်အစဉ်ကို ပြေလျော့နိုင်စေရန် သူမ တစ်စုံတစ်ခုတော့ ကြိုးစားသင့် သင့်သည်ဟု နားလည်သည်။

သူမ ဘာကိုလုပ်ဆောင်ရမည် ဆိုတာကိုတော့ ဦးစွာ စဉ်းစားရမည် ဖြစ်သည့်အတွက် သူမ အတွေးများကို အစီ





ဉ်တကျ ရေးဆွဲနေမိရသည်။

ပထမဦးဆုံးက သူမ၏ မေမေအတွက် နောက်တစ် ာက်က ရွှေတိုက်စိုး၊ ထိုနောက်မှာတော့ဖြင့် မိမိကိုယ်တိုင် တွက် ဒါတွေပြီးတော့ ပတ်ဝန်းကျင်၏ ဝေဖန်ပြောဆို မည့် စကားသံများအတွက် အားလုံးကို ခြုံ၍ စဉ်းစား ပြီမို့။

ပထမဦးဆုံး ထိုအကြံအစည်ကို အကောင်အထည် ်ရန်အတွက် သူမ အလိုအပ်ဆုံးသော အရာမှာ အညိုရောင် ာ်ထူဖုန်းပါသည့် နေ့စဉ်မှတ်တမ်း စာအုပ်တစ်အုပ်ဖြစ်ပြီး ျိုးအစား ကောင်းမွန်သည့် ဖောင်တိန်တစ်ချောင်းပဲ ်သည်။

ထိုပစ္စည်းများကို ရရှိနိုင်ရန် သူမအတွက် အခက်အခဲ ါ။ သို့သော် သူမအတွက် ခက်ခဲသော အရာမှာ သူမ ်တွင်းမှ နက်နက်ရှိုင်းရှိုင်း ခံစားကြေကွဲမှုများကို စကား များအဖြစ် သီဖွဲ့ရေးချနိုင်ရန်ပဲ ဖြစ်သည်။

သူမသည် သူမ ဘဝနှင့် အနီးစပ်ဆုံး ဖြစ်နိုင်မည်ဟု ်သော စကားစုများစွာကို ကြိုတင်ကြံစည်မှု တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မပါရှိဘဲ ခံစားမှုသက်သက်ဖြင့် အောင်မြင်စွာ ရေးသားနိုင်
လာသည့်အခါ သူမဘာဝ၏ ပိုင်ဆိုင်မှုအားလုံးသည် ထိုမှ
တမ်း စာအုပ်ကလေး ဖြစ်သွားလေတော့သည်။

သူမဘဝ သူမဆန္ဒများကို မှတ်တမ်းတင် ရေးသားခြ
ဖြင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူမ ချစ်သူ ရွှေတိုက်
သိရှိသွားစေရန် မရည်ရွယ်ခဲ့ပါ။ ပေါက်ကွဲလုမတတ် တ
ကျပ်နေသည့် သူမ စိတ်အစဉ်ကို အနည်းငယ် ပြေလျော့သွ
ရန်ပဲ ဖြစ်သည်။

သူမဘဝနှင့် ပတ်သက်၍ ဤတဲ့သို့ မှတ်တမ်းတ
ရေးသားရလိမ့်မည်ဟုလည်း သူမ ဘဝတစ်လျှောက်လုံးတွ
ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူးတာလည်း သေချာသည်

သူမ ပထမဦးဆုံး ရေးသားဖြစ်ခဲ့သည့် အကြောင်း

ရွှေတိုက်စိုး…

ရှင့်ကို ကျွန်မ သိပ်ချစ်တယ်ဟု ဖြစ်၍နေသည့်အတွ
သူမများစွာ မအံ့သြခဲ့မိပါ…။

"ပန်းချီ ဖုန်းလာနေတယ် ရွှေတိုက်စိုးတဲ့"

နှင်း၏ အသိပေးသံက အကြောင်းအရာများကို





ရစ်ခဲ့ပြီး ရွှေတိုက်စိုးနှင့်တွေ့လျှင် ဘယ်ကစ၍ ပြောရလျှင်
အကောင်းဆုံးဖြစ်နိုင်သလဲဟု စဉ်းစားနေမိသေးသည်။ သူမ
စိတ်တွင်းမှ သူမ ခံစားနေရသည့် သောကဝေဒနာများနှင့်
ပတ်သက်၍ မှတ်တမ်းတင် ရေးသားနေမိသမျှကို ရွှေတိုက်စိုး
အား အသိပေးသင့် မပေးသင့် ဆုံးဖြတ်ရခက်နေ၏။

"ပန်းချီလား ကိုယ် ပန်းချီနဲ့ တွေ့ချင်တယ်၊ တွေ့ရမှ
ဖြစ်မယ်"

အဲလို… ဟု သူမ ထူးလိုက်သည်နှင့် အရေးတကြီး
နိုင်လွန်းစွာ သူပြောလိုခြင်းဖြစ်၏ ထိုသို့ အပြောခံရသည့်
အတွက် သူမ များစွာ စိတ်မဆိုးနိုင်ပါ။ အဘယ့်ကြောင့်ဆို
သော် သူမ ကိုယ်တိုင်ကလည်း ရွှေတိုက်စိုးဆိုသည့် ချစ်သူကို
တွေ့မြင်ချင်နေသောကြောင့် ဖြစ်သည်။

"ဘယ်အချိန် တွေ့ချင်တာပဲဟင် စိုး…"

"ဖြစ်နိုင်ရင် အခုပဲ တွေ့ချင်တယ်၊ ပန်းချီကို ကိုယ်
အရမ်းလွမ်းတယ်ကွာ၊ နောက်ပြီး အရေးတကြီး ဆွေးနွေးစရာ
ကိစ္စ ကိုယ့်မှာ ရှိနေတယ်၊ ကိုယ် ပန်းချီကို ဘယ်လိုမှ မခွဲ
နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမ နှလုံးသားအိမ်တွင်းသို့ အနက်ရှိုင်းဆုံး စူးစိုက်နှစ်ဝင်သွားစေသည့် အချစ်မြားဟု သူမ သိရှိခံစားလိုက်ရသည်။ ချစ်သူ၏ စကားသံများအောက်တွင် ပူပန်သောကများကို သူမ ခေတ္တမေ့လျော့သွားသည်။ ဒါမှမဟုတ် တမင်မေ့လျော့ထားတာလည်း ဖြစ်နိုင်၏။

"ကျွန်မကလဲ ရှင်နဲ့ ထပ်တူခံစားနေရပါတယ် စိုး၊ ရှင့်ဆန္ဒမှန်သမျှကို အမြဲတမ်း ဖြည့်ဆည်းပေးနေနိုင်အောင် ကျွန်မဘက်က အစွမ်းကုန် ကြိုးစားနေတယ်ဆိုရင် ရှင်ဝမ်းသာစွာ ဂုဏ်ယူကျေနပ် ပစ်လိုက်စမ်းပါ၊ ရှင် လမ်းထိပ်ကလာစောင့်နေပါ စိုး၊ ကျွန်မ အခုပဲ ထွက်လာနိုင်အောင်ကြိုးစားမယ်"

မနက်ခင်း စောစောကပင် ကိစ္စတစ်ခုဖြင့် ထွက်သွားသောကြောင့် အိမ်တွင် အန်တီမာ ရှိ၍မနေပါ။ အနည်းအကျဉ်းသော ပြင်ဆင်မှုများအပြီးတွင် နှင်းကိုသာ အိမ်ရှေ့ဧည့်ခန်းတွင် သီးမွေးအပ်နှင့် အသင့်တွေ့ရလေသည်။

"နှင်း... ကျွန်မ အပြင်ခဏ သွားဦးမယ်"

သူမ စကားကို မျက်လွှာတစ်ချက် ပင့်ကြည့်ခြင်းဖြင့်





အသိအမှတ် ပြုရုံမှလွဲ၍ တခြား မည်သည့်မေးမြန်းစစ်ကြောမှုမျိုးကိုမှ မပြုလုပ်ခဲ့ပါ။ သူမ ဘယ်သူ့ဆီကို သွားမည်ဟု အတိအကျ သိနေ၍လည်း ဖြစ်နိုင်ပါသည်။ သူမသည် ချစ်သူ၏ မျက်နှာပြင်ကို ငေးမောကြည့်နေခြင်းဖြင့် အရာရာကို မေ့လျော့ထားချင်သည့်သူပဲ ဖြစ်သည်။

အကြောင်းမူ ရွှေတိုက်စိုးဆိုသော ချစ်သူသည် ဘယ်အရာနှင့်မျှ နှိုင်းယှဉ်လို့ မရနိုင်သည့် သူမဘဝ၏ အကြီးမားဆုံးသော မျှော်လင့်ချက်ဆောင်ခြည် တစ်ခုအဖြစ် ပန်းချီဆိုသည့် သူမ၏ စိတ်ထဲတွင် အခုရော နောင်ရော ဘယ်သောအခါမှ ကွယ်ပျောက်သွားနိုင်မှာ မဟုတ်ဆိုတာ အသေအချာပဲ မဟုတ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ပန်းချီ ကိုယ်တို့ လက်ထပ်ကြရအောင် ပန်းချီက် ကိုယ်ခွဲမနေနိုင်ဘူး၊ နောက်ပြီး မေမေက ကိုယ့်ကို ပဲရူးက ယမုံနာနဲ့ လက်ထပ်ပေးဖို့ စီစဉ်နေတယ်...

"ဒါပေမဲ့ အဲဒီအစီအစဉ်ကို ကိုယ် လက်မခံခဲ့ဘူး ဘာ ဖြစ်လို့လဲဆိုတော့ ပန်းချီက ကိုယ့်ချစ်သူ ဖြစ်နေလို့ပဲ"

အအေးဆိုင်တွင် အတူထိုင်မိသည်နှင့် သူမ ပထမဦးဆုံ ကြားရသည့် စကားများမှာ သူမဘဝတွင် အလိုလားအတော တအပ်ဆုံးသော စကားများ ဖြစ်နေရသည့်အတွက် သူ ရင်သည် အတိုင်းမသိ ကြည်နူးသွားခဲ့သည်။ ထို့အ စိတ်ထိခိုက် ကြေကွဲခြင်းကိုလည်း တစ်ပြိုင်နက်တည် ခံစား လိုက်ရသည့်မှာ သေချာသည်။

ပန်းချီဆိုသည့် သူမ၏ စိတ်ထဲတွင် ခံစားရသည





ခံစားချက်များက ပြောမပြတတ်အောင် စကားလုံးတွေဖြင့် ပုံဖော်၍ မရနိုင်အောင်ပင် သူမ စိတ်ထဲ ခံစားထိခိုက်ကြေကွဲ ဝေနမိရလေသည်။

ချစ်သူ၏ စိတ်ချမ်းသာမှုကို လိုက်လျောဖြည့်ဆည်း ပေးနိုင်ရန်ထက် သူမအပေါ် ကျရောက်လာမည့် ဒေါ်မြမြစိုး၏ အကွက်ကျကျ သေသပ်လှပလွန်းသည့် တိုက်စစ်များကိုသာ တွေးတောစဉ်းစား ကြည့်နေမိရသည်။ သူမနှင့် ရွှေတိုက်စိုးတို့ နှစ်ဦးကြားတွင် မားမတ်ခိုင်ခံ့သည့် တံတိုင်းကြီးနှစ်ခု ရှိနေပါသည်ဟု သူမ ပြောလိုက်သင့်သလားဟု ယောင်မှားစွာ စဉ်းစားကြည့်မိသေးသည်။

မေမေနှင့် ဒေါ်မြမြစိုးတို့၏ တော်စပ်မှုနှင့် ရွှေတိုက်စိုးကို သူမ လက်ထပ်လိုက်ရခြင်းဖြင့် ဖြစ်ပေါ်လာမည့် တော်စပ်မှု သိုနှစ်ခု ထပ်တူညီ ဖြစ်သွားရခြင်းမှာ သူမတွင် များစွာအပြစ် မကင်းကြောင်း ဝန်ခံရမည်မှာ သေချာသည်။ ထို့အတူ မေမေနှင့် ရွှေတိုက်စိုး၏ တော်စပ်မှု၊ ဦးမောင်မောင်စိုးနှင့် သူမ၏ တော်စပ်မှု၊ နောက် သူမနှင့် သူမ မေမေ၏ သားသမီး များနှင့် တော်စပ်မှုများဖြင့် သူမ ရင်သည် မွန်းကျပ်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



လှောင်သွားသည်။

အမိကမှာ မေမေနှင့် ဒေါ်မြမြစိုးတို့ ဖြစ်၍နေသည် မဟုတ်ပါလား။

"ပန်းချီ ကိုယ်ပြောနေတာ ကြားရဲ့လား"

အပြုံးတစ်ခုကို လှလှပပ ဖန်တီးနိုင်ရန် သူမ ကြိုးစားရသည်။ ရွှေတိုက်စိုးရယ်...။

ကျွန်မဟာ ဒေါ်တင်တင်ရဲ့ သမီး ဖြစ်နေခဲ့မယ်ဆိုရင်ရော ရှင် အခုလို ပြောဦးမှာပဲလားဟင်၊ ကျွန်မဟာ ဒေါ်တင်တင် သမီးလို့ ရှင် သိသွားခဲ့ရင်

ရှင်ကိုယ်တိုင်လည်း အဲဒီတော်စပ် ပတ်သက်မှုတွေအတွက် အနည်းနဲ့အများတော့ ထိခိုက်ကြေကွဲသွားမလား...။

ရွှေတိုက်စိုးရယ်...။

ရှင့်ကို ကျွန်မ သိပ်ချစ်တာပဲ့ပါ...။

"ကျွန်မနဲ့ ပတ်သက်ပြီး ရှင့်မှာ ပညာရေးအနှောင့်အယှက် ဖြစ်နိုင်တယ်ဆိုတာရော ရှင်စဉ်းစားမိရဲ့လားဟင်"

"အဲဒါတွေ ကိုယ်ဂရုမစိုက်ဘူး ပန်းချီ၊ ကိုယ်သိတာ မင်းကို ကိုယ်သိပ်ချစ်တယ်၊ မခွဲနိုင်ဘူးဆိုတာပဲ၊ ဘာထဲ





ပန်းချီက ကိုယ်နဲ့အတူနေရရင် ဒုက္ခရောက်မှာ ကြောက်လို့လား၊ စိတ်ချ ပန်းချီ ကိုယ်ယောကျ်ားပါ၊ မိန်းမတစ်ယောက်ကို ထမင်းမငတ်အောင် ကိုယ် လုပ်ကျွေးနိုင်ပါသေးတယ်"

ဒေါသဆူဝေနေသည့် ချစ်သူမျက်နှာပြင်က မို၍ဖွဲ့ငြိမြတ်နိုးဖွယ်ရာ ဖြစ်နေသည်ဟု သူမ ထင်သည်။ နုငယ်ရှင်းသန့်သော ရွှေတိုက်စိုး၏ အသွင်သဏ္ဌာန်က သူပြောနေသည့် စကားများနှင့် ဆန့်ကျင်ဘက် အလှမ်းကွာလွန်းလှသည်ကို မင်း သိရဲ့လား စိုးရယ်...။

သူမကို အထင်အမြင် သေးရက်သူအဖြစ် ချစ်သူကို အပြစ်မမြင်ပါ။ ကလေးဆန်လွန်းသည့် အမူအရာအတွက် သူမ စေတနာသက်သက်ဖြင့် ပြုံးနေမှာ စနောက်နေချင်မိပါပြီကွယ်။

"ရှင်က ယောကျ်ားကောင်းပီသစွာ လုပ်ကိုင်ကျွေးမွေးနိုင်ပေမဲ့ ကျွန်မမှ မျိုးမကျနိုင်တာပဲ စိုးရယ်၊ ကျွန်မလဲ အလုပ်လုပ်မယ် မောင်ထစ်ထမ်း မယ်တစ်ရွက်ဆိုတာမျိုးလိုပေါ့"

"မဖြစ်နိုင်တာ ခင်ဗျား ခန္ဓာကိုယ် သေးသေးလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်နိုင်မယ် ထင်နေလဲ၊ မလိုဘူး၊ အိမ်မှာနေ၊ ခင်ဗျား
လေးကို အလုပ်လုပ်ခိုင်းဖို့ ယူတာမဟုတ်ဘူး၊ မြတ်နိုးလို့
လက်ထပ်မှာ သိလား”

ခါးခါးသီးသီး ငြင်းဆန်ကန့်ကွက်ခြင်းဖြင့် အလိုမကျ
နိုင်စွာ ရှုပ်တည်နေသည့် ရွှေတိုက်စိုးကို ကြည့်လျက် သူမ
ကျေနပ်စွာ ကြည်နူးနေမိသည်။

စိုးရယ်...

ရှင် ကျွန်မကို တကယ်ချစ်ခဲ့တာ အသေအချာပါပဲ၊
ဒါပေမဲ့ အဲဒီအချစ်တွေကို မပျောက်ပျက်အောင် ထိန်းသိမ်း
ဖို့တော့ ရှင့်မှာ လိုအပ်နေပြီ။

“ရှင်နဲ့ ကျွန်မ လက်ထပ်ရင် ပျော်စရာကောင်းမှာလား
ဟင်စိုး”

“သိပ်ပျော်စရာကောင်းတာပေါ့ ပန်းချီရယ်၊ အဲဒီအခါ
ကြရင် ပန်းချီနဲ့ ကိုယ်နှစ်ယောက်တည်း၊ အဲ နောက်ကျ
ရင်တော့ သားသားမီးမီးတွေနဲ့ ပိုပြီး ပျော်စရာကောင်းဦးမှာ
သိရဲ့လား”

ဘုရားရေ...





ကြည့်စမ်းပါဦး...

သူမ ဒါတွေကို လုံးဝသတိမရခဲ့ပါလားနော်။

သူမနဲ့ ရွှေတိုက်စိုးတို့ လက်ထပ်ပြီးရင် ရရှိလာမယ့်
သားသမီးတွေနဲ့ သူတို့လေးတွေရဲ့ တော်စပ်ပတ်သက်မှု။
ပျော်စရာကမ္ဘာလေးထဲက သူမဘဝ ရုတ်ချည်းကွယ်ပျောက်
သွားရသလိုပါပဲလား။

သူမဟာ ကံဆိုးပြီးရင်း ဆိုးနေရတော့တာပါပဲ
ရွှေတိုက်စိုးရယ်။ ဒါတွေကို ရှင်နည်းနည်းလေးမှ မရိပ်မိခဲ့ဘူး
မဟုတ်လားဟင်။ ကျွန်မ ခံစားရင်ဆိုင်နေရတဲ့ ဝေဒနာတွေ
ကိုလည်း ရှင် မသိခဲ့ပါဘူး။ ဒါပေမဲ့ကွယ် ဘာအကြောင်း
နဲ့ပဲဖြစ်ဖြစ် ရှင့်ကို ကျွန်မ စိတ်မညစ်စေချင်ပါဘူး...။

“အဲဒီအခါကျရင် ရှင်ပြောတဲ့ သားသားမီးမီးတွေနဲ့
ကျွန်မကို ဘယ်သူ့ပိုပြီး ချစ်မှာလဲဟင် စိုး”

လုံးဝထင်မှတ်မထားသည့် သူမ၏ ရယ်ရွှင်ဖွယ်
မေးခွန်းကြောင့် ရွှေတိုက်စိုး ရုတ်တရက် ကြောင်သွားပြီးမှ
အလွန်တစ်ရာ နှစ်ခြိုက်သဘောကျစွာ ကျေကျေနပ်နပ်
ရယ်မော၏။ ထိုအခါမှပင် သူမသည် မနာလို ဝန်တိုမှုအတွက်



www.burmeseclassic.com

www.burmeseclassic.com



အရုက်သည်းစွာ မျက်စောင်းရှယ်လိုက် မိတော့သည်။

ကဲ... ရွှေတိုက်စိုးရေ။

ကျွန်မရဲ့ အချစ်အတွက် ရှင် ကျေကျေနပ်နပ် ဂုဏ်ယူပစ်လိုက်စမ်းပါ။ စိတ်ကူးယဉ်ထဲမှာတောင် ရွှေတိုက်စိုး ကျွန်မအပေါ်မှ အချစ်လျော့သွားမှာ စိုးရိမ်ပြီး ဘယ်နေရာ ကမှန်းမသိတဲ့ သားသားမီးမီးဆိုသူတွေနဲ့ မနာလို ဝန်တိုစွာ အချစ်ပြိုင်နေမိတာ။

ကျွန်မ ရှင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ရှင် နား လည်သင့်ဆုံးလှ ဖြစ်ကိုဖြစ်ရမယ် ရွှေတိုက်စိုးရယ်...။

* * *





"ကျွန်မ ရွှေတိုက်စိုးကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ နှင်း"

သူမ စကားအဆုံးတွင် နှင်း၏ အံ့ဩဘနန်လှုပ်မှုကို ...ရသည်။ တကယ်ဆို သူမစကားကြောင့် ဤမျှမဖြစ်သင့် ...ထင်သည်။ သူမ၏ ဆုံးဖြတ်ချက်ကို အဦးဆုံး အသိပေး ...သည့် သူမှာ နှင်းဖြစ်နေပြီး သိသာစွာ ပျက်ယွင်းသွားသည့် ...နှာပြင်ကို ဖြူဖျော့သွားသည့်ဟု ထင်မှတ်မှားစရာ ...နေ၏။

"ပန်းချို တကယ်ဆုံးဖြတ်လိုက်တာလားဟင်"

"ဟုတ်တယ် နှင်း၊ ကျွန်မ ရွှေတိုက်စိုးနဲ့ မခွဲနိုင်ဘူး"

သူမ အသံသည် အေးစက်စက်နိုင်လွန်းသည်မှာ သေချာ ...။ ရုတ်တရက် အခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ထင်ရသည်။ နှင်းသည် တစ်စုံတစ်ခုကို လေးလေး နက်နက် စဉ်းစားတွေးတောနေတာလည်း ဖြစ်နိုင်သည် ထို့အတူ သူမကိုယ်တိုင်သည်လည်း သူမ ဆုံးဖြတ်ချက် အတွက် နှုတ်ခမ်းကလွှာတို့ကို တင်းတင်းစေ့ပိတ် ထား သည်။

"ပန်းချီ သေချာပြန်ပြီ၊ စဉ်းစားသင့်တယ်လို့ ကို ထင်တယ်၊ ဒီကိစ္စမှာ အမှားအယွင်းတွေ ရှိနေနိုင်တယ် မင်းမတွေးမိဘူးလား ဟင်"

"အမှားအယွင်း ဟုတ်လား၊ ကိုယ်ချစ်သူနဲ့ အတူ နိုင်ဖို့ ကြိုးစားတဲ့အထဲမှာ ဘယ်လို အမှားအယွင်းေ ဖြစ်လာနိုင်စရာ ရှိတယ်လို့ နှင်း ထင်နေလဲ"

သူမ ခေါင်းမာစွာ ငြင်းဆန်ပစ်လိုက်သည့်အခါ နှင်း ဘည်ငြိမ်သော မျက်ဝန်းများဖြင့် သူမကို နင့်နင့်စူးစူး တစ် ကြည့်၍ မျက်နှာလွှဲသွားသည်။ နှင်း၏ တည်ငြိမ် မြင်မှုပင် သူမ၏ တုန်လှုပ်ချောက်ချားမှုများကို အဦး သတိထားမိစ ပြုလာ၏။

"နှင်း သိထားတာတွေကို ပြောရမယ်ဆိုရင်





င်းဟာ သာမန်မိန်းကလေးမျိုး မဟုတ်ဘူးဆိုတာပဲ ပန်းချီ၊ င်းမှာ သူများနဲ့မတူတဲ့ စဉ်းစားတွေးခေါ်မှုတွေ ရှိတယ်၊ ဆင်ခြင်တုံတရားတွေ ရှိတယ်၊ အဲဒါတွေကို ပန်းချီ မေ့မပစ် သင့်ဘူး၊ နှလုံးသားတစ်ခုတည်းနဲ့ မဆုံးဖြတ်ဘဲ အားလုံးရဲ့ အကူအညီကို ယူလိုက်မယ်ဆိုရင် မင်းအတွက် မှန်ကန်တဲ့ ဆုံးဖြတ်ချက်တစ်ခုကို ရနိုင်လိမ့်မယ်လို့ နှင်း ယုံတယ်"

သူမ ဆန္ဒတို့သည် ရုတ်ခြည်း ပြိုအက်ပျက်စီးသွား သည်။

သူမသည် လက်တွေ့ဆန်သည့် ဘဝအတွင်းသို့ ရောက်ရှိသွားသောအခါ သူမ နှလုံးသားကို အလိုလိုက်ခွင့် ရှိဘဲ ဖြစ်သွားသည်။ သူမ တမင်တကာ မေ့လျော့ထားသည့် ဉ်းစားတွေးခေါ်မှု၊ ဆင်ခြင်တုံတရားများ ဂုဏ်သိက္ခာများကို င်းက ဖော်ကောင်လုပ်၍ လက်ညှိုးထိုးပြလိုက်သည့်အခါ သူမ ဦးခေါင်းသည် အလိုလို ငုံ့လျှိုးမိရက်သား ဖြစ်သွား တော့သည်။

သူမ နှလုံးသား၏ အလိုကို လိုက်လျောနိုင်ဖို့ သူမ ဘက်တွင် ရပ်တည်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိတော့တာ



www.burmeseclassic.com

www.burmeseclassic.com



သေချာပါသည် ရွှေတိုက်စိုး။

သို့သော် သူမတွင် လွယ်လွယ်နှင့် အရှုံးပေးလိုသော ဆန္ဒမရှိခဲ့တာလည်း သေချာသသည်။ ထို့ကြောင့်ပင် အငြ ရှိပြီး ပုဏ္ဏာတစ်ပုဒ်ကို တွက်နည်းအမျိုးမျိုးဖြင့် ခေါင်းရှုပ်ခံပြ စဉ်းစားနေခြင်းပဲဖြစ်သည်။

"ကျွန်မ ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူး နှင်း၊ ကျွန် စိုးကို ချစ်တယ်၊ မခွဲနိုင်ဘူး၊ ကျွန်မ အနစ်နာခံလိုက်ြ ကျွန်မ တမြည့်မြည့် ခံစားနေရရင် ကျွန်မကို ဘယ်သူက ဂုဏ်ပြုချီးကျူးနေကြမှာ မဟုတ်ဘူး...

"ကျွန်မရဲ့ စိတ်တွေ ပင်ပန်းဆင်းရဲမှုတွေနဲ့ ခံစားလော မြိုက်နေရချိန်မှာ သူတို့ကတော့ သူ့တို့ဘဝကို သူ စိတ်ကြိုက် ဖန်တီးခွင့်ရလိုက်လို့ ကျေနပ်ဂုဏ်ယူနေ လိမ့်မယ်၊ အဲဒီအခါ ဆုံးရှုံးမှုတွေနဲ့ နှစ်မွမ်းကြေကွဲနေမယ် ကျွန်မဘဝကို ဘယ်သူကမှ အမှတ်ရ သနားနေကြမ မဟုတ်ဘူး၊ ဒီတော့ ကျွန်မဘဝကို ကျွန်မစိတ်ကြိုက် ဖန်တီ တည်ဆောက်ခွင့် ရှိတယ်"

"ဒါကတော့ ပန်းချီက ပန်းချီ့မေမေ နေရာက





ဟုတ်တာပဲ၊ ဘယ်လိုလုပ် ကိုယ်ချင်းစာနာနိုင်ပါမလဲ"

သူမ တစ်ကိုယ်လုံး ကျဉ်စက်နှင့် အတို့ခံရသည့်နှယ် ဆုံကျင်အေးစက်သွားသည်။

ကိုယ်ချင်းစာနာမှု ဆိုပါလား...။

ဒါဆို သူမ ခံစားနေရတာတွေရော ဘယ်သူကမှ ကိုယ်ချင်းစာနာ တရားထားပြီး ထည့်တွက်မစဉ်းစားပေးကြ ပါလား။ မတရားလိုက်တာ၊ ဒါဟာ သူမအတွက် သူတို့ အားလုံးပေးနေကြတဲ့ အကြီးမားဆုံးသော သွေးအေးတဲ့ က်စက်မှု မဖြစ်နိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။

"တော်စမ်းပါ နှင်းရယ်၊ လူတိုင်းလူတိုင်းမှာသာ မေတ္တာတွေ ကိုယ်ချင်းစာနာ တရားတွေရှိနေခဲ့မယ်ဆိုရင် ဘာ့ဒီ ကမ္ဘာလောကကြီးမှာ စစ်ပွဲတွေ ရှိလာမှာ မဟုတ်ဘူး ကျွန်မကလဲ အခုလို ခံစားနေရမှာ မဟုတ်ဘူး သိရဲ့ လား"

သူမ ကြေကြေကွဲကွဲ ဟစ်အော်တားဆီးမိသည်။ သူမ နှလုံးသားသည် ဝေဒနာဒဏ်ရာတို့ဖြင့် သွေးချင်းချင်းနီ နေမည်မှာ သေချာသည်။

"ဒီမှာ နှင်း၊ ကျွန်မ နေရာမှာ နှင်း ဖြစ်ခဲ့မယ်ဆိုရင်

www.burmeseclassic.com



အခုကိစ္စကို နှင်း ဘယ်လို ရင်ဆိုင်ဆုံးဖြတ်မလဲဟင်၊ ကျွန်မ ကတော့ ကျွန်မ ဆုံးဖြတ်တာ အမှန်ပဲလို့ ထင်တယ် အရာရာတိကျအောင် ဆုံးဖြတ်နိုင်ဖို့ဆိုတာ အဆုံးစွန်းဆို ခံစားမှုက စတာလို့ ကျွန်မ ယုံကြည်ထားတယ်၊ အခု ကျွန် ခံစားနေရတာ အဆုံးစွန်းဖြစ်နေပြီ”

“ပန်းချီ ပြောတာကို နှင်း နားလည်သလိုလိုပါပဲ၊ ပန်း ခံစားနေရတာတွေဟာလဲ အဆုံးစွန်ဖြစ်နေပြီဆိုတာ နှ ယုံကြည်တယ်…

“ပန်းချီ သိထားဖို့က မင်းကို နှင်း ဘယ်လော ချစ်တယ် ဆိုတာကိုပဲ၊ ဒါပေမဲ့ ပတ်ဝန်းကျင် အသိုင်းအဝိ ကြားမှာ မဖြစ်သင့်တာ မဖြစ်ရအောင်လို့ တားမြစ်နေတာ လွဲပြီး ကိုယ့်မှာ တခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူး

“မင်းရဲ့ ဆုံးဖြတ်ချက်ကို အတည်ပြုပြီးပြီဆိုရင်ေ ဒေါ်လေးတင်တင်ကို အကြောင်းကြား အသိပေးဖို့ လိုအပ် နှင်း ထင်တယ်”

အားလုံးပြီးဆုံးသွားပြီလို့ ယုံကြည်ချင်လိုက်တာ

သူမ၏ ခေါင်းမှာ တစ်ဖွတ်ထိုးဆန်မှုများကို





လျော့သွားပေမဲ့ သူမ နှလုံးသားသည် တည်ငြိမ် အေးချမ်းမှု မရရှိဘဲ ပို၍ ပူလောင်ခါးသက်လာသည်ဟု ထည့်၏။

ရွှေတိုက်စိုး…။

တစ်ခါတလေတော့လည်း လူမိုက်တစ်ယောက်ရဲ့ လွတ် လပ်မှုဘဝကို ကျွန်မ တောင့်တကြည့်မိတာ ဆန်းပြားမသွား နိုင်ပါဘူးကွယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ဆုံးဖြတ်ချက်ကို ဒုတိယ သူမ အသိပေးလိုက်သည့်သူမှာ မေမေ့သမီးကြီး သန္တာစိုးဖြစ်သည်။ သူမသည် ဤသို့မှ ဖွင့်တိုး၍ မလုပ်ဆောင်ခဲ့ဘူးဆိုလျှင် သူမချစ်သော ရွှေတိုက်စိုးကို ရာသက်ပန် အပြီးအပိုင် စွန့်လွှတ်ရတော့မည်မှာ သေချာသည်။

သူမ ရရှိမည့် အချစ်များအတွက် အမုန်းများစွာဖြင့် လဲလှယ်ပွဲကြီးကို သူမ သတိရှိစွာ စိန်ခေါ်စမ်းသပ်လိုက်ခြင်းပဲ ဖြစ်သည်။

သူမ၏ အတောင့်တအပ်ဆုံး အလိုရှိသော အရာမှာ အေးချမ်းလုံခြုံ နွေးထွေးသည့် မေတ္တာတရားဖြစ်သော်လည်း သူမ မျှော်လင့်ထားသလို မည်သူ့ထံကမှ မရရှိခဲ့သည်မှာ သေချာသည်။ ထိုအတွက် သူမသည် အဆုံးစွန်းပေါက်ကွဲမှု





ဖြစ်သွားတာလည်း ဖြစ်နိုင်သည်။

"ဒါဟာ ရှင့်အတွက် ဆုံးဖြတ်ချက်အမှန်ဆိုရင် သန္တာ လုံးဝကန့်ကွက်တယ် မေပန်းချီ၊ ရှင်က ရှင့် နှလုံးသားကို ရှေ့တန်းတင် ဆွေးနွေးနေချိန်မှာ ကျန်တဲ့လူတွေရဲ့ ဘဝထဲကိုလဲ ခဏဝင်ကြည့်သင့်တယ်"

ပြင်းထန်စူးရှသည့် သန္တာစိုး၏ မျက်လုံးများကို သူမ ရဲဝံ့စွာ တုံ့ပြန်လိုက်သည်။ ရှုံ့ရှာမုန်းတီးခြင်း၊ အထင်အမြင်သေးနုပ်ခြင်းများ ရောပြွန်းနေသည့် မျက်ဝန်းစိမ်းများထက် သူမ မျက်ဝန်းများက ပို၍တောက်ပနေလိမ့်မည်။

သူမဟာ နဂါးမလေးဖြစ်ခဲ့မည်ဆိုလျှင် သန္တာစိုးသည် သူမ ရှေ့တည့်တည့်တွင် ပြာပုံအတိဖြစ်၍ နေမည်မှာ သေချာသည်။

သန္တာစိုး ပြောသလို သူတို့ဘဝထဲကို သူမအကြိမ်ကြိမ်ဝင်၍ ကြည့်ခဲ့ပြီးပြီပဲ။ သူတို့သည်သာ သူမရဲ့အထီးကျန်ဘဝထဲကို ဝင်ကြည့်ရန် တမင်မေ့လျော့ထားခဲ့ကြတာ သူမ သိဘဲ နေပါ့မလားလေ။

"ရှင့်ရဲ့ ဆုံးဖြတ်ချက်ကို အချိန်မီ ပြုပြင်သင့်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



သန္တာ အကြံပေးချင်တယ်၊ ဒီကိစ္စကိုသာ မာမီ သိခဲ့ရင် တစ်ခုခုဖြစ်သွားမှာ သေချာတယ်…

"ရှင်က မာမီရဲ့ မွေးကျေးဇူးကို ဒီနည်းနဲ့ဆပ်လိုက်တာလား မေပန်းချီ၊ တကယ်ဆိုရင် ရှင် ဒီလောက်မမွှ သင့်ဘူး"

"တော်စမ်း မင်းပါးစပ်ကို အခုပိတ်လိုက်စမ်း သန္တာစိုး မင်း ငါ့ကို ဘာမှဝေဖန်စရာ မလိုဘူး၊ မင်း သိထားဖို့က ငါ့ရဲ့ဆုံးဖြတ်ချက်ကို အသိပေးတာ မင်းပြောတာ ငါ နား ထောင်ဖို့ မဟုတ်ဘူး၊ မင်းပြန်တော့ သန္တာစိုး"

သူမသည် ဒေါသကို အထတ်နိုင်ဆုံး ချုပ်တည်းဟန် ဆောင်၍ စကားလုံးများကို အမှားအယွင်း အထစ်အငေါ့ မရှိစေရန် အထူးဂရုစိုက် ကြိုးစားနေရသည်။ ရိုင်းပြစော်ကား လွန်းသည့် သန္တာစိုးကို သူမ စိတ်တွင်းမှ အကြိမ်ကြိမ်အခါခါ ရိုက်နှက်ဆုံးမ ပစ်မိသော်လည်း အပြင်မှာတော့ သူမစိတ် လွတ်ထွက်မသွားမိစေရန် အကြည့်ကို လွှဲလိုက်ရသည်၊

"သန္တာကို အမိန့်ပေးစရာ မလိုပါဘူး မေပန်းချီ မှန်တာပြောလိုက်လို့ အနာပေါ်တုတ်ကျ ဖြစ်သွားတာဆ





တတ်နိုင်ပါဘူး၊ ဒါပေမဲ့ ရှင့်ရဲ့ မှတ်သားလောက်စရာ ဆုံးဖြတ်ချက်ကို အဦးဆုံး အသိပေးခံရတဲ့အတွက် ဒီကလဲ ကျေးဇူးသိပ်တင်ပါသတဲ့ရှင်…

"အဲ… ပြန်လိုက်ပါဦးမယ်"

ပြင်းထန်သော ခြေသံများနှင့် သမံတလင်းတို့ ရိုက်ခတ်သံသည်သာ သူမ ဝန်းကျင်အနှံ့တွင် ညံစီစွာ ကျန်ရစ်သည်။ နေရာတွင် သူမသည် ကျောက်ရုပ်တစ်ရုပ်၏အသွင် သဏ္ဌာန်ဖြင့် ဖြစ်တည်ကျန်ရှိနေဆဲ ဖြစ်သည်။

သန္တာစိုး၏ ထိမထင် ဆက်ဆံရေးများ၊ ရိုင်းပြစော်ကားမှုများအောက်တွင် သူမ ဘယ်လိုပဲ မာန်တင်းဟန်ဆောင်နေရသော်လည်း သူမ နှလုံးသားတွေ မွမွကြေနေပြီ ဖြစ်သည်။

အမှန်ကို ဝန်ခံရမည်ဆိုလျှင် သူမ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ရွှေတိုက်စိုးကို တစ်စုံတစ်ရာအသိပေးထားခြင်းမျိုး မရှိခဲ့သေးပါ။

သူမ၏ ကြိုးစားမှုများဖြင့် ပြေလည်မှု ရရှိနိုင်ရန်သာ သူမ ဇွတ်တိုး၍ လုပ်ဆောင်နေခြင်းဖြစ်သည်။

သူမ ရင်ဆိုင်နေရသည့် အခက်အခဲ များနှင့် ခံစားနေရ



www.burmeseclassic.com

www.burmeseclassic.com



သည့် သောကဝေဒနာများစွာကို သူမ မြတ်နိုးရသည့် ရွှေတိုက်စိုးတစ်ယောက် သိရှိနိုင်လိမ့်မည် မဟုတ်ပါ။ သူမ နှလုံးသား၏ နာကျင်ကြေကွဲ ဝမ်းနည်းမှုများကိုလည်း နားလည်နိုင်မည်မထင်။

ရှင့်ကို ကျွန်မ သိပ်ချစ်တယ် စိုးရယ်...

ကျွန်မ ဘဝဟာ ရှင်ကိုယ်တိုင်ပါပဲ...

သူမ၏ အဆုံးစွန်အချစ်များကို ရွှေတိုက်စိုး တစ်ဦးတည်းကိုသာ ပေးအပ်ခွင့် ရရှိခြင်းဖြင့် သူမ ဘဝကို ကံကောင်းသူ ဖြစ်ခွင့်ရရှိပါရစေ စိုးရယ်...။

"ပန်းချီ မင်း စိတ်တွေကို သိပ်ပြီးတင်းမထားနဲ့လေ လောလောဆယ် ပြိုင်ပွဲ နိုင်ဆိုတော့ စိတ်အခန့်မသင့်လို့ ဖြစ်သွားတာလဲ ဖြစ်နိုင်ပါတယ်...

"တဖြည်းဖြည်းနဲ့ နားလည်မှုရအောင် ကြိုးစားပြီး ညှိနှိုင်းသင့်တယ်လို့ ကိုယ်ထင်တယ်"

သူမ ခေါင်းမညိတ်ပါ။

နှင်း၏ နှုတ်သိမ့်မှု စကားတို့သည် ဝေ့ဝေ့ဝါးဝါး နိုင်လွန်းသည်ဟု သံသရ ဖြစ်နေ၏။ သူမ ကြိုးစားသလို သူမ





ထင်သလို ဖြစ်လာနိုင်ပါဦးမလားဟု စိုးရိမ်ပူပန်စွာ ရင်သည့် ကွဲကြေလုမတတ် ခံစားနေရသည်။

"နှင်းရယ် ကျွန်မ ထင်သလို ဖြစ်လာနိုင်ပါဦးမလား ဟင်"

သူမသည် အလွန်တစ်ရာ စိတ်ပျက်ဝမ်းနည်းအားငယ်လွန်းစွာဖြင့် ကြေကြေကွဲကွဲ တီးတိုးရှိုက်ငင် ရေရွတ်မိသည်။ သူမသည် အများနှင့်ဆန်ကျင်ဘက်ဖြစ်၍ နေခဲ့ခြင်းမှာ သူမ၏ အတွေးအခေါ်များ မှားယွင်းနေမှုက စတင်သည်ဟု ထင်မြင်ယူဆမှုများစ ပြုလာပြီဖြစ်သည်။

သူမသည် သူမ ပိုင်ဆိုင်မှု မှတ်တမ်းစာအုပ်ထဲတွင် ကော်ရာစဉ်ဂဏန်းနံပါတ်များအလိုက် ရေးသားထားရာနံပါတ် ၁၁ ဆယ်ခုမြောက်တွင် သူမသည် ရှုံးသွပ်စွာ စိတ်ကူးယဉ်သူတစ်ဦးအဖြစ် မှတ်တမ်းတင် ရေးသားမိတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (နှစ်)

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ပါ့မလားဆိုသည့် အကြောင်းအရာတွေ မရှိတာ
တော့ သေချာသည်။ ရင်ကို ဖိစီးနှိပ်စက်နေသော သောကတို့
ှယ်ပျောက်နေ၏။ မျက်ဝန်းစိမ်းများ၏ ရှုတ်ချကြည့်မှုများ
ာ်မှလည်း ကင်းလွှတ်နေသည်။ အထင်အမြင် သေးနှုပ်စွာ
ပြစ်ဖွဲ့စကားဆိုမည့် သူများကိုလည်း ရှာ၍မတွေ့။
ကြည့်စမ်းပါ...။
ငြိမ်းချမ်းအေးမြခြင်းတွေနဲ့ ပြည့်နေသည့် ဒီနေရာ
ားမှာ သူမ ထာဝရနေခွင့်ရချင်ပါသည်ကွယ်။ ဟိုးအဝေး
ာင်နေရာဆီမှ သူမ အမည်ခေါ်သံ သဲ့သဲ့ကို စတင်၍ ကြားရ
ည်။
ဟင့်အင်း... သူမ မလိုက်ချင်ပါဘူး...။
လွတ်လပ်ခြင်းအရသာကို သူမ ခံစားချင်သေးတယ်...။



www.burmeseclassic.com

www.burmeseclassic.com



အသံများက ဝေးရာမှ နီးလာ၏ ...။

နီးရာမှ တဖန် ပီပြင်ပြတ်သားလာသည် ...။

"ပန်းချီ... ပန်းချီ မင်္ဂသတိရပြီလား"

အသိအာရုံအတွင်းသို့ တိုးဝင်ရိုက်ခတ်လာသည့် အ
လှိုင်းများကို ကြားနေရ၏။ မျက်ခွံတို့ကို အားယူဖွင့်ကြ
နိုင်ရန် သူမ ကြိုးစားကြည့်မိသော်လည်း ထူးခြား၍ မလာပ
လေးခြောက်နေသော နှုတ်ခမ်းလွှာတို့က တင်းတင်း စေ့ပိ
နေ၏။

"ပန်းချီ... ပန်းချီရေ"

စိုးရိမ်သံတွေက သူမ ဝန်းကျင်အနှံ့တွင် ကြားနေ
သော်လည်း သူမ အမျှော်လင့်ဆုံးသော စကားသံတစ
ကတော့ ပါ၍မလာပါ။

ကြေကွဲမှုက ဘယ်နေရာဆီကမှန်းမသိ နှလုံးသားတွ
သို့ စီးဝင်ပြန့်နှံ့သည်။ ကျွန်မ သေဆုံးသွားခဲ့ရင် သိပ်ကော
မှာပါ ရွှေတိုက်စိုး။

ရင်တွင်းမှ တိုးကျိတ်စွာ ဆုတောင်းမိသည်။ သူမ
အသက်ပြန်ရှင်နေစေချင်သူများ၏ ဆန္ဒကျင်ဘက် ဆန္ဒတ





သူမ ရင်တွင်းမှာ ပြင်းပြင်းထန်ထန် ပေါ်ပေါက်၍ နေခဲ့သည်
တာ ကြာခဲ့ပြီလေ။

ပျော်ရွှင်မှုတွေ ပျက်သုဉ်းကုန်ဆုံး သွားခဲ့ပြီးဖြစ်သော
သူမဘဝမှာ လောင်မြိုက်ခြင်းတွေနဲ့ သူ ဆက်၍မနေချင်
တော့တာ။ ကံကြမ္မာရယ် ဘာလို့များ သူမကို ငြိမ်းအေး
ခွင့် မပေးနိုင်ရတာပါလိမ့်။

"သိပ်မစိုးရိမ်ကြပါနဲ့ သူကောင်းကောင်း သတိရနေ
ပါပြီ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဒေါက်တာရယ်"

အပူတွေ ငြိမ်းအေးသွားကြဟန်ရတူသည်။

အခုချိန်တွင်သူမ ဘေးနားတွင် ရှိနေမည့် သူများကို
သိနေခဲ့ပြီးသားမို့ မျက်ဝန်းချင်းဆုံ၍ ရင်ဆိုင်တဲ့ပြန်ချင်စိတ်
မရှိအောင် ဖြစ်နေသည်။ အပြစ်ကို လွှန်ကျူးသူက သူမ
ကိုယ်တိုင်ဖြစ်၍ နေသော်လည်း မှားမှန်သိလျက်နှင့် နောင်တ
မရချင်တာ နည်းနည်းတော့ လွန်သည်ဟုထင်၏။

ခွင့်မလွှတ်ချင်နေတော့ စိုးရယ် ...။

ကျွန်မ မျှော်လင့်နေချင်တယ် ...။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းချီ သတိရပြီလားဟင်၊ နှင်းကို မျက်လုံးဖွင့်ကြည့်ပါဦး"

တောင်းဆိုသည့်အသံက ပျော့ပျောင်းသိမ်မွေ့လွန်းနေ၍ တိုးရိုက်နေသည့် နှင်း၏ အသံကို ရုတ်တရက် မမှတ်မိချင်...

သူတို့တောင်းဆိုတိုင်း လိုက်လျောရမှာတဲ့လား...။

သူမ နှလုံးသားမှာ ဒဏ်ရာတွေနှင့် နာကျင်နေသည်...

ဟင့်အင်း...

အဲဒါတွေဟာ သူမကို ကြင်နာလို့ မဟုတ်ဘူး။

လိုချင်တဲ့ တိုက်ကွက်တစ်ခုအတွက် စပြီးဟန်ဆောင်နေတာ။

"ဟုတ်ပါတယ် သမီးရယ်၊ မာမီတို့ စိုးရိမ်နေလို့ပါ"

မယုံချင်လိုက်တာ...။

ပြောကြစမ်းပါဦး...။

သူမရဲ့ အသုံးမကျမှုတွေ၊ ဆင်ခြင်တုန်တရား နည်းမှုတွေ၊ နှလုံးသား အလိုလိုက်ခဲ့တာတွေ၊ သူမ နှလုံးအိမ်တွေ မွကြေကုန်အောင် စကားလုံးတွေ ဖြိုကျပြီး မွန်းကျပ်ခါးသီးတဲ့ နေ့ရက်တွေကို ဖန်တီးစမ်းပါဦးတော့လား။





တကယ်လို့များ သူမသာ ဆေးရုံခုတင်ထက်က လူမမာ မဟုတ်ခဲ့ဘူးဆိုရင် ဇာနာငဲ့ကွက် စိတ်ထားကြဖို့ဆိုတာ သူမနဲ့ အဝေးဆုံးမှာ ရှိနေကြတယ်ဆိုတာ သူမ မသိဘဲ နေပါ့မလား လေ။ သေခြင်းတရားနဲ့ လွန်မင်းစွာ နီးကပ်နေတဲ့ သူမကို ရုတ်တရက် အနေအထားမှာ ခွဲခွာဖို့ ခဏ်ခဲနေတယ် ထင်ပါရဲ့၊ တကယ်တော့ သူမကို ဘယ်သူကမှ မချစ်ခဲ့ကြပါဘူးလေ၊ ကိုယ်ချင်းမစာနာနိုင်ကြပါဘူး။ ရင်နာဖို့ ဘယ်လောက်ကောင်း လိုက်သလဲလို့နော်။

"လူနာကို သိပ်စကားမပြောကြပါနဲ့၊ အနားယူပါစေ"

"ဟုတ်ကဲ့ ဒေါက်တာ"

ဆေးနံ့ထုံသော အခန်းအတွင်း ဆိတ်ငြိမ်စပြုလာ၏။ ခြေသံပါးရှပ်ရှပ်များများနှင့် သမ်တလင်းတို့ ပွတ်တိုက်သံများ တဖြည်းဖြည်းဝေး သွားကြသည်။ မျက်ဝန်းများကို ပွင့်သည့် ဆိုရုံလေးဖွင့်၍ အကြည့်ကို ဝေ့ဝဲလိုက်၏။

ပြတင်းပေါက်ရှိရာဆီသို့ ငေးမောနေသည့် သူနာပြု ဆရာမတစ်ဦးကို မြင်ရသည်။ သူမနားတွင် မည်သူမှရှိမနေ ခတ်သည့်အတွက် စိတ်သက်သာသယောင် ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ညာဘက်လက်ဖျံတွင် ဆေးအပ်တန်းလန်းနှင့် ချိတ်ဆွ
ထားသည့် သွေးပုလင်းကို မြင်ရသည်။ နာကျင်မှုကို စတင်
၍ ခံစားမိသည့် အချိန်မှာပင် တမ်းတမှုကို သူမ ရင်တွင်း
တောင့်တောင့်ကတ ခံစားလိုက်ရပြန်သည်။ ဝမ်းနည်း
အားငယ်မှုတို့ တိုးဝင်လာသည့် နှလုံးအိမ်တွင် ဆွတ်ကျင်လွမ်
မောခြင်းက စူးနစ်စွာ ဝင်ရောက်နေရာယူလာသည်။

ရဲကစ်ကျကြတယ် ရွှေတိုက်စိုးရယ်။

ကျွန်မ မျှော်လင့်သမျှကို သူတို့အားလုံးက သွေးအေး
အေးနဲ့ အနိုင်ယူ ဖျက်ဆီးပစ်လိုက်ကြတာပဲနော်။

ရှင့်ကို ကျွန်မ သိပ်ချစ်တယ်စိုး…။

ဒါပေမဲ့ ကျွန်မ အရမ်းမျှော်လင့်တောင့်တခဲ့တဲ့ အနာ
ဂတ်လှလှလေး ပျက်ပြုံသွားခဲ့ပြီလေ။

သူမ နှလုံးသွေးတို့ စိမ့်ယိုစီးကျနေပြီဟု သိလိုက်၏။
သောကတို့လောင်မြိုက်ဝါးမျိုခြင်းအောက်မှာ သူမ ဘဝလေး
ပျက်သုဉ်းကွယ်ပျောက် ရတော့မည်ဟု သိနှင့်နေသော်လည်း
သူမ မတုန်လှုပ်ချင်တော့။

အလွမ်းရာသီတို့ ကုန်ဆုံး၍ တမ်းတသောကတို့နှင်





တင်းဝေးရာ အရပ်ကို သူမ ဘေးလွင့်ချင်နေလေသည်။

လွမ်းတယ် ရွှေတိုက်စိုးရယ်…။

ရှင့်ကို တမ်းတမ်းတတကိုပဲ လွမ်းဆွတ်သတိရနေ
ပါတယ်။ မျက်ဝန်းအိမ်တွင် ဆို့တက်လာသည့် မျက်ရည်ကြည်
တို့အောက်တွင် သူမ ဘဝကို နာနာကျင်ကျင် မှန်းတီး
ဝက်ဆုပ်၏။

အချိန်များစွာ တွယ်ရစ်ဖွဲ့နှောင်ခဲ့သော သံယောဇဉ်ကြိုး
တို့ဖြင့် သူမ ရင်နင့်ကြေကွဲစွာ ခံစားနေရဦးတော့မည်လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ခက်တယ် နှင်းနှင်းရယ်၊ ဘယ်လိုမှ မဖြစ်နိုင်လွန်းလို့သာ တားနေရတာကိုပဲ သူက အပြစ်တင်ချင်နေတာ၊ အခုပုံအတိုင်းဆိုရင် မလွယ်ဘူးထင်တယ်"

ရင်မချိမောလျှသံနှင့် ပြောနေသည့် ဒေါ်လေးတင်တင်၏ နွမ်းနယ်သော မျက်နှာပြင်ကို မြင်ရသည်။

"နေရာတကာ အစွန်းရောက်နေတော့ ခက်တယ်၊ သူ့ရဲ့ စွဲလမ်းမှုကို သူနဲ့အတူ နောင်တမလွန်အထိ ယူသွားမယ်ဆိုတာမျိုး ဖြစ်နေပြီ၊ နှင်းတို့ ဘာလုပ်ကြရင် ကောင်းမလဲဟင်"

အရာရာသည် ရင်နှင့်ကြေကွဲစွာ ပြီးဆုံးခဲ့ပြီးပါပြီ။

သို့သော် အရှုံးများစွာအတွက် ဒီလိုအခြေအနေမျိုး ဖြစ်လာလိမ့်မည်ဟု ဘယ်သူကမှ မမျှော်လင့်ခဲ့မိကြတာလည်း -





ပါသည်။ အထင်ကြီး ယုံကြည်ကိုးစား မိခဲ့ကြသည်ကိုး။ အခုတော့ အပျက်ပျက်နှင့် နာခေါင်းသွေးထွက်မည့် ကိန်းဆိုက်၍သာ နေပေပြီ။

ဖြူဖွေးဖျော့တော့နေသည့် မျက်နှာပြင်လေးကို မြင်ရသည်။ အေးစက်နေသော ခြေဖျားများကို ဆုပ်ကိုင်လိုက်သည်။

"နေသာရဲ့လားဟင်"

မေး၍သာ မေးလိုက်ရသည်။ ရင်ထဲမှာ လေးလံလွန်းစွာ စိုးရိမ်စိတ်တို့သည်သာ လွှမ်းမိုးနေ၏။ နှင်း၏ အမေးကို စကားဖြင့် မတုံ့ပြန်ပါ။

အေးစက်စူးရှသည့် မျက်ဝန်းစိမ်းများက ကိုယ့်ကိုများ ခြိမ်းခြောက် အမိန့်ပေးနေသည်လားဟု ယောင်မှားစွာ တွေးမိသေးသည်။ ဘယ်လိုပဲ ထိန်းချုပ်ဟန်ဆောင် ထားစေဦးတော့။ ကိုယ့် မျက်နှာကတော့ သူမ ရိပ်မိသွားအောင်ကို ပျက်သွားတာကတော့ သေချာသည်။

ခဏလေးဆိုပေမဲ့ အဲဒီ ခဏလေးအတွင်းမှာကိုပဲ အကင်းပါးသည့် သူမက သိရှိရိပ်မိသွားနိုင်ခဲ့တာ။ ကိုယ့်ဘက်က ညံ့ဖျင်းအသုံးမကျမှုလို့ပဲ ယူဆရတော့မှာပေါ့။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် မှန်နေတာပဲဆိုပေမဲ့ သူမ တစ်စုံတစ်ရာ ဖြစ်သွားခဲ့လျှင် ဆိုတာမျိုးနဲ့တင် လူက တုန့်လှုပ်ချင်နေပြီ။

ဟာင့်အင်း...

မင်း ဘာမှမဖြစ်စေရဘူး မေပန်းချီ...။

အရှုံးများစွာဖြင့် ဘဝကို ကျောခိုင်းသွားမှာကိုလည်း မလိုလား။

ဘာလုပ်ရမည်မှန်း မသိနိုင်အောင်ကိုပင် အပူသောကတို့က ရင်ကို ဖိစီးနှိပ်စက်ကြ၏။ မေပန်းချီဆိုတာ ဟိုးငယ်စဉ်ကလေးဘဝလေးတည်းက ထားရစ်စွန့်ပစ်ခြင်း ခံရှာသူကလေး။ ကိုယ်နဲ့ ဘဝတူဆိုပေမဲ့ သူမမှာက မိစုံဖစုံ ရှိပါလျက်နဲ့ မိဘရင်ခွင်နဲ့ ဝေးကွာခဲ့ရတာ။ အရွယ်လေး ရောက်လာတော့ ချစ်သူကြင်ဖော်အဖြစ် ကြင်နာစာနာတတ်သော ချစ်သူကို ရရှိခဲ့ပါလျက်နဲ့ ရင်နင့်ကြေကွဲစွာ အရှုံးပေး စွန့်လွှတ်ပစ်ခဲ့ရတာတွေ ကိုယ့် ရင်မှာ မချိခဲ့ပါဘူးကွယ်။

အေးစက်နေသည့် ခြေဖဝါးလေးတွေ နွေးထွေးလာသည်နှင့် ခုတင်စွန်းတွင် မလှုပ်မရှက်ရှိနေသည့် ဖြူဖွေးသေးသွယ်သော လက်ချောင်းလေးများကို ဆုပ်ယူထွေးကိုင်လိုက်သည်။





တစ်စုံတစ်ရာ တုံ့ပြန်မှုကိုမရ။ အရုပ်လက်ကလေးနှယ် ငြိမ်သက်နေသည်။

မျက်ဝန်းအစုံကို စေ့ပိတ်ထားပြန်တော့ ပို၍ အခက်တွေ့နေရသည်။ ကိုယ်ခေါ်နားမှာ မားမားရပ်တန့်နေသည့် အန်တီမာကို အားကိုးတကြီးဖြင့် မော့ကြည့်မိသည်။ နှမ်းလျော့ပျက်ယွင်းနေသည့် မျက်နှာပြင်မှလွဲ၍ သူကိုယ်တိုင်ကလည်း အကြံရခက်နေသည့် ဟန်ဖြင့် သက်ပြင်းကျိတ်ရှိုက်နေတာကို မြင်ရသည်။

သူမ၏ အမူအရာလေးကိုက အားလုံးကို ဥပေက္ခာပြုလျစ်လျူရှုထားခဲ့ပြီးပြီဆိုတာ အရိပ်အမြွက်ကို သိသာနေပါသည်။

ပန်းချီကိုယ်တိုင် သူမဘဝကို အရှိန်နှင့်ကြည်းစက်ဆုပ်ရွံမုန်းသွားခဲ့ပြီလား၊ သိချင်မေးချင်သည့် ဆန္ဒတို့ကို ချုပ်တည်းမျိုသိပ်ထားရသည်။

ရွှေတိုက်စိုး ကိစ္စဖြစ်ပြီးကတည်းက သူမနှင့် ကိုယ့်အရင်ကလို နွေးထွေးသည့် ဆက်ဆံရေးတို့ ကင်းဝေးပြတ်တောက်သွားခဲ့ရသည့်ကတော့ အမှန်ပင်။ ရွှေတိုက်စိုးနှင့် ပတ်သက်၍ သူမ ကိုယ်တိုင်ဆုံးဖြတ်ခဲ့သည် မှန်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူမ ခံစားရမည့် ဝေဒနာအင်အားကို ကိုယ်ကိုယ်တိုင် ကိုယ်ချင်းစာနိုင်ရန် မငဲ့မရဲအောင်ပဲ ပန်းချီ။

ဖြူဖွေးဖျော့တော့နေသည့် သူမ မျက်နှာပြင်လေးကို ကြည့်၍ ကိုယ်ရင်တွင်းမှ နာကျင်သွားသလို ခံစားလိုက်ရသည်။

ကိုယ်လည်း လူငယ်ပဲ ပန်းချီရယ်...။

...ာက်ပြီး မင်းကို သိပ်ချစ်ခဲ့ရတဲ့သူမို့ မင်းခံစားရသမျှ ကိုယ်ရင်နာနာနဲ့ လက်ပိုက်ကြည့်နေရတာပါ။

ကိုယ်ချင်းစာနာစိတ်နဲ့ မင်းဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးချင်ပေမဲ့ ကိုယ်မှ မတတ်နိုင်ခဲ့ဘဲကွယ်။

မင်း ကိုယ့်ကို နားလည်နိုင်ပါမလား...။

မေပန်းချီဆိုသည့် သူမက ခံစားနေရသည့် ဝေဒနာများကို မည်သူတစ်ဦးတစ်ယောက်ကိုမှ ဖွင့်ဟမပြောဘဲ၊ ကြိတ်မှိတ်ခံစား မျိုသိပ်တတ်လွန်းသူမို့ ဟိုးငယ်စဉ် ကလေးဘဝကတည်းကပင် မည်သူမျှ မရိပ်မိအောင် ဟန်ဆောင်ကောင်းခဲ့သည့်သူပဲ ဖြစ်သည်။ ပြုံးစိစိ သူမလေးနှင့် ကိုယ်က နေရာတကာသွက်လက် အမြင်ရှင်းတတ်သူမို့ အမြဲလိုလို ဆန့်ကျင်ဘက်ဖြစ်၍





နေတတ် သည်။

ရွှေတိုက်စိုးကို တကျစွာ ငြင်းပယ်ပြီးခဲ့သည့် အချိန်မှစ၍ သူမသည် မည်သူ့ကိုမှ စကားဟဟ သိပ်မပြောတော့ဘဲ အနေအထိုင်မှစ၍ ပိုမိုအေးစက် တည်ငြိမ်သွားခဲ့သည်မှာ သချာသည်။ များသောအားဖြင့် သူမတစ်ယောက်တည်း အခန်းတံခါးပိတ်၍ တိတ်ဆိတ်ငြိမ်သက်နေတတ်သည်။

ကိုယ်တို့ အားလုံးကလည်း သူမ ခံစားကြေကွဲ နေရသမျှ လွတ်လပ်မှုရှိစေရန် အလိုက်သိစွာဖြင့် သူမကို အနှောင့်အယှက် မပေးမိအောင် အထူးဂရုစိုက်နေခဲ့သည့်ကြားမှ ...အိပ်မမှန်သည့် သူမကို အခန်းထဲတွင် သတိလစ် မေ့မြောနေသည့် တွေ့ရသည်။ ဆရာဝန်၏ အကူအညီဖြင့် ဆေးရုံရောက်တော့ သူမကို အရေးပေါ်အခန်းတွင်းသို့ တင်လိုက်ရတော့သည်။

အရိပ်တကြည့်ကြည့်နှင့် သူမကို ဝိုင်းဝန်းဂရုစိုက်နေသည့်ကြားမှ အားရစရာ မကောင်းသည့် သူမအခြေအနေက ငြိမ်သောကတို့ကို ဖွဲခြွေယူနေသည်။ ဆေးရုံခုတင်ထက်မှ ဖြူဖွေးဖျော့တော့ လွန်းနေသည့် မေပန်းချီသည် ဟိုးအရင်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက မေပန်းချီဟု ထင်ရက်နိုင်စရာ မရှိအောင် ပြောင်းလ
နေခဲ့ပြီဖြစ်သည်။

ဘာတွေ ဘယ်လိုဖြစ်ကုန်ရတာလဲ မေပန်းချီရယ်
သူမကို မမေးရက်ပါ။ သွေးပျက်အောင် ခံစားနေရသည်
ဝေဒနာတွေက ရင်နှင့်မချီအောင်ဘဲ မဟုတ်လား။အို... ဒါတွေ
ဟာ ကိုယ်မင်းကို အစိုးရိမ်လွန်နေတာရော မဖြစ်နိုင်ဘူ
လားနော်။ ဒါတွေဟာ ရောဂါအခြေအနေကြောင့် ပြောင်းလ
သွားခဲ့တာတွေရော မဖြစ်နိုင်ဘူးလား။

အထူးကု ဆရာဝန်ကြီးများနှင့် သွားရောက်ဆွေးနွေ
ရမည်။

မေပန်းချီရဲ့ အပြောင်းအလဲတိုင်းဟာ ကိုယ်စိတ်က
ထင်လို့နေမှာပဲဟု စိတ်ကို ဖျော့တွေးအောင် တွေးလိုက်မိသေ
သည်။

"ပန်းချီ... ပန်းချီ နှင်းကို ဘာပြောစရာရှိလဲဟင်
ပြောလေ"

နားနားကပ်၍ တိုးတိုးပြောကြည့်မိသည်။ မျက်ဝ
အစုံက တလှုပ်လှုပ် ဖြစ်လာသည်ဟု ထင်ရသော်လည်





င်ကြည့်လာခြင်း မရှိပါ။

"ပြော... ပြောစမ်းပါ ပန်းချီရယ်၊ မင်း ဘာတွေလုပ်
ချင်လဲ"

သူမ သက်ဖဝါးနုနုလေးကို ညှစ်ယူဆုပ်ထွေးလျက်
ကိုယ်ပါးပြင်မှာ ဖွဖွကပ်ထားမိသည်။ အခုလို အခြေအနေမျိုး
ကို ကိုယ်ရင်မဆိုင်ချင်ဘူးဆိုတာထက် ရင်ဆိုင်နိုင်ရန် အင်အား
မရှိပါ။ အန်တီမာက ကိုယ်တို့ အဖြစ်ကိုကြည့်၍ မျက်ရည်
သီသီဝေလာသည်။ ဒေါ်လေးတင်တင်ကတော့ စိတ်ထိခိုက်
ခံနိုင်သူပီပီ အိမ်ပြန်အနားယူခိုင်းထားရသည်။

စိတ်ပုတီးကို တချောက်ချောက် စိပ်နေလျက်မှ
ကျီလက်ကို ပင့်တင်၍ မျက်ရည် ခိုးခိုးသုတ်နေသည့်
အန်တီမာကို ကြည့်၍ ကိုယ့်ရင်ထဲမှာလည်း ဘယ်လိုလုပ်
ကောင်းနိုင်တော့မှာလဲ။

သိပ်သည်းသည့် ခံစားချက် ဝေဒနာတွေက ရင်တွင်းမှ
ကျင်းဖွဲ့ နေရာယူရှိနှင့်နေပြီ ဖြစ်သော်လည်း ရင်မဖွင့်ရဲ။
ကိုယ့်ရင်မှာ တကယ်ကြေကွဲနေရပါပြီ ပန်းချီရယ်...
မင်း ခံစားရသမျှ ကိုယ်ဘဝတွေပါမဲ့...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နှလုံးသားတွေ နာကျင်ဆွေးမြည့်စွာ ခံစားနေ
ပါတယ်...။

အိမ်အပြန်လမ်းက ခါတိုင်းတက်ပို၍ တိတ်ဆိတ်နေ
သည်။ သူမ အကြောင်းကို ထင်မြင်ယူချက်ပေးနိုင်ရန်ပင်
မစဉ်းစားဖြစ်တော့ပါ။ အတွေးကိုယ်စီဖြင့် သောကအမှုမီးလျှ
အတွင်း ခုန်ဆင်းနေရသည့် သူများဟု ကိုယ့်ကိုယ်ကို
မှတ်ထင် မြင်ယောင်လာသည်။

ပန်းချီရယ်...။

ကိုယ့်မှာ အပြစ်ရှိနေတယ်ဆိုရင်လည်း ခွင့်လွှတ်ပါ...။

တိတ်တဆိတ် တိုးလျိုးတောင်းပန်မိသည်...။

မျက်ရည်တွေကျနေသည့် အန်တီမာက လူကြီးတစ်
ယောက်မို့ ပို၍ကြ္ကနွေ့ရမည် ထင်သည်။ ပြဿနာ၏ အရင်း
အမြစ်ကို တိကျစွာ သိခွင့်ရပြီးပြီမို့ ကိုယ့်မှာ အပြစ်ရှိနေပြီဟု
တထစ်ချ ယုံကြည်နေမိပါပြီကွယ်...။

* * *





တစ်နေ့တာ သန့်ရှင်းမှုကို ညင်သာဖွဖွ လှုပ်ရှားနေသမျှ
...ခံသက်အေးစက်စွာ ခံယူနေမိသည်။ အထီးကျန်ခြင်းက
...မထံပါးမှ ဖယ်ရှားမသွား။ အဆပေါင်းများစွာ တိုး၍သာ
...င်ရောက်နေရာယူ၏။

အချစ်မဲ့ ရပ်ဝန်းတစ်ခုမှာ ကျွန်မကို နေခွင့်ပြုပါလား
...။

အဲဒီနေရာမှာ တမ်းတခြင်းဆိုတာ မရှိရဘူး။ သတိရ
...င်းတွေ လွမ်းဆွတ်ခြင်းတွေ မရှိတဲ့နေရာ။ အဲဒီနေရာမှာ
...စ်စီကွဲကြေနေတဲ့ သူမ နှလုံးသားရဲ့ ဒဏ်ရာတွေကို
...းကြောသန့်စင် ပစ်လိုက်မယ်လေ။ အဲဒီအရပ်ကို ရက်စက်
...င်းတွေနဲ့ စိုးမလာပါနဲ့။

"ဘာလုပ်ချင်သေးလဲဟင်၊ တစ်ခုခုလိုရင် ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေ၏”

ခေါင်းမညိတ် ခေါင်းမခါ…။

နှုတ်ဆိတ်ငြိမ်သက်ခြင်းများစွာဖြင့် တွေဝေငေးမော

နေမိသည်။

အဖြူရောင် မျက်နှာကြက်ကို ငေးစိုက်ကြည့်နေသည့်

မျက်ဝန်းညိုတွေမှာ အားငယ်ခြင်းတွေ၊ ဝမ်းနည်းထိခိုက်ခြင်း

တွေ နာကြည်းကြေမြည့်ခြင်းတွေနဲ့ အထီးကျန် ဝေဒနာတွေ

ပြည့်လျှံနေပေလိမ့်မည်။

ထင်ကိုမထင်ခဲ့တာပါ။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူမ ဒီလောက်ကြီး ထိခိုက်

ခံစားကြေကွဲ ဝမ်းနည်းနေရလိမ့်မယ်လို့…။

“အရမ်းချစ်တယ်ကွာ”

အသံဖျိုးကိုးလေးတစ်ခု…။

ဖမ်းယူဆုပ်ကိုင်ခွင့် မရနိုင်တော့ လောက်အောင်

လေ၏ အလျှင်အမြှာမြှာ ဖြစ်ရှိသွားအောင် မြူစားထားခဲ့သည့်

စကားစုရယ်လို့ သူမ ကြိုတင်သိခွင့်ရရှိခဲ့မည် ဆိုလျှင်တော

မင်းကို ချစ်မိခဲ့သည့် ကျွန်မ အချစ်တွေကို စွန့်လွှတ်ပစ်မိ





မဟုတ်ပါဘူးကွယ်…။

ရှင့်ကို ကျွန်မ သိပ်တန်ဖိုးထားပြီး ချစ်မြတ်နိုးခဲ့တာပါ

ရိုးရယ်။ မျှော်လင့်တာတွေကို မမျှော်လင့်တာတွေနဲ့ အစားထိုး

ပြီး ထားရစ်ခဲ့ရတာ။

ကျွန်မ ဘာယ်လိုမှ မထင်ရက်ခဲ့ပါဘူး ရွှေတိုက်စိုး

ရယ်…။

ရှင့်ကို ကျွန်မ သိပ်ချစ်ခဲ့ပါတယ်…

အတွေးရေးရေးဖြင့် မေမေနှင့် သူမ ရင်ဆိုင်တွေ့ဆုံခဲ့

ရသည့် နေ့ရက်အချို့ကို ပြန်လည်မြင်ယောင်လာသည်။

အဖြစ်အပျက်တိုင်းက မနေ့တစ်နေ့ကလိုပင် ရင်နှင့်ထိရှစွာ

ခံစားကြေကွဲမဆုံးနိုင်ပါကွယ်…။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ် စိုးရယ်၊ ရှင့်ကို ကျွန်မ သိပ်ချစ်တာ မှန်ပေမဲ့ လက်ထပ်ဖို့ဆိုတာကတော့ ဘယ်လိုနည်းနဲ့မှ မဖြ နိုင်တော့ပါဘူး"

မယုံကြည်နိုင်ခြင်းများစွာဖြင့် အံ့သြမှင်တက်နေသည့ ရွှေတိုက်စိုး၏ ပြောင်းလဲကြေကွဲသွားမည့် မျက်နှာပြင်ပုံရိ အဆင့်ဆင့်ကို မမြင်လို မကြည့်ရက်စွာ မျက်ဝန်းညိုများ လွှဲဖယ်ထားမိသည်။

သူမ မျှော်လင့်ချက်မှန်သမျှကို နောက်ဆုံးပြုံအက် ပျက်စီးသွားစေခဲ့သည့် စကားစု။ မလွှဲမသွေ ရင်ဆိုင်ရတော မည့် အခြေအနေ အရပ်ရပ်ကို သူမ ဇွတ်တိုး၍ ခေါင်းမာစွ တစ်ဇွတ်ထိုးဆန်ဆန် မိုက်ရူးရဲစွာ ပြုမူခဲ့ဖူးသမျှ အခုတော ရင်နင့်စွာ ပြီးဆုံးခဲ့ပါပြီ။





"မင်းနဲ့ကိုယ် သိပ်ချစ်နေရက်နဲ့ လက်ထပ်ဖို့ မဖြစ်နိုင်ဘူးဆိုတာ မယုံဘူး ပန်းချီ၊ ပြော... မင်းမှာ ဘာအခက်အခဲတွေရှိနေလဲ၊ အာလုံးကို အတတ်နိုင်ဆုံး ပြေလည်အောင် ကိုယ် စီစဉ်မယ်...

"မင်းဘက် ကိုယ်ဘက် ဘယ်လိုမှ ညှိနှိုင်းလို့မရတော့ဘူးဆိုရင် မင်း ကိုယ့်နောက် လိုက်ခဲ့ပါ ပန်းချီ၊ မင်းကိုယ့်ကို သိပ်ချစ်သလို၊ ကိုယ်ကလဲ မင်းကို သိပ်ချစ်နေတယ်၊ အဓိပ္ပာယ်မရှိတဲ့ ခွဲခွာဖို့စကားတွေ ကိုယ့်ကို လာမပြောနဲ့ ပန်းချီ၊ ကိုယ် မကြားချင်ဘူး၊ လက်မခံနိုင်ဘူး"

တင်းမာစူးပြတ်လွန်းသည့် ရွှေတိုက်စိုး၏ စကားများက သူမ နှလုံးသားကို အထပ်ထပ် အခါခါ နာကျင်စေခဲ့သည်ဆိုတာ သူမ ကိုယ်တိုင်မှလွဲ၍ မည်သူသိခွင့်ရှိဦးမှာတဲ့လဲ။

ကျွန်မရဲ့ သွေးမျက်ရည်တွေ အာပါးတရ ငိုပစ်ချင်တယ် စိုးရယ်... ဒါပေမဲ့ ကျွန်မ သိပ်ချစ်ရတဲ့ ရှင့်ရဲ့ရှေ့မှာ မျက်ရည်မကျချင်ပါဘူး၊ ကြေကွဲဝမ်းနည်းမှုတွေ ရှိမနေစေချင်ပါဘူး ချစ်သူရယ်။

ကျွန်မ မျက်ရည်တွေဟာ ရှင့်စိတ်တွေကို အကြီး



www.burmeseclassic.com

www.burmeseclassic.com



အကျယ် ပြောင်းလွဲစေခဲ့ပြီး ဘယ်လိုမှ ရှင့်ဘဝထဲ ဖွတ်အတင် ဆွဲယူသွားတော့မှာ မဟုတ်လား...။

ကျွန်မ ဘယ်လိုမှ ရင်မဆိုင်နိုင်တော့တဲ့ အဖြေအနေ ကျွန်မ နှလုံးသားတွေ တစ်စစီ ကွဲကြေသေဆုံးသွားနိုင်တ ဆိုတာ ရှင် သိနိုင်မှာ မဟုတ်ပါဘူး ရွှေတိုက်စိုးရယ်...

ရှင့်ကို ချစ်သလို ကျွန်မရဲ့ မေမေကိုလည်း မသေဆုံး ချစ်ပါဘူး...။

"ရှင်ပြောသလို အဓိပ္ပာယ်မရှိတဲ့ စကားတွေ ဖြစ်နေခဲ့ သိပ်ကောင်းမှာပါ စိုး၊ အခုတော့ အဓိပ္ပာယ်ရှိလွန်းနေ စကားတွေ ဖြစ်နေတယ်၊ ရှင်ပြောသလိုပဲ ဘယ်သူ ဆွေးနွေးညှိနှိုင်းဖို့ မလိုအပ်တော့ပါဘူး၊ ရှင့်ခေါ်တဲ့ နော ကိုလဲ ကျွန်မလိုက်ဖို့ မလိုတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတေ ကျွန်မကိုယ်တိုင် ရှင့်ကို လက်မထပ်နိုင်တော့လို့ပါ ရွှေတိုက် ရယ်"

ဆွေးမြည့်အက်ကွဲနေသည့် သူ၍ စကားသံမျာ ဟိုးအဝေးဆုံး တစ်နေရာမှ ပြန်ရောက်လာသလို ပြန်ကြ နေရှာသည် တင်၏။ ပေါက်ကွဲအုံ့ဆဲဆဲ ချုပ်တည်းမျိုသိ





ထားနေမပုံရသော ခံစားချက်ပြင်းပြင်းရှိနေသည့် ရွှေတိုက်စိုး၏ မျက်နှာပြင်လေးက သွေးရောင်လွှမ်းလျက် ရဲရဲနီနေမည့်မှာ သေချာသည်။

"မင်းကိုယ်တိုင်က ကိုယ့်ကို လက်မထပ်နိုင်တာ ဟုတ်လား၊ ပန်းချီ ဒီစကားမျိုးတွေ အခုလိုပြောနိုင်အောင် မင်းကို ဘယ်သူက ခြိမ်းခြောက်ထားလဲ၊ ဘယ်လိုစကား မျိုးတွေနဲ့ မင်းကို စွမ်းဆောင်ထားကြလဲ၊ မင်း ရင်ထဲက မပါဘဲ မင်း နှလုံးသားထဲက ဆန္ဒမပါဘဲ ဒီစကားတွေကို မင်း ဘာလို့ပြောနေရတာလဲ ပန်းချီ၊ မင်းကိုယ့်ကို သိပ်ချစ် တယ်ဆိုတာ ကိုယ်မသိဘဲနေမလား...

"ပြောစမ်းပါ ပန်းချီရယ်၊ မင်း ရင်ထဲက မျိုသိပ်ခံစား နေရတဲ့ အကြောင်းအရာ တစ်ခုခုထဲမှာ မင်းနဲ့ ကိုယ့်ဘဝကို ရက်ရက်စက်စက် ဖျက်ဆီးပစ်ခဲ့သူတွေ ဘယ်သူတွေလဲ... ဘယ်သူတွေလဲဟင်..."

"တော်ပါတော့... တော်ပါတော့ ရွှေတိုက်စိုးရယ်၊ ကျွန်မကို ချစ်ရင် ကျွန်မကို သနားတယ်ဆိုရင် ရှင့်စကား တွေကို ဒီမှာတင်ပဲ ရပ်လိုက်ပါတော့...



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မသိပ်ချစ်တယ်ဆိုတာ ရှင် ရဲရဲကြီးယုံကြည်ထားလိုက်စမ်းပါ၊ ဒါပေမဲ့ ကျွန်မ ရှင့်ကို လက်မထပ်နိုင်ပါဘူး၊ ရှင်မေးတဲ့ အကြောင်းအရာတွေကိုလဲ မဖြေနိုင်ပါဘူး အဲဒီ အတွက် ရှင် ကျွန်မကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့"

ရှင်နှင့်ကြေကွဲဖွယ် တုန်ခိုက်တိုးလျှသည့် ချစ်သူ၏ မေးခွန်းများကို ဖြေဆိုနိုင်ရန် အင်အားတို့ ကုန်ဆုံးကွယ်ပျောက်၍ နေခဲ့ပြီးဖြစ်ကြောင်း ဘယ်လိုပြောရမှာမှန်းမသိ ဖွဲ့ငြိသည့် အာရုံတွင် တွယ်ကပ်နေသည့် ပုံရိပ်များစွာ သူမ၏ နှလုံးသွေးကြောစို့ ထိခိုက်ပျောက်ပျက် စေခဲ့ရလေသည်။ ထို့ပြင် ခံစားရခက်လွန်းသည့် ဝေဒနာများကြောင့် သူမ ရင်သည် အသက်ရှူမရ ခက်ခဲအောင် စူးအောင့်နာကျင်နေခဲ့ရပြီ။

ထိန်းချုပ်ဆင်ခြင်၍ မရနိုင်တော့လောက်အောင် သိသာစွာ နွမ်းလျပျက်ယွင်းနေသည့် သူမ မျက်နှာပြင်သည် ဘယ်လိုနည်းနှင့်မှ အေးစက်တည်ကြည် နေနိုင်လိမ့်မည် မဟုတ်တာ သေချာသည်။ သူမ၏ မျက်နှာပြင်ကို နှင့်စူးရှ ငေးမောလျက် အမိဖွယ်ဖွေရှာနေသည့် ရွှေတိုက်စိုး၏





မျက်ဝန်းများသည် ကြေကွဲထိခိုက်နေသည့် အသွင်သဏ္ဌာန် နာကြည်းမှု စွန်းနေသည့် မျက်ဝန်းများ ဆုံးဖြတ်ချက် တစ်ခုအတွက် အံတင်းတင်း ကြိတ်ထားသည်မှအစ အားလုံးကို သူကိုယ်တိုင် ရင်မချိ မကြည့်ရက်စွာ မြင်တွေ့နေရမည်ထင်သည်။

မျက်ရည်စိုစွတ်နေသည့် သူမ၏ မျက်ဝန်းညိုများနှင့် အရည်ကြည်များ ပြည့်လျှံနေသည့် ရွှေတိုက်စိုး၏ မျက်ဝန်းသေးများနှင့် ဆုံစည်းရသည့် အခိုက်အတန့်တွင် သူမသည် နေရာမှထ၍ ရှူးသွပ်သွားရာမှ ပြေးထွက် ကွယ်ပျောက်သွားလိုသည့် ဆန္ဒတစ်ရပ် ပြင်းထန်စွာ ပေါ်ပေါက်ခံစားလိုက်ရသည်။

"ကျွန်မဘဝမှာ ရယူပိုင်ဆိုင်ခွင့်ဆိုတာ မရှိခဲ့ဘူး၊ ဆုံးဆပ် စွန့်လွှတ်ခြင်းနဲ့ ကျွန်မဘဝ ရပ်တည်နေရတယ်ဆိုတာ ရှင် သိရဲ့လား စိုး၊ ကျွန်မကို မေမေက မချစ်ပေမဲ့ မေမေ့ကိုတော့ ကျွန်မ သိပ်ချစ်ခဲ့ပါတယ်၊ အဲဒီအတွက် ကျွန်မ ရှင့်ကို လက်လွှတ်ဆုံးရှုံးခံပါရစေ၊ ကျွန်မအတွက် မေမေ အသက်မသေ စေရဘူး၊ ဒါ... ကျွန်မရဲ့ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ပါ စိုး"

"အဲဒီ ဆုံးဖြတ်ချက်ကို ကိုယ် လက်မခံဘူး ပန်း
မေမေကို ကိုယ် သွားတွေ့မယ်၊ ကိုယ်တို့နှစ်ယောက်
အချစ်ကို မဖျက်ဆီးပါနဲ့လို့ ကိုယ် တောင်းပန်မယ်၊ ကို
ဘက်က လိုအပ်ချက်မှန်သမျှ မင်းမေမေ စိတ်တိုင်းကျတဲ့အ
ကိုယ် ပြုပြင်မယ်"

ရွှေတိုက်စိုးရယ်...

ကျွန်မ ရင်ကွဲရပါပြီ...။

ရှင်နဲ့ ကျွန်မတို့ရဲ့ အချစ်ကို ဘယ်သူကမှ အသိအမှ
ပြု ကိုယ်ချင်းစာနာ မပေးနိုင်ကြဘူးဆိုတာ ရှင်မှ မသိရှာဘဲ

ကျွန်မတို့ဟာ ကံအဆိုးဆုံးသူတွေပါ ချစ်သူရယ်

"စွတ်တိုးဖို့ မကြိုးစားပါနဲ့တော့ စိုးရယ်၊ ရှင့် ဘက်
အခြေအနေရယ်၊ ကျွန်မဘက်က မလိုက်လျောနိုင်မှုတွေ
ဟာ ရှင်နဲ့ ကျွန်မတို့ရဲ့ ဘဝတွေကို ကြေကွဲစွာ အရှုံးပေး
တော့မှာပါ၊ ကျွန်မတို့ရဲ့ စစ်မှန်တဲ့ အချစ်နဲ့ ဆန္ဒတွေ
အကောင်အထည်ဖော်ခွင့် မရှိနိုင်ပါဘူး၊ အဲဒီတော့ ကျွ
ကိုယ်စား ရှင့်မေမေ သဘောတူနေတဲ့ ယမုံနာဆိုတဲ့ မိန်း





လေးကိုပဲ ရှင့် မိခင်ရဲ့ စိတ်ချမ်းသာမှုအတွက် သားပီပီမှာ
သစွာ ကျေးဇူးဆပ် တုံ့ပြန်တဲ့အနေနဲ့ လက်ထပ်လိုက်ပါ"

စကားများစွာအတွက် သူမ နှလုံးသားကို အရင်းတည်ခဲ့
သည်ဟု သူမချစ်သည့် ရွှေတိုက်စိုး သိချင်မှလည်း သိနိုင်ပါ
သိမ့်မည်။ အသက်နှင့်ထပ်တူ မြတ်နိုးတန်ဖိုးထားရသည့်
ချစ်သူကို အမုန်းဟူ၍ မြူတစ်မှုန်သမျှပင် မပါဝင်နိုင်ပါဘဲ
သဝရဲ့ ကျောခိုင်းစွန့်လွှတ်ပစ်ရန် စေခိုင်းနေသည့် သူမ ဘဝ၏
ကြမ္မာရိုင်းကို နာကြည်းကြေကွဲစွာ မုန်းတီးနေရ၏။

"မင်း ပြောသလို ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး
ပန်းချီရယ်၊ မင်းဘက်က သစ္စာမပျက်ဘဲ ကိုယ့်ကို သိပ်ချစ်
နေမှန်းလဲသိနေရက်နဲ့ ကိုယ်က မင်းလိုထားခဲ့ပြီး တခြား
တစ်ယောက်ကို ဘယ်လိုနည်း ဘယ်လိုဟန်နဲ့မှ လက်မထပ်
နိုင်ဘူး၊ ကိုယ် အရူးမဟုတ်ဘူး ပန်းချီ၊ အမှန်သူတွေ ဘာ
ဖြစ်ဖြစ်၊ မင်းကိုပဲ လက်ထပ်မယ်၊ ကိုယ်ချစ်တာ မင်းတစ်
ယောက်တည်းကိုပါ"

ရွှေတိုက်စိုးသည် သူမ ထင်ခဲ့သလို ကိုစွာ...
လွယ်လွယ်နှင့် ခေါင်းညိတ်လက်ခံ...ခဲ့သူ မဟုတ်...ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သူမ ရင်နင့်စွာ သိခွင့်ရရှိခဲ့ရသည်။ သူဖြစ်ချင်သည့်အတိုင်း ဖွတ်တိုးငြင်းဆန် ကန့်ကွက်ခြင်းဖြင့်သာ သူ့ရင်တွင်းမှ ဆန္ဒတို့ကို ထုတ်ဖော် အတည်ပြုနေသည့် အခိုက်အတန့်မှာပင် သူမ ရင်သည် မခံမရပ်နိုင်စွာ ရှုံးအောင့်နာကျင်ခြင်းများစွာဖြင့် နှလုံးသားများက တစ်စစီ ပွင့်ထွက်ပေါက်ကွဲလုမတတ် ခံစားရတော့သည်။

*ဒီအဖြေကို ရရှိနိုင်ရန်အတွက် သူမဘဝ၏ နှလုံးသွေး*စက်များဖြင့် အချိန်များစွာကို ပေးအပ်ခဲ့ရသည်ကို သူမချစ်သည့် ရွှေတိုက်စိုး မသိမြင် မကြားတွေ့နိုင်ခဲ့ပါ။ ထို့ကြောင့်ပင် ဖွတ်တိုးငြင်းဆန်နေခြင်း ဖြစ်သည်။ ထို့နေ့သည် သူမဘဝအတွက် ဘယ်သောအခါ မေ့ပျောက်က မရနိုင်တော့မည့် နှလုံးသားမှတ်တိုင်အဖြစ် ထာဝရ တည့်တံ့နေပေလိမ့်မည်။

* * *





"တင်တင် အသည်းအသန်ဖြစ်လို့ ဆေးရုံတင်လိုက်ရတယ်တဲ့ ပန်းချီ"

ရွှေတိုက်စိုးကို သူမ လက်ထပ်ပေးတော့မည်ဟု သန္နိဋ္ဌာန်ချမှုကို နောက်ဆုံးအသိပေးပြီး နောက်တစ်ရက်တွင် ဘယ်လိုမှ စိတ်ချမ်းမြေ့နိုင်ဖွယ် မရှိသည့် သတင်းစကားကို သူမ မယုံကြည်နိုင်စွာ လက်ခံရရှိခဲ့ရသည်။

ထို့အတူ သူမသည် အရာရာအတွက် အပြီးတိုင် ရှုံးနိမ့်သွားခဲ့ပြီးကြောင်း ဝမ်းနည်းကြေကွဲစွာ သိခွင့်ခဲ့၏။ သူမနှလုံးသားသည် အတ္တ၊ မာနကြီးသူများအတွက် အဆိပ်ဖြစ်ခဲ့ကြောင်း ရွှေတိုက်စိုး သိရန် မလိုအပ်တော့ပါ။

မေပန်းချီသည် အမိအဖ၏ အုပ်ထိန်းပဲ့ပြင်မှုဖြင့် မကြီးပြင်းခဲ့ရသူ မှန်သော်လည်း နှလုံးသားနူးညံ့ သိမ်မွေ့သူပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဒဏ်ရာများစွာကို အသက်အရွယ်နှင့် မလိုက်အောင် ခံစားရရှိခဲ့သည့် သူမအတွက် တခြားတစ်ပါးသူများနှင့် မတူညီနိုင်အောင် ပို၍ အဆပေါင်းများစွာ ခံစားထိခိုက်စေသည့် နှလုံးသားပိုင်ရှင်ဖြစ်၍ နေစေခဲ့သည်။

သူမကို မေမေ မချစ်သော်လည်း မေမေ့ကိုတော့ သူမ ချစ်သည်။

နူးညံ့သိမ်မွေ့သော မေတ္တာငတ်မွတ် တမ်းတနေသည့် သူမ နှလုံးသားသည် ဖြုန်းစားကြားရသည့် မေမေ့ သတင်းစကားအတွက် အဆုံးမဲ့ ကြေကွဲထိခိုက်စွာ ခံစားခဲ့ရသည်။

သူမ၏ ဆုံးဖြတ်ချက်တိုင်းသည် မေမေ၏ အသက်ကို တိကျစွာ ရန်ရှာလျက်ရှိနေပြီမှာ အထင်ရှားဆုံးဖြစ်သည် အတွက် သူမ၏ ဆုံးဖြတ်ချက်ကို အချိန်မီပြုပြင်သင့်ပြီ ဖြစ်ကြောင်း နှလုံးသားကိုရင်း၍ သိရှိခဲ့ပြီ။

တစ်ခုခုအတွက် သူမသည် အခြားတစ်ခုကို အပြီးကိုင် စွန့်လွှတ်ဆုံးရှုံး ရတော့မည်လေ။

သူမ၏ ဆုံးဖြတ်ချက်များက ခုချိန်မှာ ဝေ့လည်နေ၍ မဖြစ်တော့ ခိုင်မာပြတ်သားစွာ ဆုံးဖြတ်ဖို့ အချိန်ရောက်





ခဲ့ပြီလေ။

ဒါတွေကို မင်း ဘယ်လိုလုပ် သိနိုင်မှာလည်း ရွှေတိုက်စိုးရယ်။

ကျေးဇူးရှင် မိခင်နှင့် အချစ်ရဆုံး ချစ်သူနှစ်ဦးအတွက် သူမ အသက်ရှုရပ်လုမတတ် မွန်းကျပ်စွာ ရင်ဆိုင်ခဲ့သည့် နေ့ရက်များစွာကြားတွင် သူမသည် ဆေးရုံခုတင်ထက်က အသက်ငင်နေသည့် လူမမာတစ်ဦး၏ အခြေအနေထက်ပင် ဆိုးရွားနေသည်မှာ သေချာသည်။

ဒီလိုအဖြစ်အပျက်တွေကို သူမ ဘယ်လိုမှ ရင်မဆိုင်ချင် ဘယ်လိုပုံစံနှင့်မှလည်း မတွေ့ကြုံချင်ခဲ့ပါ။ ဘာဖြစ်လို့များ ဒီလိုအဖြစ် ကြမ္မာဆိုးတွေနှင့် လာတွေ့ကြုံရပါလိမ့်လို့ ကိုယ့်ဘဝ၏ ကြေကွဲဖွယ် အဖြစ်တွေကို ပြန်တွေးရင်း ထိခိုက်ခံစားနေမိရလေသည်။

လွတ်မြောက်ခွင့်တွေ ရချင်ပါပြီ ချစ်သူရယ်...။

ရွေးချယ်မှု...။

အဲဒီ ရွေးချယ်မှုဟာ သူမ ဘဝအတွက် အကြီးမားဆုံး ခံစားမှု တစ်ရပ်အဖြစ် အမှားအယွင်း မခံနိုင်ကြောင်း သူမ

www.burmeseclassic.com



တုန်လှုပ်ချောက်ချား သိရှိခွင့်ရရှိခဲ့ပြီး ဖြစ်သည်။ ဆေးရုံ
သတင်းစကားများကို သူမ မေးမြန်းစပ်စုခြင်း တစ်စုံတစ်
မရှိဘဲ သိစေခဲ့ကြပြီး တစ်စုံတစ်ရာ ဟိုက်တွန်းခြင်း ဆွေးနွေး
ခြင်းများ မပြုလုပ်ခဲ့ကြပါ။ သူမ အသိစိတ်၏ လုပ်ဆော
အတိုင်းသာ လွတ်လပ်ခွင့် ဖန်တီးပေးကြသည်မှာ သူမစိတ်
ပို၍ မငြိမ်မသက် ဖြစ်စေခဲ့၏။

"ကျွန်မ မေမေနဲ့ တွေ့ချင်တယ်"

မေမေ ဆေးရုံတက်ပြီး သုံးရက်မြောက်နေ့၊ ဒုတိယ
အကြိမ် မေမေ ဟတ်(စ်)အတက် ဖြစ်အပြီးတွင် ထိုစကားစု
သူမ ပြောခဲ့၏။ မေမေ ဆေးရုံတက်ရသည့် အချိန်မှအ
သက်သာ၍ ဆေးရုံမှ ဆင်းသည်အထိ သူမ မေမေရှိရာ
ဆေးရုံသို့ မသွားခဲ့သည့်အတွက် မည်သူကမှ ပြစ်တင်ဝေ
စကား မဆိုကြပါ။

အဘယ့်ကြောင့်ဆိုသော် မေမေအပေါ်တွင်သူမရှိမနေ
အတွက် မေမေ့အတွက် အင်အားဖြစ်မှည့် သန္တာဝိုး
ဖြူဖြူဖိုးတို့ ရှိနှင့်နေကြသောကြောင့် ဖြစ်သည်။

လှပပြာလွင်သော မိုးကောင်းကင်နှင့် ပျံသန်းသွား





သည့် ငှက်ငယ်လေးများကို ရေတွက်ငေးမော ကြည့်ခြင်းဖြင့်
သူမ ဘဝ၏ အစိတ်အပိုင်း တစ်ချိန်ကို အသုံးချ ဖန်တီးခဲ့ဖူး
သည်။

အခုတော့ သူမသည် ဖြူဖွေးမွေးမြသည့် ပန်းရနံ့များ
ကိုလည်း မခံစားနိုင်တော့ပါ။

အေးမြရှင်းသန့်သည့် လေပြည်နုအေးတို့၏ ထိတို့
ဆော့ကစားမှုတို့ကိုလည်း ဥပေက္ခာပြု လျစ်လျူရှုခဲ့ရပြီ
ဖြစ်သည်။

"ကျွန်မအတွက် မေမေ အခုလို ခံစားခဲ့ရတဲ့ စိတ်ဒုက္ခ
အတွက် ကျွန်မကို ခွင့်မလွှတ်ပါနဲ့၊ ဒါပေမဲ့ ကျွန်မ မေမေ့
ကို ကတိတစ်ခုပေးပါမယ်၊ အဲဒီ ကတိစကားဟာ ကျွန်မရဲ့
ဘဝနဲ့ ကျွန်မ နှလုံးသားကိုရင်းပြီးမှ ပေးခဲ့တဲ့ ကတိစကား
ဆိုတာတော့ မေမေ ယုံကြည်စွာ လက်ခံပေးပါ ...

"ကျွန်မ မေမေကို ချစ်ပါတယ်၊ ကျွန်မအတွက်နဲ့
မေမေ့ဘဝကို အဆုံးရှုံးမခံပါနဲ့၊ မေမေ စိတ်ချမ်းသာအောင်
နေပါ၊ ဘာဖြစ်လို့ အခုလို ပြောနေရတာလဲဆိုတော့ ကျွန်မ
ရွှေတိုက်စိုးကို ဘယ်တော့မှ လက်မထပ်တော့ပါဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မေမေရှေ့မှာ ကတိပေးချင်လို့ပါ…

ကျွန်မ ရွှေတိုက်စိုးကို လက်မထပ်ပါဘူး၊ ကျွန်မ ရွှေတိုက်စိုးကို ဘယ်တော့မှ လက်မထပ်တော့ပါဘူး မေမေ ရယ်”

မှိန်ဖျော့သော အလင်းရောင်သည် ကောင်းကင် အမှောင်ထုတွင်းသို့ တိုးဝင်ပျောက်သွားသည့်အချိန်တွင် ထိုစကားစုကို သူမသည် မေမေ မျက်နှာပြင်ချောချော နက်ရှိုင်းစွာ ငေးမျှော်ကြည့်လျက် နှလုံးသွေးစက်တို့ဖြင့် သစ္စာတည်၍ ကတိစကား ဆိုခဲ့သည်။

ဖြူဖွေးတောက်ပ လင်းလက်သွားသည့် မေမေ့အပြုံး သည် လှပသော မျက်နှာပြင်ကို ထပ်ဆင့်အားဖြည့်ပေး လိုက်သည့်အခါ ကြေမွနေသည့် နှလုံးသားအတွက် အား တက်နိုင်စွာ သူမ ကြေကြေကွဲကွဲ တုန့်ပြန်ပြုံးပြမိသည်။

“ကျေးဇူးတင်ပါတယ် သမီးရယ်”

ဟု မေမေက သူစိမ်းဆန်စွာ ပြောလာသည့်အခါ ခါးသက်သော ဝေဒနာများကြားမှ နှလုံးသားတို့၏ ငိုရှိုက်သည အသံကို ပီသစွာ သူမကြားနာခွင့် ရလိုက်သည်။ ဆိုးရွားသည





ဆုံကြမ္မာသည် ဖန်တစ်ရာသေနေသော နာကျင်သည့် နှလုံးအိမ် ကို အပြီးတိုင် ဖွဲ့ခြွေနေနိုင်သည့် အခွင့်ထာဝရ ချောင်းမြောင်း နေသည်ဟု သူမ ယုံကြည်ခဲ့ပြီဖြစ်သည်။

“ရပါတယ် မေမေရယ်၊ သားအမိချင်းပဲ ဥစ္စာ”

ဟု သူမ ပြောလိုက်သည့်အခါ အနေရခက်စွာ ရယ် မောနေသည့် မေမေ့ အပြုံးများအောက်တွင် သူမ ဖြတ်သန်း ကြီးပြင်းခဲ့ရသည့် အထီးကျန် ဘဝများစွာ ကြေကွဲထိခိုက်ဖွယ် ပြန်လည်မြင်ယောင်နေမိသည်။

မေမေ… ဟု ဟစ်အော်၍ ခေါ်ပစ်ကာ သူမ မိခင် ရင်ခွင်မှာ ဦးခေါင်းကို တိုးဝှေ့လျက် ထွေးပွေ့လာမည့် နွေး ထွေးသည့် မေမေ လက်အစုံကို အမျှော်လင့်ကြီး မျှော်လင့် တမ်းတနေမိသည်။

သို့သော် သူမ မေမေသည် သူမ မျှော်လင့်တောင်းတ ခဲ့သလို သူမကို နွေးထွေးသည့် မိခင် ရင်ခွင်တွင်းသို့ မခေါ်ငင် မထွေးပွေ့ပါ။

သူမ ကိုယ်စား အနက်ရောင် လက်ပွေ့အိတ်ကြီးသည် သာ မေမေ ရင်ခွင်တွင်းဝယ် ငြိမ်သက်စွာ နွေးလှုံယူ၍



www.burmeseclassic.com

www.burmeseclassic.com



လှောင်ပြောင်သရော်နေ၏။

ဒီတွေ့ဆုံခွင့်ကို သူမ ဖန်တီးရယူခဲ့ရခြင်း၏ အရင်းအမြစ်မှာ မေမေ့၏ ဆိုးရွားသည့် ကျန်းမာရေးမှ အစပြုခဲ့ကြောင်း ဝန်ခံရမည်။ သူမ၏ ဥပေက္ခာဆန်မှုများ တစ်ရွတ်ဆိုးခေါင်းမာ တင်းခံနေမှုများသည် မေမေ ခံစားနေရသည့် နှလုံးရောဂါကို ပိုမိုနိုးကြွစေခဲ့သည့် အကြီးမားဆုံး တိုက်စစ်ဖြစ်ခဲ့လိမ့်မည်ဟု သူမ မမျှော်လင့်ခဲ့ဖူးပါ။

ဘယ်တုန်းကမှလည်း မတွေးဆခဲ့ဖူးပါ။ သူမကြောင့် မေမေသည် ဤသို့သော ရောဂါဝေဒနာများကို ခံစားသွားရမည်ဟုလည်း မထင်မိခဲ့၊ မိမိသည် ဤမျှလောက်အထိ သူတစ်ပါးကို ဝေဒနာပေးသည့် သူတစ်ယောက်အဖြစ် ဘာကြောင့်များ ဖြစ်တည်မိနေရတာလဲ။

အလှအပ မပျက်မယွင်းဖြင့် မကျန်းမာသည့် မေမေသည် သိသာစွာ ညှိုးလျော့ပိန်ကျသွားသည့် မျက်ဖွင်းညိုများဖြင့် ဖြူဖွေးဖျော့လျော့နေသော သမီးဖြစ်သူ၏ ကျန်းမာခြင်း ရုပ်သွင်ကို သတိမပြုမိနိုင်ရှာဘဲ မေ့လျော့စွာ ပြန်သွားခဲ့သည်။





သူမသည် မေမေ့ကို ကတိပေးခဲ့ပြီးသည့် အချိန်မှစ၍ သူမချစ်သူ မွှေတိုက်စိုးအား သူမ၏ ဆုံးဖြတ်ချက်ကို တိကျစွာ အသိပေးခဲ့သည်။ ခါးခါးသီးသီး လက်မခံနိုင်သည့် သူမ၏ ဆုံးဖြတ်ချက်များကို ပြန်လည်ပြုပြင်ရန် မဖြစ်နိုင်တော့ကြောင်း မွှေတိုက်စိုး ဘယ်သောအခါမှ သိနိုင်လိမ့်မည်မဟုတ်တာ သေချာသည်ကွယ်...။

* * *



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ သား ပန်းချီကို သနားတယ်၊ ကျွန်တော် ပန်းချီကိုပဲ လက်ထပ်မယ် မေမေ"

အဖြစ်အပျက်များ အားလုံးအတွက် သူ မယုံကြည်နိုင်၊ အံ့ဩလွန်းစွာ ထိုနောက်တစ်ဖန် ထိခိုက်ကြေကွဲလွန်းစွာဖြင့် အရူးတစ်ယောက်လို သူ ပေါက်ကွဲစွာ ဟစ်အော်နေမိသည့် အဖြစ်။

ဘယ်လိုမှ ထင်မှတ်မထားသည့် တော်စပ်ပတ်သက်မှုများ...။

ရင်တစ်ခုလုံး ခါးသက်ရှတစွာ မွန်းနစ်လျက် ထူပူနေ၏...။

ပန်းချီလေးရယ်...။

မင်း သိပ်ကိုခံစားကြေကွဲနေရတဲ့ အကြောင်းအရာ





တွေက ကိုယ့်ကို ခြောက်လှန့်တုန်လှုပ် နေစေခဲ့ပါပြီ။

သနားလိုက်တာ ပန်းချီရယ်၊ မင်း မျိုသိပ်ချုပ်တည်းနိုင်လွန်းအား ကြီးတယ်...။

အခုမှ မင်းလေးရဲ့အဖြစ်ကို စာနာစိတ်နဲ့ ပိုပြီးကြေကွဲရပါပြီ ချစ်သူရယ်...။

နုနုငယ်ငယ် မိန်းမသား တစ်ယောက်၏ဘဝ။ အပြစ်ဟူသမျှ မြူတစ်မှုန် တစ်စက်မျှ မရှိခဲ့ပါလျက်နှင့် သူမ တည်ဆောက်ဖန်တီးခဲ့ဖူးသမျှ အနာဂတ် မျှော်လင့်ချက်များစွာကို အပိုင်းပိုင်း အမှုန်မှုန် ဖျက်ချိုးအံနိုင်ပိုင်း ရက်လိုက်ကြတာ။ ဘယ်သူတွေ ဘာပြောပြော ကိုယ် မင်းကို မရရအောင် လက်ထပ်မယ် ပန်းချီရယ်။

ဘာကြောင့်များ မင်းလေးကို လူတွေက နားမလည်နိုင်ကြရတာလဲ၊ မင်းရဲ့ဘဝကို ဘာကြောင့်များ မျှဝေမခံစားနိုင်ကြရတာလဲ။ မင်းရဲ့ဘဝမှာ မင်း ဖြစ်စေချင်တဲ့ မင်းဖန်တီးချင်တဲ့ ကြည်နူးပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစုဘဝလေးကို ဘာကြောင့်များ မင်း မပိုင်ဆိုင်နိုင်ရမှာလဲ ပန်းချီရယ်။

အဲဒါတွေအားလုံးကို ကိုယ်မဖြစ်ဖြစ်အောင် အရှိမ်းကုန်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားဖြည့်ဆည်းပေးပါမယ်၊ ကိုယ်နဲ့ ပန်းချီ အတူတွဲပြီး အရာအားလုံးကို ရင်ဆိုင်ကျော်ဖြတ်နိုင်အောင် ကြိုးစားသွားမယ်လို့ ကိုယ် ဆုံးဖြတ်လိုက်ပြီ ပန်းချီရယ်။

"မင်းနားလည်အောင် မင်းကို မေမေ တစ်ခုပြောမယ် ရွှေတိုက်စိုး၊ မေပန်းချီကို မင်း လက်ထပ်ဖြစ်မယ်နေ့ဟာ မေမေ အလောင်းကို မြင်ရမဲ့ နေ့ပဲဆိုတာ မင်း နားလည်ရင် မင်းစိတ်ကြိုက် စီစဉ်နိုင်တယ်"

"မေမေ..."

သူ တအားကျုံးအော်မိသည့်အထိ တုန်လှုပ်သွားသည်။

မထင်ဘူး...

ဒီလို ဖြစ်ကြရလိမ့်မယ်လို့ ကိုယ် တကယ်မယုံဘူး...။

"မင်း ဘာမှထပ်မပြောနဲ့တော့ ရွှေတိုက်စိုး၊ မင်းကို မေမေ သိပ်ချစ်တယ်ဆိုတာ မင်းသိပါတယ်၊ တခြား ဘယ်ကိစ္စတိုင်းကိုမဆို မေမေ မင်းကို အလိုက်နိုင်ပေမဲ့ ဒီကိစ္စ ဒီအဖြစ်အပျက်ကိုတော့ မေမေ လုံးဝလက်မခံနိုင်ဘူး၊ မေပန်းချီဆိုတဲ့ မိန်းကလေးကလွဲပြီး တခြား ဘယ်သူနဲ့ဖြစ်ဖြစ် မင်း သဘောကျ မေမေ စီစဉ်ပေးမယ်...





"မေပန်းချီကို မင်း လက်မထပ်ရဘူး၊ မေမေ့ကို ချစ်ရင် သနားရင် ဒီတစ်ခုတော့ လိုက်လျောခွင့် ပြုနိုင်ရမယ်...

"ဒီလိုမှ မဖြစ်နိုင်တော့ဘူးဆိုရင်လဲ မင်း သဘောကျ စီစဉ်ပါ၊ မင်းလက်ထပ်တဲ့နေ့ဟာ မေမေ အသက်ဝိညာဉ်မဲ့တဲ့ နေ့ပေါ့ ရွှေတိုက်စိုး"

မေမေ၏ တိကျပြတ်သားသည့် စကားများသည် သူ့နှလုံးသားကို အပ်ဖျားချွန်ချွန်များဖြင့် ဝိုင်းဝန်းထိုးဆွနေသည်ထက် အဆပေါင်းများစွာ ပို၍အခံရခက်စွာ ခံစားရသည်။ ကျောခိုင်းထွက်ခွာသွားသည့် မေမေ၏ နောက်ကျောပြင်ကို ရင်နင့်ဖွယ်မဆည်နိုင်စွာ သူ ငေးကြည့်နေမိသည်။

သူ မသိနိုင်သည့် အခြေအနေများ။ သူ မကြားသိနိုင်သည့် စကားပေါင်းမြောက်မြားစွာအတွက် သူမ ဘယ်အချိန်တွေကတည်းက ခံစားရင်ဆိုင်နေရရှာသည်လဲ။ ကိုယ် ရင်တွေ ကြေကွဲရပါပြီ ပန်းချီရယ်၊ ယောကျ်ားရင့်မာကြီးဖြစ်တဲ့ သူကိုယ်တိုင်တောင်မှ ဤမျှ နင့်သည်းကြေကွဲ ဘာဝဝယ် ပြ၍ဆိုဖွယ်ရာ မရှိနိုင်တော့ပါပြီ။

မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရင်ဖွင့်တိုင်တည်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှုခဲ့သည့် သူမကိုယ်တိုင် ဘယ်လောက် ခံနိုင်ရည်ရှိနိုင်မှာ တဲ့လဲ။ အပြင်ပန်းသဘောမှာ အင်မတန် မာကျောကျောနိုင် သည့် သူမ နှလုံးသားက ဘယ်အတိုင်းအတာအထိ နူးညံ့ သိမ်မွေ့ခဲ့သလဲ ဆိုတာ သူမကိုယ်တိုင်အပြင် သူကိုယ်တိုင် လည်း သိခွင့်ရခဲ့ ပြီးပြီလေ။

ပန်းချီရယ်...

ကိုယ်တို့ ကံဆိုးကြတယ်...။

ဒါပေမဲ့ ပန်းချီရယ်... ကိုယ်က အရာရာကို ဦးဆောင် နိုင်တဲ့ ယောကျ်ားပါ...။

မဖြစ်နိုင်ဘူးဆိုပြီး ဝမ်းနည်းအားငယ် နေရမယ့်အစား မဟုတ်ဘူးလေ၊ စိုးရိမ်ကြောင့်ကြစိတ်တွေနဲ့ မဝံ့မရဲ ကျိတ်ခဲ မျိုသိပ်နေရရှာတဲ့ မင်းတို့ မိန်းကလေးတွေရဲ့ ဘဝကို ကိုယ် ရင်နာတယ် ပန်းချီရယ်...

ကိုယ်နဲ့ မင်းနဲ့ ဘဝကို အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ကြိုးစားမယ်ဆိုရင် မင်းခံစားခဲ့ရသမျှ အတွက် ကိုယ်ကျေနပ်စွာ ပေးဆပ်ခြင်းအဖြစ် ယုံကြည်ပါကွယ်၊

ကိုယ်က မင်းအတွက် ဘယ်လိုပဲ ပေးဆပ်ပေးဆ





အရာရာဟာ မင်း ခံစားတာလောက်တော့ ထိုက်တန်စွာနဲ့ ထပ်တူဖြစ်မလာနိုင်ဘူး ဆိုတာကိုတော့ ကိုယ် ခံစားနားလည် နေမှာပါ ပန်းချီရယ်။

ပန်းချီအတွက် ကိုယ် ကြိုးစားသမျှတွေဟာ ထပ်တူ မကျတောင်မှ အနည်းငယ်အကျိုးပြုမှု ပေးနိုင်ခဲ့တယ်ဆိုရင်ပဲ ကိုယ် ကျေနပ်စွာနဲ့ ခံယူပေးဆပ်နေမှာပါ ချစ်သူရယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်အပျက် အားလုံးကို ကိုယ် အခုမှ သိခွင့်ရ
တယ်၊ ပန်းချီ ခံစားနေရသမျှ ကိုယ် အခုနားလည်ပါပြ
ကိုယ် အခုလိုနောက်ကျပြီး သိခွင့်ရခဲ့လို့ ကိုယ့်ကို ခွင့်လွှတ်ပ
ကိုယ် ပန်းချီကို သိပ်ချစ်တယ်၊ အရမ်းလဲ သနားတယ်၊ ခွဲလ
မခွဲနိုင်ဘူး၊ ကိုယ်တို့မှာ ဘာအပြစ်မှ မရှိဘူးဆိုတာ ပန်းခ
ယုံတယ် မဟုတ်လားဟင်၊ ကိုယ် ပန်းချီ့ကို လက်ထပ်မယ်"

သူမသည် ဒေါတင်တင့် သမီးအဖြစ် ရွှေတိုက်စိုး
သိရှိခွင့် ရရှိသွားခဲ့ပြီး ဟူသော အသိဖြင့် သူတို့၏ တော်စ
ပတ်သက်မှုများအတွက် အသက်ရှူရပ်မတတ် ခံစားလိုက
ရသည်။ ကိုယ်ချင်းစာနာတရားဖြင့် တုံ့ပြန်လာသည့် ချစ်သူ၏
အကြင်နာ စကားများစွာကို သူမ မကြားဝံ့ မကြားရက်စွ
ကြေကြေကွဲကွဲ လက်ခံခဲ့ရသည်။

"ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး စိုးရယ်၊ ကျွန်





မေမေ့ကို ကတိပေးပြီးခဲ့ပါပြီ၊ အဲဒီ ကတိစကားကိုဖျက်ပြီး
ကျွန်မအတွက်နဲ့ မေမေ့ အသက်ကို မဆုံးရှုံးစေချင်ပါဘူး၊
ကျွန်မ မေမေ့ကို ချစ်တယ်၊ စိုးကိုလဲ မခွဲနိုင်ပါဘူး၊ ဒါပေမဲ့
စိုးရယ် ကျွန်မတို့ ကံဆိုးကြပါတယ်"

"ပန်းချီရယ် ကိုယ် ရင်ကွဲရပါပြီ၊ ပန်းချီကို ကိုယ်ချစ်
တယ်၊ ကိုယ် ကြိုးစားကြည့်ချင်သေးတယ်၊ ပန်းချီ့ကိုလဲ
ကိုယ် လက်ထပ်မယ်၊ သိပ်ချစ်တယ် ပန်းချီရယ်၊ ကိုယ်တို့
ချစ်နေရက်နဲ့ မဝေးပါရစေနဲ့"

သူမ ရင်နင့်ကြေကွဲလွန်းစွာဖြင့် ဦးခေါင်းကို ခါယမ်းပြ
လိုက်သည်။ နီရဲစိုစွတ်နေသည့် ရွှေတိုက်စိုး၏ မျက်ဝန်းများကို
သူမ ရင်ဆိုင်ရန်လည်း ဆန္ဒမရှိတော့ပါ။ ချုပ်တည်းမျိုသိပ်
ခြင်းဖြင့်သာ သူမဘဝကို နာကြည်းကြေကွဲစွာ အဆုံးသတ်ရ
တော့မည်ပဲ။

ရှင့်ထက် အဆပေါင်း ရာထောင်မက ခံစားခဲ့ရသည့်
သူပါကွယ်။ ကျွန်မ ရင်ထဲ ဘယ်လိုရှိနေမယ်ဆိုတာ ရှင်
သိနေခဲ့ရင်။ ရှင့်ရဲ့ တောင်းဆိုသမျှကို လိုက်လျောချင်နေတဲ့
စစ်မှန်တဲ့ ဆန္ဒတွေကို မျိုသိပ်ချုပ်တည်းပြီး ဖွတ်တိုင်းဆန်



www.burmeseclassic.com

www.burmeseclassic.com



နေသမျှ ကျွန်မရင်မှာ ဒဏ်ရာအနာတရ များစွာအတွက် ရှင်လျက်နဲ့ ဘဝသေဆုံး နေရသူပါကွယ်။

"ကျွန်မ ဘာပြန်ပြောရမလဲ စိုး၊ ကျွန်မ ဘာပြန်ပြော သင့်သလဲဟင်၊ ရှင့်ကို ကျွန်မ ဘယ်အထိ ချစ်တယ်ဆိုတာ ရှင် အသိပါ စိုး၊ ကျွန်မ ဆုံးဖြတ်ချက်တွေ ပျက်ယွင်းသွား အောင် ရှင် မစွမ်းဆောင်ချင်ပါနဲ့တော့ စိုးရယ်၊ အမေကို သတ်တဲ့ သမီးမိုက်အဖြစ် ရှင် ကျွန်မကို မြင်ရက်မယ် မထင်ပါဘူး"

ကျွန်မချစ်တဲ့ ရှင့်ကို ရှင့် မေမေအတွက် လိမ္မာတဲ့သား တစ်ယောက်ပဲ ဖြစ်စေချင်ပါတယ်...

"ပန်းချီရယ်... မင်း သိပ်ခံစားနေတာမြင်တိုင်း ကိုယ့် အသိုင်းအဝိုင်းတွေကို မကြည့်ချင်လောက်အောင်ကိုပဲ ခံစား ရတယ်၊ မင်းကို ရှောင်ကြဉ်ပါတော့မယ်၊ ဒါပေမဲ့ ရင်ထဲက ခံစားချက်တိုင်းက ပန်းချီနဲ့ ထပ်တူထပ်မျှဆိုတာ မင်း ယုံကြည်ပါ"

တိုးရှိုက်နှင့်မောဖွယ် ချစ်သူအသံကို သူမ နားစွင့် ငြိမ်သက်နေမိသည်မှအပ စကားမဆိုနိုင်တော့ပါ။ အစား





အသောက် မမှန်နိုင်တော့သော သူမသည် အလူးလူးအလိမ့် လိမ့် မျက်ရည်များစွာဖြင့် မနား ရက်စက်ငိုခဲ့သည့် နေ့ပေါင်း များစွာအတွက် ဟုန်ဝေနေခဲ့ပြီ။

ပီသကြည်မြခြင်း မရှိနိုင်တော့သည့် အိပ်ပျက်ရက် ချက်ကွင်းညိုညိုများ သိသာစွာ နက်ရှိုင်းနေရာယူနေကြလိမ့် မည်။ လှပခဲ့ဖူးသည့် မျက်နှာပြင်သည် ညှိုးလျော့သွေ့ခြောက် နေသည့် ပန်း၏ ပွင့်ချပ်နှင့်သာ တူနေမည်ဟု ထင်သည်။

"ပန်းချီ... ပန်းချီကို ကိုယ် စိတ်မချဘူး၊ မင်း အရမ်း ပိန်နေပြီ၊ ဆေးခန်းတစ်ခုခုကို ကိုယ်နဲ့ လိုက်ခဲ့ပါနော်၊ ကြာရင် ပန်းချီလဲလိမ့်မယ်သိလား၊ ကိုယ့် ဘဝထဲကို ပန်းချီ ဝင်မလာနိုင်ပေမဲ့ ကိုယ် မျက်စိရှေ့မှာ ပန်းချီကိုထားပြီး မင်း စိတ်ချမ်းသာမှုအတွက် ကိုယ် စောင့်ရှောက်ပေးနေ ချင်တယ်"

လီဖျော့သေးသွယ်သည့် အားအင်မဲ့ လက်ဖဝါးများကို ဆုပ်ယူညှစ်ထွေးလျက် တိုးရှိုက်လှိုက်ခါစွာ သူပြောသည်။ မိန်ဖျော့ဝေရီလွန်းသည့် သူမ မျက်ဝန်းညိုများ၏ ကြေကွဲ ရိပ်သည် ရွှေတိုက်စိုး၏ စိုစွတ်သည့် မျက်ဝန်းအစုံတွင်



www.burmeseclassic.com

www.burmeseclassic.com



တည်တံ့သည်။

"စိုး… ကျွန်မကို တကယ်ပဲ စိတ်ချမ်းသာစေချ
သလားဟင်"

တိုးလျမောဟိုက်သည့် သူမ အသံသည် အလွန်တစ်ရေ
သွေ့ခြောက်အက်ကွဲနေမည်ဟု ထင်သည်။

"မင်းဖြစ်ချင်တဲ့ ဆန္ဒကိုသာပြောပါ ပန်းချီရယ်
အခုချိန်မှာ မင်းကိုချစ်တဲ့ သနားတဲ့စိတ်နဲ့ မင်း စိတ်ချမ်းသာ
မှုရမယ်ဆိုရင် ကိုယ် ဘာမဆို လုပ်ပေးနိုင်ဖို့ ဆုံးဖြတ်ထားပါ
တယ်"

"ကျေးဇူးတင်ပါတယ် စိုး၊ ရှင်ဟာ ကျွန်မ ဘဝအတွက်
အသက်နဲ့ ထပ်တူထားပြီး မြတ်နိုးရတဲ့ ချစ်သူပါ၊ ကျွန်မ
ဘဝအတွက် ကျွန်မ စိတ်ချမ်းသာမှုအတွက် ကျွန်မ စိတ်
ချမ်းသာမှုအတွက် ရှင် လိုက်လျော ဖြည့်ဆည်းပေးရမှာ
တခြားမဟုတ်ပါဘူး စိုး… ရှင် ယမုံနာကို လက်ထပ်လိုက်
ခြင်းပါပဲ"

"ပန်းချီရယ်"

ဘယ်လိုမှ ဟန်မဆောင်နိုင်စွာ တားဆီးဟစ်အော်





လိုက်သည့် ရွှေတိုက်စိုး၏ အသံလေး…။

ကျွန်မ ဘဝရဲ့ ကြေကွဲမှုအဆုံးသတ်ဟာ ဒီအဖြေပဲ
ဖြစ်သင့်ပါတယ် ချစ်သူရယ်…။

ရှင်… ကျွန်မကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့…။

"ဘယ်တော့မှ မဆုံစည်းနိုင်တော့မဲ့ ချစ်သူကို နေ့စဉ်
မြင်တွေ့နေလို့ သတိတရတမ်းတပြီး ရင်ကွဲခံစားနေရမယ့်
အတူတူ ရှင် တခြားတစ်ယောက်ကို လက်ထပ်သွားပြီဆိုတဲ့
အသိနဲ့ ရှင့်အပေါ် ကျွန်မ ချစ်ခဲ့သမျှကို ကျွန်မ တစ်ယောက်
တည်း လွတ်လပ်စွာ ဖော်ထုတ်လွမ်းနေနိုင်ခွင့်တစ်ရပ် ရှင်
ဖန်တီးပေးပါ စိုး"

နက်ရှိုင်းစူးရှသည့် ကြေကြေကွဲကွဲ အကြည့်များ
ဆွတ်ပျံ့လွမ်းမောဖွယ် ရင်နင့်ထိခိုက်စွာ ဆုံစည်းကြ၏။
တစ်ဦးကိုတစ်ဦး နားလည်ခွင့်လွှတ်နိုင်စွာ အပြစ်မယူ ငြူစူ
စကားမဆိုခဲ့ကြပါ။

နှလုံးသွေးဖြင့် ချစ်စကား ဆိုခဲ့ကြပြီးပါပြီ…။

သိထားဖို့ မလိုအပ်တော့သည့် အစိပ္ပာယ် ကိုယ်စီနဲ့ပါ
ကွယ်…။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားမှာ ခါးသီးတဲ့ ဝေဒနာတွေနဲ့ ဖြစ်တည်နေရတဲ့ သူမရဲ့ ခံစားမှုတွေကို ဘယ်လိုနည်းနဲ့မှ အစားထိုးကုသပေးလို့ မရနိုင်တော့တဲ့အတူတူ . . .

ဖြစ်တည်လို့ မရနိုင်တော့တဲ့ ယိုစိမ့်ထွက်ပြီး တမြည့်မြည့် လောင်ကျွမ်းနေရတဲ့ နှလုံးသားတစ်စုံနဲ့ ဒီဘဝမှာ ဒီမျှသာပဲလို့ ဝွေးလိုက်မိရပါပြီ ချစ်သူရယ် . . .။

* * *





မြတ်နိုးရသည့် ချစ်သူကို အမုန်းဆိုသည့်အရာ မပါရှိပါ။ ထာဝရပြီးတိုင် စွန့်လွှတ်ကျောခိုင်းခဲ့ရသည့် ဘဝကံကြမ္မာရှိုင်းအတွက် သူမ နာကြည်းကြေကွဲ၏။ တိတ်ဆိတ်သည့်ညများသည် သူမ ပင်ပန်းနွမ်းနယ်သမျှ အိပ်စက်၍မရဘဲ ချစ်သူကို သတိရလွမ်းဆွတ်နေစေရန်သာ ဖန်တီးလျက်ရှိကြသည်။

စိုးရယ် ကျွန်မတို့ အဖြစ်တွေက ဘယ်တော့မှ မဆုံနိုင်တော့တဲ့ မျဉ်းပြိုင်နှစ်ခုလိုပါပဲ။ ဆုံးစည်းခွင့်ဆိုတာ ကျွန်မတို့ ချစ်သူနှစ်ဦးကြားမှာ ပါမလာနိုင်ခဲ့တာဟာ ရှေးဘဝက ဆုတောင်းနည်းခဲ့တာကြောင့်လားဆိုတာ ကျွန်မ ယုံမှားသံသယ ဝင်နေမိရပါပြီကွယ်။ အခုဘဝမှာ ကျွန်မ အသက်နဲ့ထပ်တူ ချစ်မြတ်နိုးရတဲ့ စိုးနဲ့ မပေါင်းခဲ့ကြရင် နောင်ဘဝဆိုတာ ရှိခဲ့ရင်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်လျက်နဲ့ ဝေးရသည့် ဘဝများစွာ အချစ်များစွာရှိ၍ နေဦးမည်ဆိုလျှင်တော့ ချောင်းစီးနေသည့် နှလုံးသွေးစက်များစွာကြားမှ ကြေကွဲနှင့်ဆို့ဖွယ်ရာ ငိုရှိုက်သံများကို အထီးကျန်သူတိုင်း ကြားနာခွင့်ရနိုင်ကြမည် ထင်၏။

"ပန်းချီ ကိုယ့် ကျန်းမာရေးကို ဂရုစိုက်ဦး"

ဟု အကြိမ်ကြိမ် သတိပေးလာသည့် အန်တီမာနှင့် နှင်းတို့၏ စကားများသည် သူမနှင့် မည်သို့မှ သက်ဆိုင်ပတ်သက်ခြင်း မရှိသလို၊ မည်သည့် နှလုံးသားသဲ့သဲ့လေးဖြင့် ချစ်သူ၏ သတင်းစကားများကို တိတ်တဆိတ် နားစွင့်နေခဲ့မိသေးသည်။

သူမအတွက်ကတော့ဖြင့် ခုချိန်မှာ ဘယ်သို့သော အကြောင်းအရာ တစ်စုံတစ်ရာကိုမျှ သက်ဆိုင်ပတ်သက်ခြင်း မရှိတော့သလို ခံစားရပေမဲ့ သူမချစ်တဲ့ ချစ်သူ စိုးနှင့်ပတ်သက်လာလျှင်တော့ ဘာမှ မပြောပလောက်သည့် အကြောင်းအရာ ကိစ္စလောက်ကိုမဆို သူမအတွက် လေးနက်ကြီးကျယ်သော ကိစ္စများအဖြစ် ခံစားနားလည် ပေးနေမိမှာကတော့





အသေအချာပဲ ဖြစ်လေသည်။

ဒီဆုံးဖြတ်ချက်ကတော့ဖြင့် သူမ ဘယ်ဘဝရောက်ရောက် ဘယ်နေရာရောက်ရောက် ချစ်သူကောင်းစားရေးအတွက် အမြဲက ထည့်စဉ်းစားပေးမည်။ သူမ၏ ခိုင်မာသော သံမဏိ ဆုံးဖြတ်ချက်တစ်ခုပဲ ဖြစ်ပေသည်။

BURMESE CLASSIC အန်တီမာ၊ နှင်းနှင့် မေမေတို့၏ တီးတိုးစကားသံများကိုလည်း သူမ ထင်သလောက် စိတ်မဝင်စားနိုင်တော့ပါ။ အရာရာသည် သူမနှင့် မသက်ဆိုင်တော့ဟု ထင်သည်။ သေချာတာကတော့ မေ့ပန်းချီဆိုသည့် သူမသည် အားလုံးကို သက်မြောက်အရှုံးပေးခဲ့သူပဲ ဖြစ်သည်။

အချိန်နာရီများသည်လည်းကောင်း၊ အစားအသောက်များသည်လည်းကောင်း၊ သူမအတွက် မည်သည့် အဓိပ္ပာယ်၊ မည်သည့် မျှော်လင့်ချက်ကိုမှ မဆောင်ကြဉ်းပေးနိုင်ကြတော့ပါ။

"ပန်းချီရယ် မင်းကိုယ်မင်း အခုလို ပစ်ပစ်ခါခါကြီး နေပါနဲ့၊ ကြာရင် မင်းဒုက္ခဖြစ်လိမ့်မယ်၊ အရာရာ ပုံမှန်အနေ



www.burmeseclassic.com

www.burmeseclassic.com



အထားဖြစ်အောင် ဂရုစိုက်ပါကွယ်”

အလွန်တစ်ရာ အားစက်ထုံဝေနေပြီဖြစ်သော သူမ အပြု အမူများသည် နှင်းကို ထိတ်လန့်တုန်လှုပ်စေလိမ့်မည်ဟု သူမ မယုံကြည်ပါ။ အငွေ့သေနေပြီဖြစ်သော အစား အသောက်များကို ပြန်လည်သိမ်းဆည်းတိုင်း နှင်း၏လက်များ အမြဲလို တုန်ယင်နေတတ်သည်။ ဘာကြောင့်ဟု သူမ မစဉ်း စားပါ။

ပွင့်နေသည့် ပြတင်းမှ နက်မှောင်သည့် အဟူရာ ကောင်းကင်ကိုသာ အဆုံးမဲ့ ငေးမောနေမိသည်။ သူမ၏ နေ့စဉ်မှတ်တမ်းများတွင် ရေးသားနိုင်ရန် အကြောင်းအရာ များစွာ ပျောက်ဆုံးနေခဲ့ပြီဖြစ်သည်။

“သမီး အရမ်းပိန်ပြီး သိပ်အားနည်းနေတယ် မဟုတ် လား၊ မေမေ ဆရာဝန်ပြကြည့်ချင်တယ်”

“ကျွန်မ နေကောင်းပါတယ် မေမေ၊ ညက အိပ်ရာဝင် နောက်ကျလို့ပါ၊ ကျွန်မအတွက် စိတ်မပူပါနဲ့၊ မေမေ့ ကျန်းမာရေးကိုသာ ဂရုစိုက်ပါ”





မေမေ၏ စိုးရိမ်စကားများကို သူမ တိကျမှန်ကန်စွာ ဖြေဆိုပိတ်ပင်ခဲ့သည်။ သူမတွင် ဖျားနာနေသည့် လက္ခဏာ တစ်စုံတစ်ရာ မရှိခဲ့တာ သေချာသည်။ သိသာစွာ ပျက်ယွင်း သွားသည့် မေမေ့ မျက်နှာပြင်ကို အဓိပ္ပာယ်မဲ့ ကြောင်စီနေသည့် မျက်ဝန်းများဖြင့်  ကြည့်နေမိသည်။

သူမ ဖြစ်စေချင်သည့် ဆန္ဒတစ်ရပ်ကို ဖြည်းဆည်းပေး နိုင်ရန်အတွက် ယမုံနာဆိုသည့် မိန်းကလေးကို ရွှေတိုက်စိုး လက်ခံခေါင်းညိတ်လိုက်သည့်နေ့တွင် သူမ သတိလက်လွတ် မူးမေ့သွားခဲ့သည်။

ထိုအချိန်မှ အစပြု၍ သူမ ဘဝသည် ကြေကွဲစွာပြီးဆုံး သွားသည်။ အိပ်စက်ခြင်းများကိုယ်စား တွေဝေငေးမောခြင်း တို့သည်သာ ကြီးစိုးမင်းမူကြသည်။ စိတ်ဆန္ဒ၏ အလိုကို ခန္ဓာကိုယ်က တိကျစွာ လိုက်ပါ မဆောင်ရွက်နိုင်ခဲ့တာ သေချာသည်။

ညှိုးပျော့ဝေရီသည့် မျက်ဝန်းမှိန်းမှိန်းများ လိုးဖျော့ဖျော့ ခန္ဓာကိုယ် အားစက်စက်လက်ဖျား ခြေဖျားများသည် သူမ

www.burmeseclassic.com



ဘဝ၏ ကျုရှုံးခန်းထဲတွင် အမိက ပါဝင်ပတ်သက်ခဲ့သည့် အစိတ်အပိုင်းများပဲ ဖြစ်သည်။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ စကားပြောဆိုစိတ်မရှိ။ မမြင်လိုတော့ပါ။

'ချစ်တတ်တာအပြစ်' ဟု ဆိုကြသည့်သူများကို သူမ ပြင်းထန်စွာ နာကျင်မုန်းတီး သွားခဲ့ပြီဖြစ်သည်။ သို့မဟုတ် စိတ်ကုန်သွားတာလည်း ဖြစ်နိုင်သည်။ သူမ အာခေါင်များ သွေးခြောက်လျက် ခန္ဓာကိုယ်တစ်ခုလုံး ခြစ်ခြစ်တောက်ပူပြီး ဖျားနာနေသည့် အချိန်အထိ မည်သူကိုမျှ အတွေ့မခံတော့ပါ။

ရီဝေမှုးမိုက်စွာ ဦးခေါင်းကို ထောင်မတ်နိုင်စွမ်းမျိုး သည့် အချိန်ပိုင်းအထိ ရွှေတိုက်စိုးနှင့် ပတ်သက် သက်ဆိုင် သမျှကို သူမအပါးတွင် ရှိနေခဲ့သည်။

ဘယ်လိုမှ မချုပ်ထိန်းနိုင်တော့စွာ ကော်ဖီရောင်မည်း ညစ်ညစ်များကို အော့အန်သွန်ထုတ် အပြီးတွင် သူမသည် လောကကြီးနှင့် အဆက်ပြတ် ကင်းကွာသွားခဲ့ပြီဖြစ်သည်။

* * *





"ပန်းချီ မင်း စိတ်ထဲမှာ ဘာတွေဖြစ်ချင်နေသလဲဟင်၊ ဘယ်သူတွေကို တွေ့ချင်လဲ၊ နှင်း စီစဉ်ပေးမယ်နော်၊ မင်း ဖြစ်ချင်တာတွေကို ပြောပါ၊ မင်းရဲ့ ဆန္ဒတွေပြည့်အောင် နှင်း ကူညီပေးမယ်"

သူမ ရင်ထဲမှာ အတိုင်းမသိ နာကျင်သွားသည်။ ရွှေတိုက်စိုးကို တွေ့ချင်သလားဟု ဘာကြောင့်များ တိုက်ရိုက် မမေးနိုင်ကြရပါလိမ့်...။

ရွှေတိုက်စိုးကို တွေ့ချင်သလားဟု ဘာကြောင့်များ တိုက်ရိုက်မမေးနိုင်ကြရပါလိမ့်...။

သူမ ကြေကြေကွဲကွဲ ပြုံးသည်။ မချိပြုံးလေး... ဘယ်လိုမှ မချိနိုင်သည့်အပြုံးမျိုး။



www.burmeseclassic.com

www.burmeseclassic.com



သူမဆန္ဒတဲ့...။

သူမ ဆန္ဒဘာလဲဆိုတာ တကယ်မသိနိုင်ကြတာလား

ဟားတိုက်ရယ်မောရှဲ လှောင်ပြောင်သရော် လိုက်ချင်ပါသည် နှင်းရယ်...။

ကျွန်မကို မကျီစားချင်ပါနဲ့တော့လား...။

ကျွန်မ နှလုံးသားမှာ ခံနိုင်ရည် လုံးဝမရှိတော့လို့ပါ...။

သူမ နှလုံးအိမ်တွင် စွန်းပေနစ်ဝင်နေသည့် ဒဏ်ရာပေါင်းများစွာကြားတွင် သူမ၏ စစ်မှန်သည့် ဆန္ဒများစွာကို မြုပ်နှံသင်္ဂြိုဟ်ခဲ့ပြီးပြီလေ။

အသစ်ထုတ်ယူဖို့ မကြိုးစားစမ်းပါနဲ့၊ အခုအချိန်မှာ သူမ အလိုလား အတောင့်တဆုံး ဆန္ဒက တစ်ခုတည်းပါ။ အဲဒါကတော့ ငြိမ်းအေးခြင်းများစွာနဲ့ သေခြင်းတရားကို သူမ အလိုရှိနေတယ်ဆိုတာပါပဲ။

"နှင်း အရမ်း မိုက်မှုနေတယ် ပန်းချီရယ်၊ ကိုယ့်ကို မင်းတစ်ခုခု ပြောလိုက်စမ်းပါနော်"

သူမ၏ အေးစက်စက် လက်ကလေးများပေါ်သို့





ခုနွေးစိုစွတ်သည့် အရာများ ကျလာသည်။

နှင်းရယ်...

အခုချိန်မှာ မင်းရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်မ သိနေပါတယ်။ နှင်းရဲ့ အဲဒီခံစားချက်တွေ အပေါ်မှာ ကျွန်မ စိတ်တွေ ဘယ်လိုမှ ညှတ်နူးပျော့ပျောင်းခြင်း မရှိနိုင်တော့တာ ဝမ်းနည်းပါတယ် နှင်း။

"ဒီမယ် လူနာကို သိပ်စကားမပြောရင် ကောင်းမယ်ရှင့်၊ သူ့ အခြေအနေက စိုးရိမ်ရလို့ပါ"

တိုးတိုးသဲ့သဲ့ စကားသံလေးက သူမ၏ ပါးလှပ်သည့် နားစည်ကို ရိုက်ခတ်သွားခဲ့၏။ အငိုခနဲ တိုးကျိတ်စွာ ရှိုက်ငိုလိုက်သည့်အသံလေး။

ဘယ်လိုမှ ဟန်မဆောင်နိုင်စွာ ခံစားကြေကွဲသွားတာပဲ ဖြစ်မည်။

သူမ ဝမ်းမနည်းပါဘူး။ ဒီအခြေအနေကို မရောက် ရောက်အောင် ဖန်တီးပေးပို့ခဲ့ကြသည့်သူတွေ။ အခုချိန်ရောက် မှတော့ ဝမ်းသာစွာ လက်ခုပ်တီး အနိုင်ယူသင့်ပါပြီလို့။